စိတ်ကူးချိုချိုအနုပညာ

# မြန်မာ့လယ်ယာမြေစနစ်

## ဟောင်ထင်

၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ

Two Year Plan of

Economic Development for BURMA

မြေယာစနစ်တော်လှန်ရေး (ဗဟိုမြေယာကော်မတီ)

တို့ကို ဖြည့်စွက်ရိုက်နှိပ်သည်။



ဒုတိယအကြိမ်

mgyoe.com

# မြန်မာ့လယ်ယာမြေစနစ်

မောင်ထင်

၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ
Two Year Plan of
Economic Development for BURMA
မြေယာစနစ်တော်လှန်ရေး (ဗဟိုမြေယာကော်မတီ)
တို့ကို ဖြည့်စွက်ရိုက်နှိပ်သည်။



MGH0006
3,500.00 KS

m gyoe.com
မြန်မာ့လယ်ယာမြေစနစ်
မောင်ထင်

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၀၆၈ ၀၁၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၁၃၆ ၀၂၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဓာတ်ပုံ | - | အမ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၃၄၈
မောင်ထင်
မြန်မာ့လယ်ယာမြေစနစ် /
မောင်ထင် - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂၊
စာမျက်နှာ ၃၂၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) မြန်မာ့လယ်ယာမြေစနစ်

၂၀၁၂၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ကျောင်းဈေး ၃၅၀၀ ကျပ်

mgyoe.com

mgyoe.com

လယ်လုပ်သူပင်
ကြား မြင် မှတ်သား အစဉ်
လေ့လာ အံကျက် သင်
ဆည်းပူးလာလို့ပင်
နိုင်ငံအကျိုးရှိရာတွင်
ပညာဂုဏ်ပင်
ထမ်းရွက်သယ်ပိုးအစဉ်။

– မြို့မငြိမ်း
'မင်းရာဇာ' သီချင်း။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


နိဒါန်း ၁

မြန်မာ့လယ်ယာမြေစနစ် ၇

(မောင်ထင်)

-

နောက်ဆက်တွဲ (က)

လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ၁၄၁

**Two-Year Plan of**

**Economic Development for Burma** ၂၁၇

နောက်ဆက်တွဲ (ခ)

မြေယာစနစ်တော်လှန်ရေး ၃၀၁


*

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံသည် မြေယာအားလုံး၏ ပင်ရင်း ပိုင်ရှင် ဖြစ်သည်။

ဤအခြေခံသဘောတရားအရ ပြည်ထောင်စု မြန်မာနိုင်ငံဟူ၍ တည်ထောင်သည်နှင့် တစ်ပြိုင်နက် နိုင်ငံအစိုးရသည် မြေယာပိုင်ခွင့် စနစ်များကို စည်းမျဉ်းတကျဖြစ်စေရန် သော်လည်းကောင်း၊ လွှဲပြောင်းရန် သော်လည်းကောင်း၊ ဖျက်သိမ်းရန် သော်လည်းကောင်း မည်သည့်မြေယာကိုမဆို ပြန်လည်သိမ်းယူ၍ ထိုမြေယာကို စုပေါင်းစိုက်ပျိုးရေးအတွက် ဖြစ်စေ၊ သမဝါယမ စိုက်ပျိုးရေးအတွက်ဖြစ်စေ၊ လယ်သီးစားသမားများသို့ဖြစ်စေ ဝေငှပေးရန် လယ်ယာမြေ ပြည်သူပိုင် ပြုလုပ်ရေးစနစ်နှင့် စီမံကိန်းများကို ချမှတ်ခဲ့လေသည်။ ဤစနစ်ကြောင့် ယခုအခါ မည်သူမျှ မြေယာအမြောက်အမြားကို ပိုင်ဆိုင်နိုင်သော အခွင့်အရေး မရှိတော့ချေ။ ဤသည်ကား မြေရှင်စနစ်ကို ဖျက်သိမ်း၍ ကိုယ်တိုင် လုပ်ကိုင်သူ စိုက်ပျိုးရေးသမား တစ်သီးပုဂ္ဂလများကိုဖြစ်စေ၊ အစုအပေါင်းများကိုဖြစ်စေ လုပ်ပိုင်ခွင့်ပေးအပ်ရန် ပြဋ္ဌာန်းသည့် အဓိပ္ပာယ်ဖြစ်သည်။

အထက်ပါ သဘောသွားအတိုင်း ပြည်ထောင်စု မြန်မာနိုင်ငံသည် လယ်ယာမြေ ပြည်သူပိုင်လုပ်ငန်းကို အကောင်အထည်ဖော်ခဲ့၏။ ရှေးဦးစွာ ၁၉၄၈ ခုနှစ် လယ်သီးစားဥပဒေကို ပြဋ္ဌာန်း၍ ကိုယ်ပိုင်လယ်ကို ကိုယ်တိုင် လုပ်ကိုင်သူများနှင့် သူတစ်ပါးလယ်ကို လယ်သီးစားအဖြစ်ဖြင့် အငှားလုပ်ကိုင်သူ အားလုံးတို့သည် မိမိတို့ လုပ်ကိုင်နေဆဲ လက်ငုတ်လက်ရင်းတို့ကို ဆက်လက် လုပ်ပိုင်နိုင်ခွင့် ရှိစေရမည်ဟု သတ်မှတ်ပေးခဲ့၏။ လယ်ဧက ၅၀ အထက် ပိုင်ဆိုင်သော မြေပိုင်ရှင်တို့၏ ဧက ၅၀ မှပိုသော လယ်မြေများကို သိမ်းယူ၍ လယ်လုပ်ရန်အလိုရှိသော လုပ်သားတို့အား ချထားပေး

mgyoe.com

mgyoe.com

ရမည်ဟူ၍လည်း သတ်မှတ်ခဲ့၏။ ဤကား လယ်ယာမြေ ပြည်သူပိုင်လုပ်ငန်း၏ ရှေ့ပြေးဖြစ်သည်။

သို့ရာတွင် ၁၉၅၃ ခုနှစ်တိုင်အောင် လယ်ယာမြေ ပြည်သူပိုင်လုပ်ငန်းသည် အနှောင့်အယှက် အတားအဆီးတို့ကို တွေ့ခဲ့ရ၏။ ၁၉၄၈ မှ ၁၉၅၃ အထိ ငါးနှစ်တာ ကာလအတွင်း၀ယ် ထိုလုပ်ငန်းမှာ မြေစမ်း ခရမ်းပျိုး ဆိုဘိသကဲ့သို့သာရှိသည်။

၁၉၅၃ ခုနှစ်သို့ ရောက်သောအခါ လယ်ယာမြေ ပြည်သူပိုင် အက်ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။ ထိုသည်မှစ၍ လယ်ယာမြေ ပြည်သူပိုင်လုပ်ငန်းကို စတင်အကောင်အထည်ဖော်ခဲ့ရာ ၁၉၆၂ ခုနှစ် စီးပွားရေးစစ်တမ်း၏ အဆိုအရ ၁၉၅၈–၅၉ ခုနှစ်တွင် ခရိုင်ပေါင်း ၃၂ ခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ၁၀၆ မြို့နယ်တို့၌ လယ်မြေဧကပေါင်း ၃,၃၄၆,၂၀၉ ဧကကို လယ်ယာမြေ ပြည်သူပိုင် ဥပဒေနှင့်လျော်ညီစွာ နေရာချထားပေးပြီး ဖြစ်ခဲ့လေသည်။ သို့ရာတွင် ထို ၁၉၅၈–၅၉ ခုနှစ်တွင် လုပ်ခဲ့ပြီးသော ပြည်သူပိုင်လုပ်ငန်းတို့ကို ပြန်လှန်စစ်ဆေးသုံးသပ်ရန် အလို့ငှာ လယ်ယာမြေ ပြည်သူပိုင် ပြုလုပ်ရေးကို ခေတ္တရပ်ဆိုင်းထားခဲ့လေသည်။

၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဖွဲ့စည်းပြီးသည့်နောက် လယ်ယာမြေ ပြည်သူပိုင်လုပ်ငန်းနှင့် စပ်လျဉ်းသော မပြေ ကျန်ရှိနေသေးသော ပြဿနာအရပ်ရပ်ကို ဖြေရှင်းရင်းနှင့် စနစ်ဟောင်းတို့ကို ဖျက်သိမ်း၍ မြေယာတော်လှန်ရေး လုပ်ငန်းကြီးကို အကောင်အထည်ပေါ်အောင် ကြိုးပမ်းလာလေသည်။ ဤကိစ္စအလို့ငှာ တောင်သူလယ်သမား ပြဿနာအရပ်ရပ်တို့ကို တင်ပြနိုင်ကြစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၆၂ ခု ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့အထိ အုန်းတော တောင်သူလယ်သမား ဆွေးနွေးပွဲကို လည်းကောင်း၊ ၁၉၆၃ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှ ဖေဖော်ဝါရီလ ၁ ရက်နေ့အထိ ဒူးယားတောင်သူလယ်သမား ဆွေးနွေးပွဲကို လည်းကောင်း၊ ၁၉၆၃ ခု ဒီဇင်ဘာလ ၃၀ ရက်နေ့မှ ၁၉၆၄ ခု ဇန်နဝါရီလ ၂ ရက်နေ့အထိ ပုပ္ပားတောင်သူလယ်သမား ဆွေးနွေးပွဲကို လည်းကောင်း၊ ၁၉၆၄ ခု မတ်လ ၂ ရက်နေ့မှ မတ်လ ၆ ရက်နေ့အထိ ခပေါင်း တောင်သူလယ်သမား ဆွေးနွေးပွဲကို လည်းကောင်း၊ ၁၉၆၅ ခု ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှ မတ်လ ၂

mgyoe.com

mgyoe.com



ရက်နေ့အထိ ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ကောင်သူလယ်သမား ဆွေးနွေးပွဲကိုလည်းကောင်း အသီးသီး ကျင်းပခဲ့လေသည်။

ဤသို့ ဆွေးနွေးခဲ့ကြသည်တွင် ၁၉၆၃ ခုနှစ်၌ တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့် ဥပဒေဟူ၍ ဖြစ်ထွန်းလာခဲ့သည်။ ၁၉၆၅ ခုနှစ်၌လည်း လယ်သီးစားခတို့ကို အပြီးအပိုင် ဖျက်သိမ်းလိုက်သော ဥပဒေဖြစ်ထွန်းလာခဲ့သည်။ အနာဂတ်အလားအလာကို ကြည့်သော် မြေယာကော်မတီများသည် လယ်ယာမြေ ပြည်သူပိုင် ပြုလုပ်ရေးကို ရှေးကထက်ပိုမို၍ စနစ်ကျအောင် အခိုင်အမာ လုပ်ဆောင်သွားကြဖွယ်ရာရှိသည်။ တောင်သူလယ်သမားကောင်စီ ဖွဲ့စည်းပြီးသောအခါ၌ မြေယာစနစ် တော်လှန်ရေး၏ အနှစ်သာရဖြစ်သော စိုက်ပျိုးရေး ထုတ်လုပ်ရေးတို့ကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်နှင့်အညီ လုပ်ဆောင်သွားကြရပေဦးမည်။ ထိုအခါ တောင်သူလယ်သမားတို့သည် မိမိတို့၏စီးပွားရေး၊ လူမှုရေးနှင့်တကွ စီမံအုပ်ချုပ်ရေးတို့ကို မိမိတို့ကိုယ်တိုင် လုပ်ဆောင်လာနိုင်သော အဆင့်သို့ရောက်ရှိလာလိမ့်မည်။

ယခုကဲ့သို့ အဆင့်ဆင့် ဖြစ်ထွန်းလာသည်မှာ အလွယ်တကူနှင့် ဖြစ်ထွန်းလာခြင်း မဟုတ်ချေ။ လယ်ယာမြေ ပြည်သူပိုင်ဟု ပြဋ္ဌာန်းသည့်အချိန်မှစ၍ ကျွန်ုပ်တို့ အမျိုးသားများသည် ဆန့်ကျင်ဘက် သဘောတရားများကို ရင်ဆိုင်ခဲ့ရသည်။ အထူးသဖြင့် ၁၉၅၀ ပြည့်နှစ်တွင် နိုင်ငံခြားသား မြေပိုင်ရှင်တို့သည် လယ်ယာမြေ ပြည်သူပိုင်စနစ်ကို ဆန့်ကျင်တိုက်ဖျက်ရန် ကြိုးပမ်းခဲ့ကြသည်။ ပြည်တွင်း၌လည်း လယ်ယာမြေစနစ် တော်လှန်ရေး သဘောတရားကို မမိသောသူတို့သည် မိမိအကျိုးကိုပင် မိမိဆန့်ကျင်ဘိသကဲ့သို့ ပြုကျင့်လာကြသည်။

ယင်းအခြေအနေ၌ စာရေးသူသည် သတင်းစာသမားတစ်ဦး ဖြစ်သည့်အလျောက် နိုင်ငံတော်၏ ပေါ်လစီကို ပြည်တွင်းပြည်ပတို့က တိုက်ခိုက်လာသည့်အခါ ပြန်လည်ခုခံ ကာကွယ်ရန် တာဝန်ရှိသည်ဟု ယူဆမိသည်။ ထို့ကြောင့် သူ့ခေတ်နှင့်သူ ဖြစ်ပေါ်လာသော အခြင်းအရာတို့ကို ဆင်ခြင်သုံးသပ်၍ သတင်းစာနှင့် မဂ္ဂဇင်းတို့တွင် မြန်မာ့ လယ်ယာမြေစနစ်နှင့် စပ်လျဉ်းသော ဆောင်းပါးတို့ကို အခါအခွင့်သင့်တိုင်းပင် ရေးသားခဲ့ပါသည်။ ယင်းသို့ ရေးသားသော ဆောင်းပါးများအနက် ၁၉၅၂ ခုနှစ် နိုဝင်ဘာလမှစ၍ ၁၉၅၃ ခုနှစ် စက်တင်ဘာလအထိ သွေးသောက် မဂ္ဂဇင်းတွင် ရေးသား

mgyoe.com

mgyoe.com


သော "ဗမာ့လယ်ယာမြေစနစ်" ကို မူရင်း အခြေခံထား၍ ထိုဆောင်းပါးများကို အထောက်အကူပြုသည့် အခြားဆောင်းပါးတို့ကို နောက်ဆက်တွဲအဖြစ်ဖြင့် စုပေါင်းကာ ယခု ဤ "မြန်မာ့လယ်ယာမြေစနစ်" တည်းဟူသော စာအုပ်ကို ထုတ်ဝေပါသည်။

နောက်ဆက်တွဲ (က) မှာ လယ်ယာမြေ ပြည်သူပိုင် လုပ်သည်နှင့် အိန္ဒိယနိုင်ငံရှိ မြေရှင်ကြီးတို့က လျော်ကြေးကိစ္စ အလို့ငှာ အရေးဆိုကြသည့် အခါ ဤအရေးအခင်းနှင့် စပ်လျဉ်း၍ ရေးသားသော ဆောင်းပါး ဖြစ်ပါသည်။

နောက်ဆက်တွဲ (ခ) မှာ မြန်မာ့လယ်ယာမြေစနစ် စာကိုယ်တွင် သာမန်အားဖြင့်သာ ဖော်ပြခဲ့သော မြန်မာနိုင်ငံ လူဝင်လူထွက် ကိစ္စကို အတန်ငယ်ဖွင့်ဆိုထားသော ဆောင်းပါး ဖြစ်ပါသည်။ ထိုဆောင်းပါးသည် အလုပ်သမားအရေးတော်ပုံနှင့်သာ ပတ်သက်သော ဆောင်းပါးဖြစ်စေကာမူ မြန်မာနိုင်ငံတွင် တောင်သူလယ်သမားအရေးနှင့် အလုပ်သမားအရေးတို့မှာ နိုင်ငံခြားသားလူဝင်လူထွက်ကိစ္စ၌ ဆက်စပ်နေလေရကား ဤဆောင်းပါးကြောင့် အချက်အလက်တို့ ပို၍ပြည့်စုံလာလိမ့်မည်ဟု သဘောရရှိပါသည်။

နောက်ဆက်တွဲ (ဂ) သည်ကား ယနေ့ကြိုးပမ်းဆဲ ဖြစ်သော မြန်မာ့မြေယာစနစ် တော်လှန်ရေး၏ လက္ခဏာတို့ကို ပြဆိုပါသည်။ မြေယာစနစ်တော်လှန်ရေးလုပ်ငန်းသည် မြေယာနှင့် ပတ်သက်နေသော တောင်သူလယ်သမားတို့၏လုပ်ငန်း ဖြစ်ပါသည်။ တောင်သူလယ်သမားနှင့် ပတ်သက်သောလုပ်ငန်းကို တောင်သူလယ်သမားတို့က လုပ်မှသာလျှင် နည်းလမ်းမှန်သည်။ တောင်သူလယ်သမားတို့က လုပ်ကြစို့ဟု ဆိုလျှင်လည်း မိမိတို့၏ အလုပ်ကို မိမိတို့က သဘောတရား ပိုင်ပိုင်နိုင်နိုင် သိရှိမှသာလျှင် နေရာကျလိမ့်မည်။

ယခု ဤစာအုပ်တွင်ပါရှိသော ဆောင်းပါးတို့သည် လယ်ယာမြေစနစ်အဆင့်ဆင့် ပြောင်းလဲလာပုံကို လည်းကောင်း၊ လယ်ယာမြေ တော်လှန်ရေးလုပ်ငန်းကို အဆင့်ဆင့် ဆောင်ရွက်လာပုံကို လည်းကောင်း မှတ်တမ်းတင်ထားသော ဆောင်းပါးများဖြစ်သည်။ ယခင်က အခြေနှင့် ယခုအခြေကို အလွယ်တကူ နှိုင်းယှဉ် ကြည့်နိုင်ကြပါစေရန် ဆောင်းပါးများ၌ ပါရှိသော အချက်အလက်တို့ကို နောက်ထပ် ဖြည့်စွက်ခြင်းမပြုဘဲ မူလအတိုင်း တင်ပြထားပါသည်။

ဆောင်းပါးများတွင်ပါရှိသော အချက်အလက်၊ စာရင်းအင်းဇယား

mgyoe.com

mgyoe.com



စသည်တို့ကို ကိုးကားထားသော စာအုပ်စာတမ်းတို့ဖြင့် ပြန်လည် ညှိနှိုင်း သုတ်သင် ပြင်ဆင်ထားပါသည်။ သို့ရာတွင် ဤစာအုပ်ကို ဖတ်ရှုသူတို့သည် မစင်ကြယ်သေးသော အမှားတို့ကို တွေ့ရှိခဲ့ပါလျှင် စာရေးသူအား ညွှန်ပြပါရန် မေတ္တာရပ်ခံလိုပါသည်။

သတင်းစာဆရာတို့မည်သည် ရောက်ဆဲကာလကို မျက်မှောက်ပြု၍ ထိုကာလနှင့် စပ်ဆိုင်သော အဖြစ်အပျက်၊ အတွေးအခေါ်၊ အမြော်အမြင်၊ အယူအဆတို့ကို တင်ပြကြစမြဲ ဖြစ်သည်။ ယင်းတို့သည် ပစ္စုပ္ပန်ကိုသာ ပဓာနပြု၍ မှတ်တမ်းတင်ကြသည်။ တစ်ခါတစ်ရံ အတိတ်ကို နောက်ခံကား ပမာ အသုံးချကြ၏။ တစ်ခါတစ်ရံ အနာဂတ်ကိုလည်း မျှော်ကြည့်၏။ သို့သော် သူ့အလုပ်မှာ ပစ္စုပ္ပန်ကိုသာ လေ့လာသော အလုပ်ဖြစ်ရကား သမိုင်းဆရာတို့ကဲ့သို့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် သုံးပါးစလုံးကို ပြည့်ပြည့်စုံစုံ ငုံမိချင်မှ ငုံမိမည်။ ဆွေးနွေးရာ၌လည်း အဆိုအချေဟု ရှိလေရာ၊ သတင်းစာဆရာသည် မိမိနှင့်ဆိုင်သော ကာလအတွက် အဆိုအချေတို့ကိုသာလျှင် မူတည်၍ ဆွေးနွေးနိုင်သည်။ သမိုင်းဆရာတို့ကဲ့သို့ နှစ်ပေါင်း ရာထောင်မကသော ပရိစ္ဆေဒကို မိမိရှေ့၌ ဖြန့်၍ချပြီးလျှင် စိမ်ပြေနပြေ အေးအေးဆေးဆေးနှင့် ဆွေးနွေးခြင်းငှာ မတတ်နိုင်ချေ။ ထို့ကြောင့် ဆွေးနွေးချက်တို့သည် ပြည့်စုံချင်မှ ပြည့်စုံပေလိမ့်မည်။ သတင်းစာဆရာမှာ အကြောင်းခြင်းတတို့ကို ပူပူနွေးနွေး ရင်ဆိုင်၍၊ ပူပူနွေးနွေး သုံးသပ်ဝေဖန်ခြင်း ပြုလေရာ နှောင်းခေတ် မျက်စိဖြင့်ကြည့်သော် ယထာဘူတ ကျသည်ကိုလည်း တွေ့ရတတ်၏။ မကျသည်ကိုလည်း တွေ့ရတတ်၏။ သတင်းစာဆရာတို့မည်သည် အနာဂတ် သမိုင်းပညာရှင်တို့ လွယ်လင့်တကူ "ပွဲတော်တည်" နိုင်ကြစေရန် အချက်အလက် တည်းဟူသော စားနပ်ရိက္ခာတို့ကို စုဆောင်းပေးရသည့် တာဝန်ရှိသည်။ ထိုတာဝန်ကို လေးလေးစားစားဖြင့် ဆောင်ရွက်သည်ရှိသော် သမိုင်းဆရာတို့ ယထာဘူတကျကျ ဝေဖန်နိုင်အောင် ဆောင်ကြဉ်းပေးရာ ရောက်သည်။ ဤမှတ်တမ်းတို့သည် နှောင်းခေတ် သမိုင်းဆရာတို့ ယထာဘူတကျအောင် အချက်အလက်တို့ကို ရှာဖွေရာ၌ မာတိကာကဲ့သို့ ညွှန်ပေးနိုင်သည်ရှိသော် စာရေးသူ၏ ကြိုးပမ်းမှုသည် အလဟဿ မဖြစ်ဟု ယူဆရပါမည်။

လောက၌ ဤအကြောင်းကြောင့် ဤအကျိုးချည်းသာ ဖြစ်ကြရသည်။

mgyoe.com

mgyoe.com



မြေယာတော်လှန်ရေး ဖြစ်ထွန်းလာပုံကိုကြည့်လျှင် ဤအကြောင်းရင်းခံကြောင့် ဤအကျိုးသက်ရောက်သည်ကိုသာ တွေ့ရလိမ့်မည်။ မြန်မာ့စကားပုံ၌ ပြုသူ အသစ်၊ ဖြစ်သူ အဟောင်းဟု ဆိုရိုးရှိသည်။ ထို့ကြောင့် တော်လှန်ရေး သဘာဝကို ဓမ္မဒိဋ္ဌာန်ဖြင့်သာလျှင် သုံးသပ်ကြရမည် ဖြစ်သည်။ လောက ခြင်းရာတို့ကို ဓမ္မဒိဋ္ဌာန်ဖြင့် ကြည့်သော်၊ သူပဲ ငါပဲ ဟူသော ပုဂ္ဂိုလ်တို့ကို မမြင်ရချေ။ ဤအကြောင်းကြောင့် ဤအကျိုးဟူ၍သာ မြင်ရသည်။ စာရေး သူသည် ဤဓမ္မဒိဋ္ဌာန်ကို ရည်ရွယ်၍ရေးပါသည်။ စာရှုသူတို့ကလည်း မိမိ ပတ်ဝန်းကျင်ကို ဓမ္မဒိဋ္ဌာန်ကျကျ သုံးသပ်၍၊ မြန်မာ့ တောင်သူလယ်သမား တို့၏ ဘဝအခြေအနေ တိုးတက် ကောင်းမွန်ရေး၌ ငါတို့အမျိုးသားချင်းပါ တကားဟူသော မေတ္တာစိတ်ဖြင့် ကူညီရိုင်းပင်းနိုင်ကြပါစေသတည်း။

**စာရေးသူ**

**ရန်ကုန်မြို့**
**၁၉၆၆ ဇန်နဝါရီလ ၅ ရက်**

mgyoe.com

mgyoe.com

# (၁)

နိုင်ငံရေးသမားတို့က "မြေယာတော်လှန်ရေး" ဟူ၍လည်းကောင်း၊ အုပ်ချုပ်ရေးသမားတို့က "မြေယာစနစ်ပြုပြင်ပြောင်းလဲရေး" ဟူ၍လည်းကောင်း၊ တောင်သူလယ်သမားတို့က "တောင်သူလယ်သမား တိုးတက်ကောင်းစားရေး" ဟူ၍လည်းကောင်း အသီးသီး အသကအသက ယနေ့ကြွေးကြော်လျက်ရှိကြသည်။ ထိုပုဂ္ဂိုလ်သုံးဦးတို့၏ ကြွေးကြော်သံတို့သည် စကားအသုံးအနှုန်းအရ ခြားနားချက်ရှိသော်လည်း ရှိပေမည်။ သို့သော် ကြွေးကြော်သံတို့ပေါ်လာစေသော အကြောင်းရင်းမှာ တစ်ခုတည်းပင်ဖြစ်၏။

ထိုအကြောင်းရင်းကား မြန်မာ့မြေယာစနစ် ဖြစ်သတည်း။

ကျွန်ုပ်တို့သည် မိမိတို့၏ ဘဝအခြေအနေ တိုးတက် ကောင်းမွန်လာအောင် ကြံဆောင်နေကြသည်။ ယင်းသို့ ကြံဆောင်ကြရာ၌ မိမိတို့၏ ဘဝအခြေအနေမှန်တို့ကို မသိပါဘဲလျက် လုပ်နည်းကိုင်နည်းကို သိနိုင်မည်မဟုတ်ပါ။

ထို့ကြောင့် ဤလွတ်လပ်သောခေတ်ဝယ် လယ်သမားပင် ဟူလင့်ကစား မိမိ၏ပတ်ဝန်းကျင်နှင့်တကွ မိမိပတ်ဝန်းကျင်နှင့် ဆက်စပ်ရာ ပြဿနာများကို လေ့လာဖို့လိုပေသည်။

သူတစ်ပါး လက်အောက်ခံဘဝသို့ ကျရောက်ခဲ့ရသော ရာဇဝင်တစ်လျှောက်လုံးတွင် ကျွန်ုပ်တို့အားလုံး မှီခိုအားထားရာ ဖြစ်သော လယ်သမားတို့သည် ဗြိတိသျှဟူသောအစွဲ၊ ခနရှင်ဟူသောအစွဲ၊ မြေရှင်ဟူသောအစွဲတို့ကို ဖျောက်၍ အကြောင်းခြင်းရာအမှန်တို့ကို လေ့လာလိုသောဆန္ဒ ရှိခဲ့ကြစေကာမူ ထိုဆန္ဒပြည့်ဝအောင် မိမိတို့နှင့် ဆိုင်ရာပြဿနာများကို လေ့လာခွင့်မရခဲ့ကြပေ။

mgyoe.com

mgyoe.com


ကျွန်ုပ်က ဤသို့ဆိုသည်ရှိသော် "ဒီလယ်သမားများကို ဘယ်သူက မလေ့လာရဘူးလို့ ချုပ်ချယ်ထားသလဲ။ လူတစ်ဦးမှာ သူ့ဦးနှောက်ရှိလျှင်၊ ရှိတဲ့အလျောက် လေ့လာနိုင်တာပဲ" ဟု အချို့က စောဒကတက်ကြမည်ကို ကျွန်ုပ် တွေးမိသည်။

လူသတ္တဝါဟု ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် သူ၏ဝမ်းရေးသည် သူ၏ကံကြမ္မာကို ရှေ့ဆောင်လေတော့သည်။ ဝမ်းရေး ဖူလုံမှုအပေါ်၌ သူ၏ ကျန်းမာရေး၊ ပညာရေး၊ ကုသိုလ်ရေး စသည်တို့သည် တည်လာလေသည်။ ဝမ်းရေး ကျပ်တည်းလာသည်နှင့် တစ်ပြိုင်နက် လယ်သမားသည် ကျန်းမာရေး ကို ဂရုမစိုက်နိုင်တော့ပြီ။ ပညာရေးကိုလည်း စိတ်မဝင်စားနိုင်။ ကုသိုလ်ရေး ကိုလည်း ဘေးချိတ်၍ ရတန်သရွေ့ ဘေးချိတ်ရလေသည်။

ရွှေပင်ငွေပင် တည်းဟူသော စပါးဆန်ရေကြွယ်ဝမှုတို့ အကြားတွင် လယ်သမား၏ဘဝမှာ တစ်နေ့လုပ် တစ်နေ့စား ဘဝဖြစ်လေရာ၊ ထိုအရေး ကြီး သုံးပါးကိုမျှပင်လျှင် လျစ်လျူရှုရသောအခြေတွင် လယ်သမားသည် မိမိနှင့်ဆက်စပ်ရာ ပြဿနာတို့ကို ဘယ်မှာ လေ့လာနိုင်အံ့နည်း။

ထို့ကြောင့် ရှေးခေတ်က အောက်မြန်မာနိုင်ငံရှိ လယ်သမားအဖို့ နံနက် မိုးလင်းသည်နှင့် တစ်ပြိုင်နက် ကဏန်းထောင်ဖို့ကို အာရုံပြုရသည်။ အလယ်ပိုင်း မြန်မာနိုင်ငံအတွက် ငါးရှဉ့်နှိုက်ဖို့ စိတ်စောရသည်။ အထက် မြန်မာနိုင်ငံအတွက် ပုတတ်လိုက်ဖို့ တွေးရသည်။

ဤနည်းနှင်နှင် သူတို့၏ပတ်ဝန်းကျင် ပြဿနာရပ်တို့မှာ ကဏန်း၊ ငါးရှဉ့်နှင့် ပုတတ် ပြဿနာများသာ ဖြစ်ခဲ့ကြရသည်။

ထို့ကြောင့် သည်နှစ်စပါးဈေး ဘာ့ကြောင့်ကျရသည်ကို မတွေးတတ်။ စပါးထွက် လှိုင်ပါလျက်နှင့် ချစ်တီးကြွေး ဘာ့ကြောင့် မဆပ်နိုင်သည်ကို မတွက်တတ်။ မိမိပတ်ဝန်းကျင်၌ စစ်တကောင်းကုလား အူရိယာကုလားတို့ ဘယ်ကရောက်လာသည်ကို မစုံစမ်းတတ်။

"သြော် ... ငါတို့ လောကကြီးဟာ အရှင်သခင် အင်္ဂလိပ် အစိုးရမင်း တို့ စီမံဖန်တီးတော်မူတဲ့အတိုင်းပါကလား ..."

လယ်သမားသည် ဤသို့ညည်းတွားခဲ့၏။ ဦးစွာ ယင်းသို့ ညည်းတွား ရင်း 'ဖြစ်သမျှအကြောင်း အကောင်းချည့်ပဲ' ဝါဒကို လက်ကိုင်ပြုကာ ခေါင်းငုံ့ ခံခဲ့ကြ၏။ သို့သော် ၎င်း၏ ကျောပြင်ပေါ်တွင် ကျရောက်နေသော ဖိနှိပ်ခြင်း

mgyoe.com

m.gyoe.com


အင်အားကို တစ်စတစ်စ မသိလိုက် မသိဘာသာ တော်လှန်လာ၏။ ဖိနှိပ်မှု အင်အားကို မခံနိုင်သည့်အဆုံး၌ ကုန်း၍ထ၏။

ထိုအခါကျမှ မြေယာတော်လှန်ရေးဟူသော အသံလည်း ဝက်ဝက်ကွဲ မြည်လာ၏။ သို့သော် ကျွန်ုပ်တို့ လယ်သမားများအဖို့ မြေယာတော်လှန်ရေး ဟူသည်ကို သဘောနှင့်သရုပ်ပါ ခွဲခြားကြည့်တတ်ဖို့ လိုပေသည်။

မြေယာစနစ်ကို ပိုင်းခြား ဝေဖန်ကြည့်ရာ၌ နောက်ကြောင်းတို့ကိုပြန်၍ ကြည့်ရပေဦးမည်။ ဦးစွာ ပထမ၌ ကျွန်ုပ်တို့၏ ရိုးရာ စီးပွားရေးစနစ်သည် အသို့ရှိလေသနည်းဟု စိစစ်ကြည့်ဖို့ လိုပေသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ ပေါ်ပေါက်နေသမျှ မြေယာစနစ်ဆိုင်ရာ ပြဿနာဟူသမျှတို့သည် လယ်ယာစိုက်ပျိုးရေး စီးပွားရေးစနစ်၌ ကပ်ငြိနေသော ဝေဒနာတို့ကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ဝေဒနာကိုသိမှ ဆေးချက် မိပေလိမ့်မည်။

ဗြိတိသျှအုပ်ချုပ်ရေးခေတ် မတိုင်မီက မြန်မာ့စီးပွားရေးစနစ်သည် လယ်ယာစိုက်ပျိုးမှုအပေါ်တွင် မှီနေသည်ဖြစ်သော်လည်း ယခုခေတ်၌ကဲ့သို့ အသပြာစီးပွားရေးစနစ် မဟုတ်ချေ။ ပြည်တွင်းထုတ်ကုန် ဟူသမျှကို ပြည်သူ ပြည်သား အချင်းချင်း ဖလှယ်၍သုံးစွဲသော စီးပွားရေးစနစ် ဖြစ်သည်။ ထို့ကြောင့် အသပြာရှိဖို့မှာ လူတို့အတွက် ပဓာနမဟုတ်။ စားသုံးကုန်ပစ္စည်းကို ပြည်တွင်းဖူလုံအောင် လုပ်နိုင်ဖို့သာ ပဓာနဖြစ်သည်။ လယ်သမား မောင်ဖြူ အဖို့ ဝမ်းစာစပါး လုံလုံလောက်လောက် ရှိသည့်အပြင်၊ အညာဒေသမှ နှမ်းဆီ စစ်စစ်ကို စားနိုင်အောင် မိမိလိုသလောက် နှမ်းဆီကို စပါးနှင့် လဲလှယ်နိုင် လောက်သော ထုတ်ကုန်လုပ်အားရှိဖို့ လိုလေသည်။

ထုတ်ကုန်လုပ်ငန်းကို ကြည့်ပြန်လျှင် ပြည်တွင်းဝမ်းစာ ဖူလုံရေး အတွက် အလောတော်ပင် ဖြစ်ခဲ့သည်။ ထို့ကြောင့် လယ်သမား ကိုင်းသမား တို့အတွက် စိုက်ပျိုးရေးဟူသည်မှာ မိမိအဖို့ ဝမ်းစာဖူလုံရုံမျှသာ လုပ်ကိုင် သော စိုက်ပျိုးရေး ဖြစ်သည်။ မြန်မာနိုင်ငံထွက် စိုက်ပျိုးရေးကုန်စည်တို့မှာ မြန်မာနိုင်ငံအဖို့သာ ဖြစ်သည်။ ထိုစိုက်ပျိုးရေးစနစ်ကို အနောက်နိုင်ငံ ဘောဂ ဗေဒ ပညာရှိတို့က Subsistence Agriculture ဟုခေါ်သည်။ မြန်မာလို သက်သက်မှာ ပြည်တွင်းဝမ်းရေးဖူလုံမှုအတွက် စိုက်ပျိုးခြင်း ဖြစ်လေသည်။

ထိုဝမ်းရေးအတွက် စိုက်ပျိုးမှုသည် အမြတ်ထုတ်ရန် လုပ်ကိုင်သော

mgyoe.com

mgyoe.com


စိုက်ပျိုးမှုနှင့် လားလားမျှမတူချေ။ အသပြာ စီးပွားရေးစနစ်ကလည်း မပေါ်သေးသဖြင့် ပစ္စည်းအပေါ်မှီသော စီးပွားရေးစနစ်အရ မြန်မာဘုရင်တို့ အခွန်အတုတ် ကောက်ခံရာ၌ပင်လျှင် ပစ္စည်းကို လုံးဝပဓာန ပြုခဲ့သည်။

ထိုခေတ်က အခွန်တော်ခွဲပုံစာရင်းကို ကြည့်မည်ဆိုလျှင် သရေခေတ္တရာမှ ထန်းလျက်၊ မကွေးမှ ဖန်ခါးသီး၊ ပုပ္ပားတောင်ကလပ်မှ ပန်းမျိုးစုံ၊ ဒလမှ ကွမ်းရွက်၊ ရေး–မြိတ်–ထားဝယ်မှ ဒူးရင်းသီး၊ တောင်ငူ ပုသိမ်နှင့် ရွှေကျင်မှ သဇင်ပန်း၊ ရခိုင်ပြည်မှ ကွမ်းသီး၊ ချင်းနယ်မှ စောင်ဖြူ စသည်တို့ကို တွေ့ရပေလိမ့်မည်။ [၁]

ရှေးသူဟောင်းတို့၏ခေတ်၌ ယခုကဲ့သို့ အမြတ်ထုတ်စနစ် များစွာမရှိဘဲ ဝမ်းရေးဖူလုံရုံသာ ထုတ်ကုန်လုပ်ငန်းကို လုပ်ဆောင်ခြင်းဖြစ်သောကြောင့် ယခုခေတ်အခေါ် မြေရှင်ကြီးစနစ်– အရင်းရှင်စနစ်တို့မှာ အခြေမစိုက်နိုင်ကြသေးချေ။

စင်စစ် ထိုခေတ်က လယ်ယာဟူ၍ များများစားစားမျှပင် မရှိသေး။ အင်္ဂလိပ် ရာဇဝင်ဆရာတို့၏ မှတ်တမ်းများအရ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်သည့်ခေတ်တွင် တနင်္သာရီနယ်မှာ မြန်မာယိုးဒယားစစ်ပွဲတို့ကြောင့် အသီးအနှံမဖြစ်သော တောကြီးမျက်မည်း ဒေသများသာ ဖြစ်သည်။ ပဲခူးနယ်ကိုပင်လျှင် အင်္ဂလိပ် ရာဇဝင်ဆရာတို့က တောကြီးမျက်မည်း ကန္တာရကြီးပမာ ဖြစ်နေပြီဟု အဆိုရှိသည်။ အထက် မြန်မာနိုင်ငံ၌ကား ယခုကဲ့သို့မဟုတ်၊ စိမ်းလန်းစိုပြည်သော စိုက်ပျိုးရေးလုပ်ငန်းမှာ များစွာ ဖွံ့ဖြိုး၍ လူနေအိမ်ခြေအလွန်များပြားသည်။ [၂]

သို့သော် စိုက်ပျိုးရေးစနစ်မှာ ဝမ်းရေးအတွက် စိုက်ပျိုးသောစနစ်ဖြစ်၍ ပြည်တွင်းဖူလုံမှုရှိခဲ့သည်။ ထိုခေတ်ကို ဘုရင်စနစ်ခေတ်ဟု ခေါ်တွင်ကြရစေကာမူ ရှေးမြန်မာဘုရင်တို့၏ သဘာဝသည် အနောက်နိုင်ငံ မြေရှင်ကြီး၊ အရင်းရှင်ကြီး၏ သဘာဝနှင့် အလုံးစုံ ထပ်တူထပ်မျှ မဟုတ်ခဲ့ချေ။ အာဏာ၌သာ ယစ်မူးနေသော ဧကရာဇ် သဘာဝသည်သာ ပိုမို၍ ပေါ်လွင်ခဲ့လေသည်။

---

(၁) Administration of Burma by Ma Mya Sein.
ပုဂ်ဝန်ထောက်ဦးတင်၏ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း။
(၂) Agricultural Economy in Burma by B.O.Binns.

mgyoe.com

mgyoe.com


ဗြိတိသျှတို့ မြန်မာနိုင်ငံတွင်းသို့ ချဉ်းနင်း ဝင်ရောက်၍ နိုင်ငံခြားသား အုပ်ချုပ်ရေးကို စတင် ထူထောင်လိုက်သောအခါ အခြေအနေမှာ ရုတ်ခြည်း လိုလို ပြောင်းလဲသွားခဲ့လေသည်။ ထိုခေတ်က အုပ်ချုပ်ရေးစနစ်မှာ ဘုရင့် စနစ် ဖြစ်စေကာမူ နေပြည်တော်မှတစ်ဆင့် သက်ဆင်းလာသော အုပ်ချုပ်ရေး အာဏာတို့သည် မြို့သိမ် ရွာသိမ်များ၌ပင်လျှင် သက်ဆိုင်ရာ မြို့သူကြီး ရွာ သူကြီးတို့ထံ ကိန်းအောင်းလျက်ရှိလေရာ၊ မြို့နယ်ကျေးရွာ စသည်တို့၌ ယခု ခေတ် ခေါ်ဝေါ်လေ့ရှိသော ဒေသန္တရ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ရပြီးဖြစ်ခဲ့၏။

သို့သော် ဗြိတိသျှ အုပ်ချုပ်ရေးခေတ်ရောက်သော် မြို့နယ်ကျေးရွာ တို့၌ ပျံ့နှံ့၍တည်နေသော အာဏာတို့ကို ရန်ကုန်မြို့ ဗဟိုအစိုးရအဖွဲ့က အားလုံး ချုပ်ကိုင်လာတော့သည်။ ထင်မြင်လွယ်အောင် ပြောရမည်ဆိုလျှင် မြန်မာဘုရင်လက်ထက်က အုပ်ချုပ်ရေး အာဏာတို့သည် ဘုရင့်ထံမှ လက် ဆင့်ကမ်း၍ မြို့နယ်ကျေးရွာတို့၌ ပျံ့နှံ့တည်ခဲ့သည်။ ဗြိတိသျှတို့ ရောက်လာ သောအခါ၌ကား မြို့နယ်ကျေးရွာ အုပ်ချုပ်ရေး အာဏာတို့သည် ဗဟိုချက်မ ဖြစ်သော အစိုးရ ဌာနချုပ်၌ လာ၍ စုနေသည်။ (ယခုခေတ်၌ ဒေသန္တရ အစိုးရအား အာဏာ လွှဲပြောင်းပေးရေးဟု ပြောဆိုနေကြသည်မှာ ဗဟိုအစိုးရ ၌ လာ၍စုနေသော အာဏာတို့ကို ရှေးနည်းအတိုင်းထက်ပို၍ မြို့ရွာ၊ နယ်ပယ် တို့ကို ဖြန့်ပေးစေလိုသော သဘောဖြစ်ချေသည်။) ရှေးခေတ်က ဘုရင်၏ အသက်ဦးဆံပိုင် အာဏာတို့သည် မြို့စား ရွာစားတို့ထံ သက်ဆင်းခဲ့သည်။ ထို့ကြောင့် မြို့စား ရွာစားတို့သည် "ဓားပိုင်" များဖြစ်ခဲ့သည်။ ဗြိတိသျှ အုပ်ချုပ်ရေး၌ကား ဗဟိုအစိုးရသည်သာလျှင် "ဓားပိုင်" ဖြစ်သည်။

အုပ်ချုပ်ရေးမှု ပြောင်းသည်နှင့်အမျှ စီးပွားရေးမှုလည်း ပြောင်းခဲ့လေ ပြီ။ ဗြိတိသျှ နယ်ချဲ့စစ်တပ်၏ နောက်တော်ပါး၌ စစ်တပ်အား အထောက် အပံ့ပြုရသူ အိန္ဒိယတိုင်းရင်းသားများ လိုက်ပါလာကြသည်။ ထို နောက်တော်ပါ အခြွေအရံတို့အတွက် ဆုတော် လာဘ်တော်တို့မှာ ရခိုင်ပြည်နှင့် တနင်္သာရီ ပြည်ရှိ များစွာသော မြေရိုင်းများ ဖြစ်သည်။ ဗြိတိသျှတို့သည် ထိုမြေရိုင်းများ ကို တစ်ဧကလျှင် တစ်မတ်၊ ငါးမူး၊ တစ်ကျပ်နှုန်းဖြင့် အခွန်အကောက်ကို ယူကာ၊ နောက်တော်ပါတို့နှင့်တကွ ဗြိတိသျှတို့အား ကူညီသော တိုင်းရင်းသား တို့အား ဂရန်မြေအဖြစ်နှင့် လည်းကောင်း၊ ပတ္တာခံ မြေအဖြစ်နှင့် လည်းကောင်း ပေးကမ်းကြလေသည်။

mgyoe.com

မြန်မာဘုရင်တို့ရှိစဉ်က လယ်ယာစိုက်ပျိုးသောဧကေ မည်မျှရှိသည်ကို မသိနိုင်ချေ။ သို့သော် ဗြိတိသျှ အုပ်ချုပ်ရေး ခေတ်ဦးမှစ၍ ယနေ့အထိ စိုက်ပျိုးရေး တိုးတက်လာပုံကို ကြည့်လျှင် အောက်ပါအတိုင်း တွေ့မြင်ရပေလိမ့်မည်။

| နှစ် | စိုက်ပျိုးဧရိယာ ဧကသန်းပေါင်း [၃] |
|---|---|
| ၁၈၉၆ | ၅.၅ |
| ၁၉၀၆ | ၉.၃ |
| ၁၉၁၆ | ၁၀.၆ |
| ၁၉၂၆ | ၁၁.၆ |
| ၁၉၂၉ | ၁၂.၁ |
| ၁၉၃၉ | ၁၉.၁ |
| ၁၉၄၇ | ၁၅.၃ |

အထက်ပါ ဇယားတွင်ပြထားသော ခရစ်နှစ် ၁၈၉၆ ခုနှစ်မှာ စူးအက်တူးမြောင်း ဖွင့်လှစ်ပြီးနောက် ၁၇ နှစ်ကြာသောနှစ် ဖြစ်သည်။ ထိုတူးမြောင်းသည် ကမ္ဘာ့စီးပွားရေး ပြဿနာများကို တစ်မျိုးတစ်ဖုံ ပြောင်းလဲစေခဲ့သည်။ ကျွန်ုပ်တို့ နိုင်ငံအဖို့ဆိုလျှင် မြေယာစနစ်ကို ကပြောင်းကပြန် ဖြစ်လာအောင် ဖန်တီးသူသည် စူးအက်တူးမြောင်းပင် ဖြစ်သည်။

၁၈၇၂ ခုနှစ်တွင် စူးအက်တူးမြောင်းသို့ ဖြတ်၍ခုတ်သော ပင်လယ်ကူး သင်္ဘောတို့သည် တန်ဆာခ ပေါပေါယူသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ဥရောပသို့ ဆန်တင်ပို့သော အလုပ်သည် တစ်နှစ်ထက် တစ်နှစ် ဖွံ့ဖြိုးလာခဲ့သည်။ ၁၈၆၁–၇၀ အတွင်း ဆန်တင်ပို့သော တန်ချိန်မှာ ပျမ်းမျှကြေး တစ်နှစ်လျှင် ၃၆၃,၀၀၀ မျှသာရှိခဲ့သည်။

ထိုခေတ်က တရုတ်ပြည်နှင့် အိန္ဒိယပြည်တို့၌ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်ခဲ့

(၃) Report of the Burma Provincial Banking Enquiry Committee, (1929-30).
Land Revenue Administration Report, (1935-36).
ပြည်တော်သာသို့ စသော စာအုပ်စာတမ်းများအရ စာရင်း။
[၁၉၆၄–၆၅ စာရင်းအရဆိုလျှင် စိုက်ပျိုးဧရိယာသည် ဧကပေါင်း ၂၁ သန်းကျော်လာပြီ ဖြစ်သည်။]

mgyoe.com

mgyoe.com

သောကြောင့် ဤမျှ ဆန်တန်ချိန် ပို၍ ပို့ခဲ့ရသည်ဟု အစီရင်ခံစာများအရ သိရသည်။[၄]

ဒုတိယကမ္ဘာစစ် မဖြစ်မီက ကျွန်ုပ်တို့နိုင်ငံသည် ဆန်တန်ချိန် သုံးသန်းခွဲ တင်ပို့ရောင်းချခဲ့ရသည်။ ယခုခေတ်၌မူ ဆန်တန်ချိန် တစ်သန်းကျော်မျှ တင်ပို့ရောင်းချလျက်ရှိသည်။ နှစ်ပေါင်း ၉၀ မျှအတွင်း မည်မျှ တိုးတက်ခဲ့ သည်ကို ခန့်မှန်း၍ ကြည့်ကြရုံသာရှိသည်။

၁၈၆၇ ခုနှစ်၌ မြန်မာနိုင်ငံတွင် ရေနွေးငွေ့နှင့် မောင်းသော ဆန်စက် သုံးစက်မျှသာ ရှိသည်။ ၁၈၇၂ ခုနှစ် ရောက်သော် ၂၆ စက် တိုးလာခဲ့သည်။ ၁၉၂၉ ခုနှစ်ကမူ ရေနွေးနှင့်မောင်းသော စက်များအပြင် ရေနံဆီနှင့်မောင်း သော စက်များပါ တိုးတက်လာခဲ့ရာ စက်ကြီး ၁၅ စက်နှင့် စက်ကလေး ၆၅၇ စက်မျှ ရှိလာခဲ့သည်။[၅] ဒုတိယ ကမ္ဘာစစ်မဖြစ်မီကမူ စက်ပေါင်း ၇၀၀ ကျော်မျှ ရှိခဲ့သည်ဟု ခန့်မှန်းရပေသည်။

ဤအချိန်တွင် အိန္ဒိယ တိုင်းရင်းသား အမြောက်အမြား မြန်မာပြည် သို့ လိုမ့်ဝင်လာခဲ့သည်။

ရာဇဝင် အမှတ်အသားများအရ မြန်မာနိုင်ငံသို့ စစ်တကောင်း လူမျိုး နှင့် မဒရပ် နယ်သားတို့သည် ၁၈ ရာစု နှစ်ဦးကပင်လျှင် ကူးသန်းသွားလာ နေထိုင်ခြင်း ပြုခဲ့ကြသည်ဟု ဆိုသည်။ သို့သော် ထိုခေတ်က ပြောင်းရွှေ့လာ ကြသူများမှာ အတော်အတန် အထက်တန်းကျသည့် ကုန်သည်ပွဲစားများ ဖြစ်ဟန်တူသည်။ သို့သော် မြန်မာနိုင်ငံကို ဗြိတိသျှတို့ လုံးဝ သိမ်းပိုက်လိုက် သည့်နောက်၌ကား အိန္ဒိယမှ တောင်သူလယ်သမားတို့သည် ရေကြည်သည့် မြန်မာနိုင်ငံတွင် မြက်နုရာကို လာ၍ရှာကြကုန်သည်။ ထိုစဉ်က မြန်မာနိုင်ငံ မှာ အထက်က ပြခဲ့သည့်အတိုင်း မြေလွတ်မြေလပ် အလွန်ပေါများခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသမှာ လူဦးရေ အလွန် နည်းပါးသည်။ ဗြိတိသျှတို့၏ ပေါ်လစီဝါဒကလည်း မြန်မာနိုင်ငံကို အိန္ဒိယ တိုင်းရင်းသားတို့နှင့် တည်ထောင်ရန် ရည်ရွယ်ချက်ရှိဟန် တူပေသည်။ ဥပမာ အားဖြင့်ဆိုလျှင် ၁၉၁၁ ခုနှစ်၊ သန်းခေါင်စာရင်း ကောက်ရာတွင် မြန်မာနိုင်ငံ တွင်းသို့ အိန္ဒိယသားများ ဝင်ရောက်လာသည်မှာ အလွန်များပြားကြောင်း

---

(၄) (၅) **Report of the Burma Provincial Banking Enquiry Committee, (1929-30).**

mgyoe.com

တွေ့ရသည်။ ဤအချက်ကို ရည်ရွ၍ မစ္စတာ စီအမ်ဝက်ဗ်က "အိန္ဒိယလူမျိုးတို့ မြန်မာနိုင်ငံသို့ လာရောက် နေထိုင်ကြသည့် အချက်မှာ မြန်မာ့ မြေရေကို ယုတ်လျော့မသွားစေဘဲ ပိုမိုတောင့်တင်း ခိုင်မြဲစေသည်"[၆] ဟုဆိုလေသည်။ မစ္စတာ ဝက်ဗ်သည် အဘယ်ကိုထောက်၍ ဤကဲ့သို့ အသားလွတ် ဆိုသည်ကို ကျွန်ုပ်မတွေးတတ်ပါ။ သို့သော် ကျွန်ုပ်တို့၏ မျက်စိထဲ သဲပက်၍ဆိုသော စကားဟူ၍သာ မှတ်ချက်ချလိုပေသည်။

သို့သော် မစ္စတာ အီးဂျေ၊ အယ်လ်၊ အင်ဒရူး အဖို့ကား မြန်မာနိုင်ငံအတွင်းသို့ အိန္ဒိယ တိုင်းရင်းသားများ တပ်တောင်တာဗိုလ်ထုနှင့် လူစု၍ ဝင်လာသည်ကို အတော် ရင်လေးမိဟန်တူသည်။ မစ္စတာ အင်ဒရူး၏ တွက်ကိန်းအရဆိုလျှင် အိန္ဒိယ တိုင်းရင်းသားတို့ ဝင်ရောက်လာမှုကြောင့် ကိုယ့်မြေကိုယ်လုပ်သော လယ်သမားပိုင်မြေဧကသည် ၁၉၁၄–၁၅ နှင့် ၁၉၂၄–၂၅ (နှစ်ပေါင်း ဆယ်နှစ်) အတွင်း ငါးရာခိုင်နှုန်းမျှသာ တိုးတက်ခဲ့သော်လည်း၊ ထိုဆယ်နှစ်အတွင်းတွင် မြေကို ကိုယ်တိုင်မလုပ်ဘဲ ပိုင်ဆိုင်သော မြေရှင်တို့၏ မြေဧကမှာ ၃၅ ရာခိုင်နှုန်း တိုးနေသည်ဟု ဆိုလေသည်။ ၁၉၁၄–၁၅ မိမိ ပိုင်ဆိုင်သောမြေကို မိမိကိုယ်တိုင် လုပ်ကိုင်သော လယ်သမားတို့၏ မြေဧရိယာသည် ၁၄,၆၃၆,၀၄၆ ဧကဖြစ်ခဲ့သော်၊ ၁၉၂၄– ၂၅ ၌ ထိုမြေဧကသည် ၁၄,၇၀၀,၆၁၁ အထိ တိုးလာသည်။ သို့သော် မိမိပိုင်ကို မိမိကိုယ်တိုင် မလုပ်ဘဲနေသော မြေပိုင်ရှင်တို့၏ မြေဧရိယာမှာ ၁၉၁၄–၁၅ ခုနှစ်၌ ၂,၅၁၂, ၆၇၇ ဧကရှိသော်၊ ၁၉၂၄–၂၅ ခုနှစ်၌ ၃,၃၉၂,၉၄၅ ဧက ဖြစ်လာခဲ့လေသည်။[၇]

အထက်ပါ အကြောင်းချင်းတတို့ကို ပြန်လှန် သုံးသပ်ကြည့်လျှင် ရွှေအက်တူးမြောင်း ဖွင့်သည်နှင့် တစ်ပြိုင်နက် မြန်မာ့ရိုးရာ ဝမ်းစာအတွက်သာ လယ်လုပ်သောသဘောမှသည် ဗြိတိသျှအရင်းရှင်တို့က အမြတ်အစွန်းကို မျှော်ကိုး၍ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ထွန်ယက် စိုက်ပျိုးခြင်း သဘောသို့ မည်သို့သက်ရောက်လာခဲ့ကြောင်း၊ ထိုသဘောကြောင့် နိုင်ငံခြားသားတို့သည် တိုင်းရင်းသားတို့၏ အခွင့်အရေးများကို မည်မျှကျူးကျော်လာခဲ့ပြီဖြစ်ကြောင်း သိသာထင်ရှားပေပြီ။

---

(၆) C.M. Webb – "Report on Cansus Operations in Burma, 1911."

(၇) E.J.L. Andrew – "Indian Labour in Rangoon."

mgyoe.com

လယ်ယာစိုက်ပျိုးရေးနှင့်ဆိုင်သော စီးပွားရေးစနစ်သည် ယင်းကဲ့သို့ ပြောင်းလဲလာသည်နှင့် တစ်ပြိုင်နက် မြန်မာလယ်သမား၏ အခြေသည် မည်သို့ဖြစ်ခဲ့သည်ကို ကျွန်ုပ်တို့ စူးစမ်းလေ့လာကြည့်ကြပါဦးစို့။

ထိုကိစ္စကို စူးစမ်းရန်အလို့ငှာ ရှေးမြန်မာဘုရင်တို့ ခေတ်၌ မြေအမျိုးအစား မည်သို့ ကွဲပြားခြားနားပုံကို ဖော်ပြမှ သင့်မည်ဟု ထင်သည်။[၈]

မြန်မာဘုရင့်ခေတ်က မြေအမျိုးအစား ငါးမျိုး ခွဲခြားထားသည်။ ၎င်းတို့မှာ ...

(၁) အရာတော်မြေ။

(၂) အရာတော်မြေနှင့် စပ်ယှက် ဆက်သွယ်သောမြေ။

(၃) ဘိုးဘပိုင်မြေ။

(၄) ဘိုးဘပိုင်မြေနှင့် စပ်ယှက် ဆက်သွယ်သောမြေ။

(၅) ဝတ္ထုကံမြေ ... ဟူ၍ ဖြစ်လေသည်။

အရာတော်မြေကို လေးမျိုး ပိုင်းခြား၍ ပြပေသည်။ (၁) ပထမ အမျိုးမှာ ဘုရင်အဆက်ဆက်ပိုင်ခဲ့သော နန်းစဉ် ရှင်ဘုရင်တို့၏ ပိုင်မြဲမြေ ဖြစ်သည်။ (၂) ဒုတိယ အမျိုးအစားမှာ စုံသေအမွေဖြတ် အရာတော်မြေ ဖြစ်သည်။ အဓိပ္ပာယ်မှာ အမွေစားအမွေခံ မရှိသူတို့ ကွယ်လွန်ရာတွင် ကြွင်းကျန်ရစ်၍ ဘုရင်က သိမ်းပိုက်ရသော မြေများတည်း။ (၃) တတိယ အမျိုးအစားမှာ ဥစ္စာပစ္စည်းကို သိမ်းယူထိုက်သော ကြီးလေးသော ဒဏ်သင့်သူတို့ထံမှ သိမ်းယူရသော သိမ်းစု အရာတော်မြေ ဖြစ်လေသည်။ (၄) စတုတ္ထ အမျိုးအစားမှာ နန်းမတော် မိဖုရားကြီးသို့ လက်ဖွဲ့ရာတွင်ပါသော မြေမျိုးဖြစ်သည်။ ထိုမြေမျိုးကို ယွန်းပေါင်ပုရပိုက်တွင် ရေးတင်မှတ်သားထားလေ့ ရှိခြင်းကြောင့် ယွန်းပေါင်ပါ အရာတော်မြေဟု ခေါ်သည်။

အရာတော်နှင့်စပ်ယှက်သော မြေများတွင် (၁) မှူထမ်းရာထမ်းတို့အား လစာရိက္ခာအစား မြေများကို ချထားသည့်အခါ အစားပေးမြေဟု ခေါ်သည်။ (၂) မြို့စား ရွာစားတို့ ရာထူးလက်ရှိ ထမ်းရွက်နေသမျှ ထိုမြို့စား ရွာစား ရာထူးနှင့်အတူ ပါလာသော မြေများကို အကိုင်စားမြေဟု ခေါ်သည်။ (၃) မြို့သူကြီး ရွာသူကြီးတို့ ရာထူးရှိသည့် ကာလအတွင်း ချထားစားသောက်ပိုင်သောမြေကို အကြီးစားမြေဟု ခေါ်သည်။ ဗြိတိသျှ အုပ်ချုပ်ရေးခေတ်၌

(၈) "မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း"၊ ပုဂံဝန်ထောက် ဦးတင်။

mgyoe.com

mgyoe.com

သူကြီးစားမြေဟု ခေါ်သော မြေမျိုးဖြစ်၏။ ဤအရာတော်စနစ်သည် ယခုခေတ်အခေါ် ပဒေသရာဇ်စနစ်ပင် ဖြစ်လေသည်။

ဘိုးဘပိုင်မြေမှာ ... (၁) ဓားမဦးချမြေ၊ (၂) မင်းပေးမြေနှင့် (၃) ငွေဝယ် ငွေပေါင်မြေ ဖြစ်သည်။ အဓိပ္ပာယ်မှာ ရှင်းလှ၍ အကျယ်မဆိုတော့ပြီ။ ငွေဝယ် ငွေပေါင်မြေ ဟူသော သဘောကို ကြည့်ခြင်းအားဖြင့် မြေကို တစ်လက်မှ တစ်လက်သို့ ပေါင်နှံရောင်းချ၊ ပေးကမ်း ပြောင်းလွှဲခြင်းစနစ်ရှိသည်ဟု ဆိုရမည် ဖြစ်၏။ ထိုအပြောင်းအလွှဲများ၏ မူကို ရှေ့၌ ပြဆိုသွားပါမည်။

ဘိုးဘပိုင်မြေနှင့် ဆက်စပ်သောမြေကို လေးမျိုး ခွဲပြန်သည်။

(၁) နိုင်ငံခြားသား သံ့ပန်းများနှင့် နိုင်ငံတွင်း နယ်ခြားသားတို့ကို နေထိုင်စေရန်နှင့် လုပ်ကိုင်စားသောက်စေရန် ဘုရင်မင်းမြတ်က ချထားသော မြေများကို **နေမြေစားမြေ** ဟုခေါ်သည်။

(၂) နိုင်ငံခြားသားများသည် နိုင်ငံခြားသား အဖြစ်ကိုစွန့်၍ မြန်မာလူမျိုးအဖြစ် ခံယူသောအခါ နေထိုင် လုပ်ကိုင် စားသောက်ရန် ဘုရင်မင်းမြတ်က ပေးကမ်းသော မြေကို **စားမြေ** ဟုခေါ်သည်။

(၃) မြန်မာ မြို့စောင့် ရွာစောင့် တပ်မတော်သားများ တီထွင် လုပ်ကိုင်သောမြေကို **သူရဲမိုး သူရဲမြေ** ဟုခေါ်သည်။

(၄) အသည်မြေကို ယခုခေတ် စကားအရ ဘုံမြေဟု ဆိုကြရမည် ဖြစ်သည်။ ယခုခေတ် နိုင်ငံရေး စီးပွားရေး ဝေါဟာရများ၌ Collective Farm ဟူသော သဘောမှာ အသည်မြေ၏ သဘောပင်ဖြစ်သည်။

ဝတ္တုကံမြေကို (၁) ဘုရား။ (၂) ကျောင်း။ (၃) ပိဋကတ်တိုက်နှင့် ဆိုင်ရာ ဝတ္တုကံမြေဟု သုံးမျိုး ခွဲခြားပြပေသည်။

ထိုမြေမျိုးများသည် မင်းမျိုးဟူသော် မင်းမျိုးအလျောက်၊ ဆင်းရဲသားဟူသော် ဆင်းရဲသားအလျောက်၊ အမွေစားအမွေခံထိုက်သော မြေများဖြစ်သည်။

ဘုရင်သည် ရေမြေရှင်ဟူသောဘွဲ့ကို ခံယူသူဖြစ်ရကား မြေယာအားလုံးတို့ကို ဘုရင်က ပိုင်ချေသည်။ ထိုသဘောကို အထက်ပါ မြေယာအမျိုးအစား ခွဲခြင်းစနစ်ကို ကြည့်လျှင် သိနိုင်ပေလိမ့်မည်။ ဓားမဦးချ မြေမျိုးမှ

mgyoe.com

mgyoe.com


တစ်ပါး အခြားမြေများမှာ များသောအားဖြင့် ဘုရင်ခွင့်ပြုချက်အရ တိုင်းသူပြည်သားတို့က ရယူထားသောမြေများ ဖြစ်ချေသည်။

သို့ရာတွင် ထိုခေတ်က မြေကို ကိုယ်တိုင်မလုပ်ဘဲ မြေကို ပိုင်ဆိုင်သည်ဟူသောစနစ် မရှိဟု ဆိုရမည် ဖြစ်ချေသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရင်နှင့် မင်းဆွေမင်းမျိုးများ ပိုင်သော အရာတော်မြေကိုပင်လျှင် ရှင်ဘုရင်ကိုယ်တိုင် မိုးဦးကျ နယုန်လမှာ လယ်ထွန်မင်္ဂလာ ပြုလုပ်မြဲဖြစ်၏။ "ငါထွန်သကဲ့သို့ မင်းညီမင်းသား၊ မှူးမတ်၊ သူဌေး သူကြွယ်၊ လယ်ယာ လုပ်သူများအားလုံး ထွန်စေ" ဟူသော မူအတိုင်း လယ်ပိုင်သူတိုင်း လယ်လုပ်ကြရသည်။ ထိုမူမှာ ကာလရွေ့လျော၍ လက်တွေ့အားဖြင့် တစ်မျိုးတစ်ဖုံ ဖြစ်ခဲ့စေကာမူ မူရင်းကို မပျောက်မပျက်ရအောင် စတိမျှပင်ဖြစ်စေ ဘုရင်တို့သည် လယ်ထွန်မင်္ဂလာပွဲတော်ကို အစဉ်အဆက်မပြတ် ဆင်နွှဲခဲ့ကြရသည်။

ဗြိတိသျှတို့ ဝင်ရောက်အုပ်စိုးသော ခေတ်၌ကား ထိုမူသည် လုံးဝကွယ်ပျောက်ရလေသည်။

ဗြိတိသျှတို့ ဝင်ရောက်လာသောအခါ လယ်ယာမြေတို့၏ ပင်ရင်းပိုင်ရှင်မှာ နိုင်ငံတော်ဖြစ်သည်ဟူ၍ ဥပဒေသတ်မှတ်လိုက်လေသည်။ ဗြိတိသျှအစိုးရသည် မြန်မာဘုရင်ကို ပယ်ခွင်း၍ သူကိုယ်တိုင် "ရေမြေ့ရှင်" ဖြစ်လာခဲ့ပြီ။ သို့သော် မြေအမျိုးအစားခွဲခြားရာ၌ နိုင်ငံတော်မြေ၊ ဘိုးဘပိုင်မြေ၊ ဝတ္ထုကံမြေ ဟူ၍ အကြမ်းအားဖြင့် ခွဲခြားပေးထားသည်။

သို့ရာတွင် နိုင်ငံတော်ပိုင်မြေတို့ကို လိုင်စင်၊ ဂရန်၊ ပတ္တာ၊ သူကြီးစားမြေ စသည့် စနစ်တို့ဖြင့် သူငါမရွေး လုပ်ခွင့်ပေးလိုက်သည်။ ထို့ကြောင့် မြန်မာတောင်သူလယ်သမားနှင့်ညီတူ နိုင်ငံခြားသားတို့သည် အခွင့်အရေးကို ရရှိခဲ့ကြလေသည်။

မူလက ဗြိတိသျှ၏ ရည်ရွယ်ချက်မှာ လယ်လုပ်စားသူသာလျှင် လယ်ပိုင်ဆိုင်ခွင့် ရှိစေရန် ရည်ရွယ်ချက်ရှိသည်ဟု ဆိုနိုင်ပါ၏။ အောက်မြန်မာနိုင်ငံတော် မြေယာစည်းကမ်း အက်ဥပဒေ[၉]အရ တောင်သူလယ်သမားတစ်ဦးသည် မိမိလယ်မြေကို မိမိကိုယ်တိုင် အဆက်မပြတ် တီထွင်လုပ်ကိုင်၍ မြေခွန်တော်ကို အဆက်မပြတ် ၁၂ နှစ်ပတ်လုံး ထမ်းဆောင်နိုင်လျှင် မြေကို ပိုင်ဆိုင်သော အခွင့်အရေးရှိသည်ဟု ဗြိတိသျှအစိုးရက အသိအမှတ်ပြုခဲ့သည်။

(၉) Lower Burma Land Regulation Act.

mgyoe.com

mgyoe.com


စင်စစ် ပိုင်ဆိုင်ထိုက်သော အခွင့်အရေးဟူသည်မှာ မြေကို လက်ရှိထားနိုင်သော အခွင့်အရေးမျှသာ ဖြစ်ချေသည်။

ရှေးက အထက်မြန်မာနိုင်ငံတွင် နေထိုင်ကြကုန်သော မြန်မာတို့သည် မိမိတို့၏ ဘိုးဘပိုင် မြေယာတို့ကို အထူးသဖြင့် ခုံမင်၍ အစွဲအလမ်းကြီးသည်။ ထို့ကြောင့် အထက်မြန်မာနိုင်ငံအဖို့ မြေယာများ ပေါင်နှံရောင်းချ၍ လွှဲပြောင်းခြင်းမှာ အလွန်နည်းပါးသည်။ စင်စစ် စည်းမရှိ ကမ်းမရှိ လက်ပြောင်း လက်လွှဲလုပ်ခြင်းများကို ထုံးမမီ စံမမျှဟု ယူဆကြသည်။[၁၀] ထိုမှတစ်ပါးလည်း မြန်မာမင်းလက်ထက်က ငွေချေးစနစ်သည် ယခုခေတ်ကဲ့သို့ အညွန့်ရှူးစနစ် မဟုတ်သေးချေ။ ထိုခေတ်က အရင်းနှင့်အတိုးသည် ဘယ်အခါမျှ အရင်းထက် မကျော်လွန်ရအောင် ကန့်သတ်ထားသည်ဟု မြေယာစနစ်၌ ကျွမ်းကျင်သူတို့က မှတ်တမ်းတင်ကြသည်။[၁၁]

သို့သော် အောက်မြန်မာနိုင်ငံ၌မူကား နိုင်ငံခြားသားတို့ ဥဒဟို ဝင်ရောက်လာသော ပယောဂကြောင့် မြေယာများကို လက်ပြောင်းလက်လွှဲ လုပ်ကြသည်။ နိုင်ငံခြားသားတို့က ငွေကြေးထုတ်ပေးခြင်းမှာလည်း ရက်ရောလှသောကြောင့် တောင်သူလယ်သမားတို့သည် မိမိတို့၏မြေယာကို ပေါင်ဖို့ရာလည်း ဝန်မလေး၊ ဆုံးရှုံးမည်ကိုလည်း မပူ၊ ဤနေရာမှမြေကို ယနေ့ တောခုတ်ရှင်းလင်း ထွန်ယက်၍ နောက်တစ်နေ့ ပေါင်နှံ ရောင်းချပြီးလျှင်၊ နောက်တစ်နေ့၌ အခြားတစ်နေရာကိုရှာ၍ လယ်တည်ပြန်သည်။

ထိုမှ ကမောက်ကမ ဖြစ်လာစအချိန်ဝယ် လယ်လုပ်၍ လယ်ယာပိုင်သူ၊ လယ်မလုပ်ဘဲ လယ်ယာပိုင်သူ၊ လယ်လုပ်သော်လည်း လယ်ယာမပိုင်သူ ဟူသော လူတန်းစားအသီးသီး ထွန်းကားလာခဲ့လေသည်။ အကြမ်းအားဖြင့် ငွေချေးစားသူ၊ မြေပိုင်ရှင်နှင့် သီးစားဟူ၍ လူတန်းစားသုံးမျိုး ပေါ်ပေါက်လာသည်။ တစ်ခါတစ်ခါ၌ ငွေချေးသူကိုယ်တိုင်ပင် မြေရှင် ဖြစ်နေသောအခါ အရင်းရှင်မြေပိုင်ရှင် ဟူသော အသုံးအနှုန်းသည် ယနေ့အဖို့ ပေါ်ပေါက်လာရပေသည်။

၁၈၈၆ ခုနှစ် မြေယာဈေးမှာ တစ်ဧက ၅ ကျပ်မျှ ဖြစ်သည်။[၁၂] နောက်နှစ်ပေါင်း ၄၀ ခန့်ကြာသောအခါ မြေဈေးမှာ ပျမ်းမျှ၍ တစ်ဧကလျှင် ၅၀ိ

(၁၀) (၁၁) Agricultrual Economy in Burma, by B.O. Binns.

(၁၂) Indian Labour in Rangoon by E.J.L. Andrew.

mgyoe.com

မှသည် ၁၀၀ိ အထိ တက်လာခဲ့သည်။ သို့သော် ဤအခြေအနေ အတော အတွင်း၌ များစွာသော တောင်သူလယ်သမားတို့သည် မြေယာလက်လွတ် ဖြစ်ခဲ့ပြီးလျှင် နိုင်ငံခြားသား မြေယာလုပ်မစားသူ မြေရှင်ကြီးများ ပေါ်ပေါက်ခဲ့သည်။

စစ်ဖြစ်စနှစ်မှအစပြု၍ ၁၅ နှစ်အတွင်းတွင် လယ်မလုပ်သော မြေရှင်တို့ပိုင် ဧကမှာ ၁,၃၁၀,၀၀၀ မျှ တိုးပွားလာခဲ့ပြီ။ သို့သော် ကိုယ်ပိုင်မြေလုပ်စားသော မြေရှင်ပိုင်ဧကမှာ ၁၈၀,၀၀၀ မျှသာတိုးခဲ့သည်။ အောက်ပါဇယား [၁၃] ကို ကြည့်ပါ။

| နှစ် | မိမိမြေကို မိမိကိုယ်တိုင် လုပ်သော တောင်သူလယ်သမားပိုင် မြေဧရိယာ | မိမိပိုင်မြေကို မိမိကိုယ်တိုင် မလုပ်သော မြေရှင်ပိုင် ဧရိယာ | အားလုံးပေါင်း မြေဧရိယာ |
|---|---|---|---|
| ၁၉၁၃–၁၄ | ၁၄,၅၈၀,၀၀၀ | ၂,၄၇၀,၀၀၀ | ၁၇,၀၅၀,၀၀၀ |
| ၁၉၁၈–၁၉ | ၁၄,၆၂၀,၀၀၀ | ၂,၈၈၀,၀၀၀ | ၁၇,၅၀၀,၀၀၀ |
| ၁၉၂၃–၂၄ | ၁၄,၆၈၀,၀၀၀ | ၃,၃၃၀,၀၀၀ | ၁၈,၀၁၀,၀၀၀ |
| ၁၉၂၈–၂၉ | ၁၄,၇၆၀,၀၀၀ | ၃,၇၈၀,၀၀၀ | ၁၈,၅၄၀,၀၀၀ |

ပြည်တွင်းဖူလုံရေး စီးပွားရေးစနစ်မှသည် အမြတ်ထုတ် စီးပွားရေးစနစ် (ကူးသန်းရောင်းဝယ်ရေး လယ်ယာလုပ်ငန်း) သို့ ရောက်သည်ရှိသော် ရှေးမြန်မာဘုရင်ခေတ် ပဒေသရာဇ်ခေတ်တို့၌ပင်လျှင် မကြုံခဲ့စဖူးသော မြေပိုင်ရှင်စနစ်သည် ထွန်းကားလာလေသည်။

ထိုအခါမှစ၍ မြန်မာတောင်သူလယ်သမားတို့သည် (၁) မြေယာလက်လွတ်ပြဿနာ၊ (၂) နိုင်ငံခြားသား မြေယာပိုင်ခြင်းပြဿနာ၊ (၃) သီးစားပြဿနာ၊ (၄) ကြွေးမြီထူခြင်း ပြဿနာတို့ကို ရင်ဆိုင်ခဲ့ရလေတော့သည်။

(၁၃) Report of the Burma Provincial Banking Enquiry Committee, (1929-30).

mgyoe.com

mgyoe.com

# (၂)

ယခင်အခန်းတွင် ပြဆိုခဲ့သည့် သဘောသွားမှာ ဝမ်းရေးထွန်ယက် စိုက်ပျိုးခြင်းမှသည် ကူးသန်းရောင်းဝယ်ရေး ထွန်ယက် စိုက်ပျိုးခြင်းစနစ်သို့ ပြောင်းလဲသွားသည့်အခါ မြေယာပြဿနာနှင့်တကွ ၎င်းပြဿနာကိုနွယ်၍ ဆင်းသက်လာသော ပြဿနာကြီးငယ်တို့ပါ မည်သို့မည်ပုံ ပေါ်လာသည် ဟူသော သဘောသွား ဖြစ်လေသည်။

ဤစီးပွားရေးစနစ်တစ်ရပ် ပြောင်းလဲလာသည့်အတွက် ရှေးမြန်မာတို့ မည်သို့ထိခိုက်ခဲ့ကြောင်းကို ယခုခေတ် မြန်မာတို့က လက်တွေ့အားဖြင့် သဘောပေါက်နိုင်ကြမည် မဟုတ်ချေ။ သာမန်မျှသာ သဘောထားမိကြပေလိမ့်မည်။ ဓနဗေဒသဘောအရ ယင်းသို့ အပြောင်းအလဲကာလ၏ သဘာဝတ္တကို ပေါ်လွင်အောင် ရေးသားထားသော စာတစ်စောင်တစ်ဖွဲ့ကို ညွှန်းပြပါဟုဆိုလျှင် ၁၉၃၈–၃၉ လောက်က ဦးကိုလေးနှင့် ဦးကံကြီးတို့ စပ်တူရေးသော စာတို့ကို ထုတ်ဖော်လိုပေသည်။[၁၄]

ထိုပုဂ္ဂိုလ်နှစ်ဦးက စီးပွားရေးခေတ်ဟောင်းမှ ခေတ်သစ်သို့ ပြောင်းလဲလာသောအခါ "အိပ်မက် မက်သကဲ့သို့" လည်းကောင်း၊ "ဘဝဟောင်းမှ ဘဝသစ်သို့" ပြောင်းလဲလာရဘိသကဲ့သို့ လည်းကောင်း၊ "ဗြုန်းစား ဗြင်းစား ရောက်လာကြသဖြင့် မှောင်ထဲတွင် လမ်းလျှောက်ရသည်နှင့်မခြား" စမ်းတဝါးဝါးနိုင်ကြောင်းကို သရုပ်ဖော်ခဲ့ရာ အလွန်ပင် ဆီလျော်လှသည်။ ထိုခေတ်ပြောင်းလဲမှုသဘောကို ကြည့်လျှင် ထိုစာရေးသူပုဂ္ဂိုလ်နှစ်ဦး ပြထားသည့်အတိုင်း ယူဉ်ကြည့်ရမည်ဖြစ်သည်။

---

(၁၄) မြန်မာပြည် လူဦးရေပြဿနာ – ရေးသူ မောင်ကံကြီး (ဘီအေ–ဘီအီးဒီ) နှင့် မောင်ကိုလေး (ဘီအက်စ်)။

mgyoe.com

mgyoe.com

ထို့ကြောင့် အောက်ပါအခြေနှစ်ရပ် နှိုင်းယှဉ်ချက်ကို လေ့လာပါလေ။

(၁) ဝမ်းရေး လယ်ယာစိုက်ပျိုးခြင်းခေတ်၌ အောက်ပါ အခြေတွင် တည်သည်။

က။ ။ ရွာတစ်ရွာနှင့်တစ်ရွာ ဆက်သွယ်လျက် လိုအပ်သော ပစ္စည်းများကို ပစ္စည်းချင်း လဲလှယ်၍သုံးခြင်း။

ခ။ ။ ထိုလဲလှယ် ရောင်းဝယ်သော ပစ္စည်းတို့မှာ အစားအစာများ ဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ပြောင်း၊ လူးဆတ်နှင့် အထည်အဝတ်အတွက် ဝါတို့သာဖြစ်ခြင်း။

ဂ။ ။ ယခုခေတ် ပစ္စည်းများကဲ့သို့ လှပဆန်းကြယ်သော ပစ္စည်းများ မဟုတ်ခြင်း။

ဃ။ ။ လူတို့နေနိုင်ရုံမျှသော ပစ္စည်းများသာ ဖြစ်ခြင်း။

င။ ။ ဝမ်းစာရလောက်ရုံမျှဖြစ်သော လယ်လုပ်ခြင်း၊ ယာလုပ်ခြင်း အမှုကို ပြုလုပ်ခြင်း။

(၂) စစ်မဖြစ်မီကခေတ်နှင့် ယခုခေတ်တွင် ရောက်ရှိနေသော ကူးသန်းရောင်းဝယ်ရေးအတွက် လယ်ယာစိုက်ပျိုးခြင်းစနစ်၌ အောက်ပါအတိုင်း အခြေတည်လျက်ရှိသည်။

က။ ။ တစ်ရွာနှင့်တစ်ရွာ၊ တစ်မြို့နှင့်တစ်မြို့၊ တစ်ပြည်နှင့်တစ်ပြည် ကမ္ဘာတစ်ဝန်းလုံးကို ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း၊ စကားပြောကြေးနန်း၊ သံကြိုး၊ ဝိုင်ယာလက်တို့ဖြင့် ဆက်သွယ်လျက်ရှိခြင်း။

ခ။ ။ နေနိုင်ရုံမျှသာဖြစ်သော ပစ္စည်းအနည်းငယ်သာ မဟုတ်ဘဲ မရေတွက်နိုင်သော ပစ္စည်းအမျိုးမျိုးတို့ ပေါ်ပေါက် ရောင်းဝယ်လျက်ရှိခြင်း။

ဂ။ ။ ကောက်ပဲသီးနှံတို့ကိုလည်း အကြီးအကျယ် စိုက်ပျိုးခြင်း။

ဃ။ ။ တစ်မြို့နှင့်တစ်မြို့၊ တစ်ရွာနှင့်တစ်ရွာ၊ အကူးအသန်းမှာလည်း မော်တော်ကား၊ မီးရထား၊ မီးသင်္ဘော၊ လေယာဉ်ပျံစသော ယာဉ်အမျိုးမျိုး ပေါ်ထွန်းလျက်ရှိသဖြင့် အသွားအလာ လွယ်ကူလျင်မြန်ခြင်း။

င။ ။ ငွေဒင်္ဂါး ပေါ်ပေါက်လာသဖြင့် ဝယ်ယူသုံးစွဲရာတွင် များစွာ လွယ်ကူ၍လာခြင်း။

mgyoe.com

mgyoe.com


စ။ ။ တောရွာတွင် နေထိုင်ကြသော လူတို့မှာ ရွာဓလေ့ ရွာထုံးစံ၊ မြို့ဓလေ့ မြို့ထုံးစံတို့ကို လိုက်နာရန် မလိုတော့ဘဲ ဥပဒေပုဒ်မတို့ကို လိုက်နာကြရခြင်း။

အထက်ပါ နှိုင်းယှဉ်ချက်နှစ်ရပ်ကို လေ့လာကြည့်လျှင် အပြောင်းအလဲ ဆိုသည်မှာ အဘယ်နည်းဟူသည်ကို သိသာလောက်ပေမည်။ လယ်ယာစိုက်ပျိုးခြင်းခေတ်မှ စက်မှုလက်မှု စိုက်ပျိုးခြင်းခေတ်သို့ ကူးပြောင်းခဲ့ရာတွင် အင်္ဂလန်နိုင်ငံသည်လည်း ကျွန်ုပ်တို့ကဲ့သို့ပင် အခက်အခဲ တွေ့ခဲ့ကြရသည်။ ယခု ဆက်လက်၍ ခေတ်ပြောင်းခေတ်လဲ၌ တောင်သူလယ်သမားတို့ ဘဝအခြေ မည်သို့ရှိသည်ကို သုံးသပ်၍ပြပါဦးမည်။

ဦးစွာပထမ ဆန်းစစ်ကြည့်ရန်မှာ ခေတ်အလျောက် ပေါ်ပေါက်လာသော လယ်သီးစားစနစ်သည် မည်သို့ရှိသနည်း ဟူသော အချက်ဖြစ်၏။

ထိုအချက်ကို လေ့လာရန်မှာ မြေပိုင်ဆိုင်မှုစနစ်ကို သိနှင့်ရဦးမည် ဖြစ်သည်။

မြန်မာဘုရင်လက်ထက်က မြေပိုင်မှုစနစ်နှင့် အင်္ဂလိပ်ဘုရင်လက်ထက် မြေပိုင်မှုစနစ် ရွေ့လျားခဲ့ပုံကို ယခင်အခန်းတွင် ဖော်ပြပြီးပြီ။ ဗြိတိသျှ အုပ်ချုပ်ရေးလက်အောက်သို့ ရောက်လာသောအခါ မြေယာအားလုံးသည် နိုင်ငံပိုင် ဖြစ်လာခဲ့သည်။

အထက်မြန်မာနိုင်ငံအတွက် non- State Land ခေါ် နိုင်ငံတော်ပိုင် မဟုတ်သော မြေယာမျိုး ရှိခဲ့သည်။ သို့ရာတွင် နိုင်ငံတော်ပိုင်မြေကိုဖြစ်စေ၊ နိုင်ငံတော်ပိုင်မဟုတ်သော မြေကိုဖြစ်စေ ဝင်ရောက်နေထိုင်ပိုင်ဆိုင်မှုကို ကွက်၍ ကြည့်လျှင် နိုင်ငံတော်အစိုးရသည်သာလျှင် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်လေသည်။

နိုင်ငံတော်အစိုးရက တိုင်းသူပြည်သားတစ်ဦးကို ထိုပိုင်ဆိုင်ခွင့် လွှဲပြောင်းပေးနိုင်သည်။ ထိုအခွင့်အရေးကို မြေပေါ်တွင် လုပ်ကိုင်စားသောက်၍ ဆယ့်နှစ်နှစ်ပတ်လုံး အခွန်တော်ကို မပျက် ထမ်းဆောင်လာသူအား ပေးထားလေသည်။

များစွာသော မြေယာကေတို့ကို အစိုးရက ချထားသော စနစ်လည်း ရှိသေးသည်။ ထိုစနစ်မှာ စိုက်ပျိုးနိုင်သော ဧရိယာကို ငွေရှင်တို့ကခြံ၍ ငွေကြေးစိုက်ထုတ်ကာ လယ်ယာတိုးချဲ့ စိုက်ပျိုးခြင်းကို အကြောင်းပြု၍ တီထွင်

mgyoe.com

mgyoe.com


သောစနစ် ဖြစ်သည်။ ထိုစနစ်ကို ပတ္တာခံသောစနစ်ဟု ခေါ်သည်။ ထိုစနစ် အရ ပတ္တာမြေကို ၁၉၀၉ ခုနှစ်အထိသာ ခံယူနိုင်ခွင့်ပေးသည်ဟု အစိုးရ မှတ်တမ်းများအရ သိရှိရသည်။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင် တွေ့ကြုံသော ဗဟုသုတအရမှာ ရခိုင်တိုင်းနှင့်တကွ အလားတူ မြေရိုင်းများပေါသော ဒေသ တို့တွင် ပတ္တာခံယူသောစနစ်သည် စစ်ကြီးမဖြစ်မီခေတ်အထိပင်လျှင် တွင်ကျယ် ခဲ့ဖူးသည်။

ဗြိတိသျှအစိုးရ၏ ရည်ရွယ်ချက်မှာ မြေရှင်ကြီးစနစ်ကို အားမပေးဘဲ မြေကိုထွန်ယက်လုပ်ကိုင်သူ တောင်သူလယ်သမား၊ သို့မဟုတ် တိုင်းရင်းသား မြေရှင်ကလေးများပိုင်စနစ်ကို အားပေးရန် ရည်ရွယ်သည်ဟုဆို၏။[၁၅] သို့ သော် လက်တွေ့၌ မည်သို့ဖြစ်ခဲ့သည်ကို ယခုခေတ် ကျွန်ုပ်တို့ မျက်ဝါးထင်ထင် မြင်ခဲ့ရပြီ။

မြန်မာနိုင်ငံတွင် မြေရှင်အပြင် လယ်သီးစားဟူ၍ ပေါ်ပေါက်လာသော နှစ်ကို ခရစ်နှစ် ၁၈၈၀ ဟု အမှတ်အသားရှိ၏။ ထိုအမှတ်အသားထက် ပိုမိုသေချာအောင် လယ်သီးစားဟူသော လူတန်းစား စတင်ပေါ်ပေါက်ခြင်း ၏ ရာဇဝင်အနုစိတ်ကို သုတေသနပြုလိုသူတို့ ဆက်လက်ပြုကြရန်ပင် ဖြစ် သည်။ အကျဉ်းအားဖြင့်ဆိုရသော် လယ်သီးစားစနစ်သည် မြန်မာ မြေပေါ်၌ ဗြိတိသျှ အုပ်ချုပ်ရေးကို တည်ဆောက်လိုက်သည်နှင့် တစ်ပြိုင်နက် ပေါ်ပေါက် လာသည်ဟု ဆိုရန်ရှိပေသည်။

မြန်မာ့ခေတ်၌မူ မိမိမြေကို မိမိထွန်ယက်စိုက်ပျိုးသော မြေရှင်နှင့် သူရင်းငှား လယ်လုပ်သားတို့သာ ရှိလေသည်။

ယခုအခြေတွင် မြန်မာနိုင်ငံ၌ (၁) မိမိကိုယ်တိုင် လယ်ကို ထွန်ယက် စိုက်ပျိုးခြင်း မလုပ်သော မြေရှင် လူတန်းစားနှင့် (၂) မိမိကိုယ်တိုင် လယ်ကို ထွန်ယက်စိုက်ပျိုးသော မြေရှင် လူတန်းစားနှစ်ရပ် ပေါ်လာခဲ့သည်။

ထိုလူတန်းစားနှစ်ရပ်တို့ ပိုင်ဆိုင်သောမြေမှာ တဖြည်းဖြည်းနှင့် အချိုး အစားမကျ ဖြစ်ခဲ့ရလေရကား ၁၉၃၅–၃၆ ခုနှစ်တိုင်သော် မြေယာအခြေမှာ ဤသို့ဖြစ်ခဲ့ရပြန်သည်။[၁၆]

---

(၁၅) Report of the Land and Agriculture Committee, (1938).

(၁၆) Land Revenue Administration Report, (1935-36).

mgyoe.com

mgyoe.com


၁။ ထွန်ယက်စိုက်ပျိုးမြေဧရိယာ

| | | |
|---|---|---|
| အောက်မြန်မာပြည် | ၁၁,၀၅၆,၀၁၈ | ဧက |
| အထက်မြန်မာပြည် | ၈,၀၉၃,၀၈၂ | ။ |
| နှစ်ရပ်ပေါင်း | ၁၉,၁၄၉,၁၀၀ | ။ |

၂။ တောင်သူလယ်သမားများကိုယ်တိုင် လုပ်သောမြေ

| | | |
|---|---|---|
| အောက်မြန်မာပြည် | ၅,၈၀၂,၉၃၆ | ဧက |
| အထက်မြန်မာပြည် | ၆,၉၈၇,၅၆၁ | ။ |
| နှစ်ရပ်ပေါင်း | ၁၂,၇၉၀,၄၉၇ | ။ |

၃။ တောင်သူလယ်သမားမဟုတ်သူ မြေရှင် မြီရှင်ပိုင်မြေ

| | | |
|---|---|---|
| အောက်မြန်မာပြည် | ၅,၂၅၃,၀၈၂ | ဧက |
| အထက်မြန်မာပြည် | ၁,၁၀၅,၅၂၁ | ။ |
| နှစ်ရပ်ပေါင်း | ၆,၃၅၈,၆၀၃ | ။ |

၁၉၃၅–၃၆ ခုတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြေဧရိယာ၏ ထက်ဝက်နီးပါးဖြစ်သော ရာခိုင်နှုန်း ၃၄ သည် မိမိမြေကို မိမိလုပ်မစားသော မြေရှင်များနှင့် မြီရှင်များလက်ထဲ၌ ရှိနေလေသည်။ အောက်မြန်မာပြည်အဖို့ ကြည့်လျှင် မြေရှင်များလက်သို့ မြေယာအားလုံး၏ တစ်ဝက်ကျော်သည် ကျဆင်းခဲ့ရပြီ။

ဤအခြေကို ၁၉၃၇ ခုနှစ်၌ ဖြစ်ပျက်နေသော ဂျပန်ပြည် အခြေအနေနှင့် နှိုင်းယှဉ်ကြည့်အပ်၏။ ဂျပန်ပြည်၌ မိမိမြေကို မိမိမလုပ်သော မြေရှင်ကြီးတို့က မြေအားလုံး၏ ၅၇ ရာခိုင်နှုန်းကို ပိုင်ဆိုင်နေကြ၏။ တောင်သူလယ်သမားတို့ လက်ရှိမြေကား ၄၇ ရာခိုင်နှုန်းမျှသာဖြစ်၏။[၁၇]

အထက်ပါ စိုက်ပျိုးဧရိယာ ၁၉,၁၄၉,၁၀၀ အနက် လယ်သီးစားများ လုပ်ကိုင်သော ဧရိယာမှာ အထက်က ပြဆိုခဲ့သော ၁၉၃၅–၃၆ အခွန်တော် အစီရင်ခံစာအရ အောက်ပါအတိုင်း ဖြစ်လေသည်။

(၁၇) Land Problem in Burma, by Htin Fatt in the Nation dated June 6, 1950.
နောက်ဆက်တွဲ (က) ကို ရှု။

mgyoe.com

| | | |
|---|---|---|
| အောက်မြန်မာပြည် | ၆,၃၇၂,၄၅၂ | ဧက |
| အထက်မြန်မာပြည် | ၂,၆၄၆,၀၇၆ | ။ |
| နှစ်ရပ်ပေါင်း | ၉,၀၁၈,၅၂၈ | ။ |

အထက်ပါ ဂဏန်းအရ မြန်မာနိုင်ငံတွင် လယ်သီးစားတို့ လုပ်ကိုင်သောမြေမှာ ၄၉.၉ ရာခိုင်နှုန်းရှိ၍၊ မြေရှင်တို့ ပိုင်ဆိုင်၍ တစ်စိတ်တစ်ဒေသ လုပ်ကိုင်သောမြေမှာ ရာခိုင်နှုန်း ၅၀.၁ ဖြစ်လေသည်။ အကြမ်းအားဖြင့် မြေတစ်ဝက်နီးပါးမှာ လယ်သီးစား ချထားသောမြေများ ဖြစ်သတည်း။

လယ်သီးစားနှင့် လယ်ပိုင်ရှင်တို့၏ ဆက်ဆံရေး ပြေပြစ်မှုမှာ တရားမျှတသော သီးစားခနှုန်းအပေါ်၌ တည်ပေသည်။ သို့သော် ထိုနှုန်းထားကို ဆုံးဖြတ်ရာ၌ လယ်သီးစား၏ ထင်မြင်ချက်ထက် လယ်ရှင်၏ ထင်မြင်ချက်သည် ပိုမို၍ တရားဝင်လျက်ရှိခဲ့သည်ကို တွေ့ရပေသည်။ လယ်သီးစားလူတန်းစားတို့မှာ ပြောရေးဆိုခွင့်များစွာရှိသူတို့ မဟုတ်ချေ။ ပြောရေးဆိုခွင့်ကို ပေးသည့်အခါ၌လည်း မိမိနစ်နာချက်တို့ကို တရားဝင်အောင် ပြောတတ်သူများလည်း မဟုတ်။ တရားဝင်အောင် ပြောရာဆိုရာ၌လည်း အောင်သွယ်ထား၍ ပြောဆိုရလေသည်။ အောင်သွယ်ထား၍ ပြောဆိုပြန်ပါလျှင်လည်း တရားရုံး၌ မှိခိုကပ်ရပ် စားသောက်နေကြသော သူတို့ကိုပင်လျှင် ခေါင်းဆောင်တင်၍ ပြောဆိုနေရပြန်ရာ၊ အဆင့်ဆင့် ခေါင်းပုံဖြတ်ခြင်းကိုသာ ခံကြရရှာသည်။ ဤသဘောသွားကို ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့က ဖွဲ့စည်းခဲ့သော မြေနှင့် လယ်ယာကော်မတီဝင် ပုဂ္ဂိုလ်တို့က အတန်ငယ် သဘောပေါက်ခဲ့ကြဟန်တူ၏။ ထို့ကြောင့် ထိုကော်မတီ၏ အစီရင်ခံစာ၌ တရားမျှတသော လယ်သီးစားနှုန်းထား ဆိုသည်မှာ လယ်သမားတစ်ဦး၏ လယ်စရိတ်နှင့်တကွ လယ်သမား၏ တစ်အိမ်ထောင် စားနိုင်သောက်နိုင်လောက်အောင် အခြေခံ စားစရိတ်တို့ကို လယ်ထွက်စပါးမှ နုတ်လိုက်ပြီးသည့်နောက် ကျန်သည့် အကျိုးအမြတ်စပါး၏ ထက်ဝက်ခန့်သည်သာလျှင် လယ်ရှင်၏ သီးစားခဖြစ်ထိုက်၏ဟု အကြံပေးထားပေသည်။

စင်စစ် တရားမျှတသောနှုန်းထားကို လူတို့ကြံဆသော စာရင်းအင်း၊ ဂဏန်းများနှင့်တကွ ချိန်ထိုး၍ သတ်မှတ်ခဲ့ရာ ယနေ့တိုင်အောင်ပင်လျှင် နှစ်ဦးနှစ်ဖက်က မျှတသည်ဟု ဆုံးဖြတ်ထားသော နှုန်းထားများ မပေါ်ပေါက်

mgyoe.com

mgyoe.com

သေး။ ထို့ကြောင့် ပြည်ထောင်စု နိုင်ငံတော်အစိုးရကပင်လျှင် ကမကထပြု၍ အခွန်တော် နှစ်ဆ လယ်သီးစားခဟူ၍ ကြိတ်နှုန်းဖြင့် ပြဋ္ဌာန်းထားရသည်။ ဤဆုံးဖြတ်ချက်သည်ပင်လျှင် လယ်ရှင် လယ်သီးစား နှစ်ဦးနှစ်ဖက်က မျှတသည်ဟု အကျေအနပ်လက်ခံသော နှုန်းထား ဟုတ်၏ မဟုတ်၏ ဟူသည်ကို အနာဂတ်ရာဇဝင်က ဆုံးဖြတ်ပေလိမ့်ဦးမည်။ လက်ရှိအခြေ၌ ဥပဒေပြဋ္ဌာန်းချက်အတိုင်းသာလျှင် ဖြစ်ရပေမည်။

မည်သို့ပင်ဆိုစေကာမူ ဗြိတိသျှလက်ထက်က အစီရင်ခံစာအရ၌ပင်လျှင် လယ်ရှင်နှင့် လယ်သီးစားတို့ နှစ်ဦးနှစ်ဖက် မျှတစွာ အကျိုးခံစားနေရသည်မဟုတ်ဘဲ လယ်ရှင်တို့သာ အကျိုးခံစားခွင့် ပို၍ရနေသည်ကို ယေဘုယျအားဖြင့် တွေ့ရပြီ။

ကျွန်ုပ်တို့သည် ယေဘုယျအားဖြင့် ဖြစ်နေသည့် အခြေကို ပြောဆိုခြင်းဖြစ်သည်။ မိမိကိုယ်တွေ့ကို ပြောရလျှင် လယ်ရှင်နှင့် လယ်သီးစားတို့ ဒိုးတူဘောင်ဖက် အလုပ်လုပ်ကြ၍၊ လယ်ရှင် နစ်နာသည့်အခါ လယ်သီးစားက ကူညီ၍၊ လယ်သီးစား နစ်နာသည့်အခါ လယ်ရှင်က ကူညီသည့် ထုံးတမ်းတို့ကို တွေ့ခဲ့ရဖူးပါ၏။ လယ်လုပ်နှစ် ကုန်ဆုံးသောအခါ လယ်သီးစား၏ အဝင်အထွက်အရ အသုံးတို့ကို ချင့်ချိန်၍ လယ်သီးစားခကို နှစ်ဦးသဘောတူဆုံးဖြတ်ခံယူကြခြင်း၊ ဟော့ဟော့ရမ်းရမ်း မသုံးစွဲပါဘဲလျက် အဝင်အထွက် မမျှ၍ တင်ရှိနေသော ကြွေးမြီတို့ကို လျော်ပစ်ခြင်းစသော နှစ်လို့ဖွယ်ရာ ဆက်ဆံမှုတို့ကို တိုင်းရင်းသားထဲ၌ အများအပြား တွေ့ခဲ့ရပါ၏။ ရိုးရိုးပြောရသော် နိုင်ငံခြားသား လယ်ရှင်ထဲ၌ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို မတွေ့မိပါ။ အနည်းငယ်ရှိကောင်း ရှိပေမည်ဟူ၍ကား ထောက်ထား စာနာမိပါသည်။

လယ်သီးစားတို့ လုပ်ကိုင်သောမြေမျိုးများ ဧရိယာ ပိုမိုတိုးတက်လာပုံကို မအူပင်ခရိုင်မှ သာဓကတို့ကို ထုတ်ဖော်၍ ဇယားဖြင့် ဖော်ပြလိုသေးသည်။ အောက်ပါဇယား[၁၈] ကို ကြည့်လျှင် တစ်နှစ်ထက် တစ်နှစ် မြေရှင်ဦးရေ တိုးတက်လာသည်နှင့်အမျှ လယ်သီးစားဘဝနှင့် လုပ်ကိုင်ရသောမြေများ ဧရိယာပိုလာသည်ကို တွေ့ရပေလိမ့်မည်။

(၁၈) Report on the Second Revision Settlement of the Maubin District, Season, 1925-28 by U Tin Gyi.

mgyoe.com

mgyoe.com


| ကြေးတိုင်စိုက်နှစ် | လယ်သီးစားဦးရေ | အငှားချ ဧရိယာ | ဧရိယာ တစ်ခုလုံးတွင် သီးစားတို့ လုပ်သော မြေ ရာခိုင်နှုန်း |
|---|---|---|---|
| ၁၈၈၉–၉၁ | ၄,၈၄၈ | ၆၅,၁၄၁ | ၃၁.၃၄ % |
| ၁၉၀၄–၀၆ | ၅,၉၁၁ | ၁၁၂,၃၀၃ | ၂၅.၅၂ % |
| ၁၉၂၅–၂၈ | ၁၄,၅၁၁ | ၂၆၉,၁၂၀ | ၄၉.၃၇ % |

အထက်ပါဇယားသည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့ လယ်သီးစား ဘဝ သက်လျှောက်ကြရပုံ နှုန်းထားကို ဖော်ပြပေသည်။ လယ်သီးစားဦးရေ တိုးတက်လာလေလေ လယ်ကိုလုရ၍ ငှားကြသောကြောင့် လယ်ထောက်ခ ကြီးလေလေဖြစ်သည်။

ယခု ကျွန်ုပ် ရည်ညွှန်းသော မအူပင်ခရိုင် ကြေးတိုင်စိုက် အစီရင်ခံစာ အရ လယ်သီးစားခနှုန်းကြီးမြင့်ပုံကို အောက်ပါအတိုင်း ဖော်ပြပါသည်။

၁၈၈၉–၉၁ လယ်တစ်ကေလျှင် ပျမ်းမျှကြေး အခငွေ ၅–၁၁ ပဲ။ သို့မဟုတ် စပါး ၉.၈၄ တင်း။

၁၉၀၄–၀၆ လယ်တစ်ကေလျှင် ပျမ်းမျှကြေး အခငွေ ၉–၁၅ ပဲ– ၇ ပိုင်။ သို့မဟုတ် စပါး ၁၁.၁၂ တင်း။

၁၉၂၅–၂၈ လယ်တစ်ကေလျှင် ပျမ်းမျှကြေး အခငွေ ၂၁–၆ ပဲ– ၉ ပိုင်။ သို့မဟုတ် စပါး ၁၃.၀၂ တင်း။

၁၉၃၃–၃၅ ခုနှစ်တွင် အင်းစိန်ခရိုင်အတွက် မစ္စတာအိပ်ချ်၊ စီ၊ ဘိတ်ကား (H . C . Baker) ၏ ကြေးတိုင် အစီရင်ခံချက်အရ တောင်သူ လယ်သမားတစ်ဦး၏ ပုံစံပြ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ လယ်ကေ ၃၃ ကေ။ တစ်ကေလျှင် စပါး ၄၁ တင်း ထွက်၍ စပါးဈေး ၁၁ဝ ပေါက်လျှင် ရနိုင်မည့် သင့်ငွေ ၁၄၈၈ကျပ်။

mgyoe.com

mgyoe.com

၂။ နုတ်ရန်။

| | |
|---|---|
| တစ်ဧက ၁၄-၈ပဲ နှုန်းနှင့် လယ်လုပ်စရိတ် | ... ၄၇၈ိ |
| လယ်ရှင်ထံမှ ငွေ ၁၅၀ကို ၅ တိုးနှင့်ချေး၍ ရှစ်လကြာသော် ပြန်ဆပ် | ... ၁၇၄ိ |
| စပါးပေးပြန်ဆပ် | ... ၅၅ိ |
| လယ်သီးစားခ တစ်ဧကလျှင် ၁၅-၈ ပဲနှုန်း | ... ၅၁၂ိ |
| မျိုးစပါးဖိုး | ... ၂၇ိ |
| | ၁၂၄၆ |

တစ်နှစ်လုံးအတွက် လယ်သမား၏ လက်ကျန်ငွေ ... ၂၄၂ိ။

လယ်သမားအတွက် ပြဿနာမှာ ကလေးရောလူကြီးပါ မိသားတစ်စု တစ်အိမ်ထောင် လူငါးယောက်အတွက် နောက်လာမည့် ၁၂ လအတွင်း ငွေ ၂၄၂ နှင့် မည်သို့ နေထိုင်စားသောက်ရမည်နည်း ဟူသော ပြဿနာ ဖြစ်လေသည်။

သို့သော် မစ္စတာဘိတ်ကား နမူနာပြသော လယ်သမား၏ အခြေမှာ လောကနိဗ္ဗာန် ဖြစ်သည်။ မစ္စတာဘင်းန်စ်[၁၉] ဖော်ပြသော စာရင်းအရဆိုလျှင် သာ၍ ကြောက်ဖွယ်ကောင်းပေသည်။ အောက်ပါတို့ကို သုံးသပ်ကြည့်ပါ။

(က) ဟံသာဝတီ (ကွမ်းခြံကုန်း)

| | | |
|---|---|---|
| တစ်ဧကလျှင် ၂၇ တင်းခန့်ထွက် လယ် ၄၈ ဧကမှ ရသော စပါးကို တစ်ပိဿာဈေးနှုန်းသင့် | | ၁၂၉၀ိ |
| **နုတ်ရန်** | | |
| လယ်သီးစားခသင့်ငွေ | ၅၆၄ိ | |
| လယ်လုပ်ခသင့်ငွေ | ၆၉၆ိ | |
| စားစရိတ် | ၂၇၆ိ | |
| အတိုးဆပ် | ၃၈ိ | |
| | ၁၅၇၄ိ | ၁၅၇၄ိ |
| လိုငွေ | | - ၂၈၄ိ |

(၁၉) Agricultural Economy in Burma, by B. O. Binns.

mgyoe.com

mgyoe.com



(ခ) ပုသိမ် (ငပုတော)

| | | |
|---|---|---|
| တစ်ကေလျှင် ၂၅ တင်းထွက်သော<br>လယ်မြေကေ ၄၁ မှ စပါးထွက်ကို<br>စပါးဈေး တစ်ပိသာနှုန်းသင့် | | ၁၀၂၀ိ |
| **နုတ်ရန်** | | |
| လယ်သီးစားခသင့်ငွေ | ၂၄၀ိ | |
| လယ်လုပ်ခ | ၅၆၀ိ | |
| စားစရိတ် | ၂၇၆ိ | |
| အတိုးဆပ် | ၃၂ိ | |
| | ၁၁၀၈ိ | ၁၁၀၈ိ |
| လိုငွေ | | − ၈၈ိ |

(ဂ) ကျိုက္ကမိ (ဂြိုင့်)

| | | |
|---|---|---|
| တစ်ကေလျှင် တင်း ၃၀ ထွက်သော<br>လယ်မြေ ၁၈ ကေမှ စပါးထွက်ကို<br>စပါးဈေး တစ်ပိသာနှုန်းသင့် | | ၅၃၅ိ |
| **နုတ်ရန်** | | |
| လယ်သီးစားခသင့်ငွေ | ၁၃၂ိ | |
| လယ်လုပ်ခ | ၁၁၀ိ | |
| စားစရိတ် | ၂၇၆ိ | |
| အတိုးဆပ် | ၁၈ိ | |
| | ၅၃၆ိ | ၅၃၆ိ |
| လိုငွေ | | − ၁ိ |

(ဃ) ကျိုက္ကမိ (ဘီလူးကျွန်း)

| | | |
|---|---|---|
| တစ်ကေလျှင် ၄၃ တင်းခန့်ထွက်သော<br>လယ်မြေ ၂၆ ကေမှ စပါးထွက်ကို<br>စပါးဈေး တစ်ပိသာနှုန်းသင့် | | ၁၁၃၆ိ |
| **နုတ်ရန်** | | |
| လယ်သီးစားခသင့်ငွေ | ၄၈၁ိ | |
| လယ်လုပ်ခ | ၃၃၈ိ | |
| စားစရိတ် | ၂၇၆ိ | |
| အတိုးဆပ် | ၂၁ိ | |
| | ၁၁၁၆ိ | ၁၁၁၆ိ |
| ပိုငွေ | | + ၂၀ိ |

mgyoe.com

mgyoe.com


မစ္စတာဘင်းန်စ် ပြဆိုသော သာဓကတို့တွင် လယ်နှင့် ပတ်သက်သမျှသော တောင်သူလယ်သမားတို့၏ ဝင်ငွေမှာ အမြဲလိုနေသည်ကို ပြသည်။ ယာသမား ကိုင်းသမားနှင့် ကြံစိုက်သမားတို့အတွက်ကား ပိုငွေအတော်အတန် ရှိခဲ့သည်။ ဥပမာ ပျဉ်းမနားနယ် ဘိန့်ပိန်တောင်အရပ်၌ ကြံသမားအတွက် တစ်နှစ်လျှင် လက်ကျန်ငွေ အသားတင် ၃၁၅ အထိ ရနိုင်သည်။ ပခုက္ကူ ပေါက်နယ်၌ ပဲခင်း ပြောင်းခင်းမှ တစ်နှစ်အတွက် အသားတင် ကျန်ငွေ ၂၆၃ ဖြစ်သည်။

လယ်သီးစားခ၊ လယ်စရိတ်၊ စားစရိတ်နှင့် လယ်သမား၏ ရငွေတို့ကို နှိုင်းယှဉ်ပြခဲ့ရာ၌ လယ်သမားသည် မည်ရွေ့မည်မျှ ဝင်ငွေ အတည်တကျ မရှိဘဲ လုပ်ရင်းလုပ်ရင်း ကြွေးတင် ကျွန်ဖြစ်သည့်ဘဝကို သရုပ်ဖော်ပြခဲ့ပြီ။ ဝင်ငွေ၌ အတည်တကျမရှိရုံသာမဟုတ်၊ လယ်လုပ်ရာ၌လည်း တစ်နေရာတည်းတွင် အတည်တကျ မလုပ်နိုင်ခဲ့ချေ။ လယ်သီးစား ဘဝမှာ ဤနှစ် ဤလယ်ကိုလုပ်ပြီးနောက် နောင်နှစ် ထိုလယ်သို့ ရွှေ့လုပ်ရပြန်သည်။ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင်လု၍ သီးစား ခံရသောကြောင့်၊ ယခုနှစ်အဖို့ ဖူလုံသော်လည်း နောင်နှစ်အဖို့ကို အမြဲ ကြောင့်ကြလျက် ရှိရပေသည်။ ဥပမာအားဖြင့် အောက်ပါဇယား[၂၀] ကို ကြည့်ပါဦး။

| | | တစ်နှစ် လုပ်ရ သော လယ် သီးစား | နှစ်နှစ် လုပ်ရ သော လယ် သီးစား | သုံးနှစ် လုပ်ရ သော လယ် သီးစား | လေးနှစ် လုပ်ရ သော လယ် သီးစား |
|---|---|---|---|---|---|
| ကျိုက္ကမိ | ၁၉၃၀–၃၁ | ၄၁% | ၁၉% | ၁၂% | ၂၉% |
| ပျဉ်းမနား | ၁၉၃၁–၃၂ | ၃၇.၅% | ၁၉.၅% | ၁၃% | ၃၁% |
| ပဲခူး | ၁၉၃၂–၃၃ | ၄၈% | ၁၇% | ၈% | ၂၇% |
| အင်းစိန် | ၁၉၃၃–၃၄ | ၄၇% | ၂၁% | ၁၀% | ၂၂% |
| မြောင်းမြ | ၁၉၃၄–၃၅ | ၄၃% | ၁၉% | ၁၃% | ၂၅% |

(၂၀) Report of the Land and Agricultural Committee, 1938.

mgyoe.com

mgyoe.com


တစ်ဖန် ဦးတင်ကြီး၏ မအူပင် ကြေးတိုင်စိုက် အစီရင်ခံစာ (၁၉၂၅–၂၈) ကို ပြန်ကြည့်လျှင် မအူပင်ခရိုင်၌ လယ်သီးစားဦးရေ ၁၄,၅၁၁ ရှိသည့် အနက် တစ်နှစ်မှ ငါးနှစ်အထိ မိမိလုပ်သော လယ်မြေကို မပြောင်းရ မရွှေ့ရဘဲ ပင်တိုင်လုပ်ကိုင်နိုင်သော လယ်သီးစားဦးရေမှာ ၁၁,၇၉၂ ဦး ရှိလေသည်။ ၎င်းဦးရေတွင် တစ်နှစ်သာမြဲသော လယ်သီးစားမှာ ၅,၆၂၀ ယောက်၊ နှစ်နှစ် အထိတည်မြဲသော လယ်သီးစားမှာ ၁,၈၉၆ ယောက်၊ လေးနှစ်မြဲသော လယ် သီးစားမှာ ၁,၀၄၇ ယောက်၊ ငါးနှစ်မြဲသော လယ်သီးစားမှာ ၃,၂၅၆ ယောက် ပါဝင်သည်။ သီးစားတစ်ရာလျှင် ၂၂ ယောက်သည် ငါးနှစ် ငါးမိုး စွဲစွဲမြဲမြဲ လုပ်နိုင်ရန် အခြေရှိသည်။ ငါးနှစ်ငါးမိုး လွန်သော် လယ်သီးစားတို့သည် ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းရပြန်သည်။ မရွှေ့ပြောင်းနိုင်သူတို့ကား လယ်သီးစားဘဝမှသည် သူရင်းငှားနှင့် လယ်ကူလီဘဝသို့ လျှောကျရပြန် လေသည်။

သို့သော် ဤမျှလောက် အဆိုးချည်းလည်းမဟုတ်။ ကူလီထောင် လိုက်ရင်းက သူရင်းငှားရာထူးသို့ တိုးတက်ကာ သီးစားဘဝသို့ ချီးမြှင့်ခံရ၍ လယ်ရှင်ဖြစ်သွားသော ဝီရိယရှင်တို့လည်း အများပင် ရှိချေသည်။ သို့သော် သာမာန်လယ်သမားလူထု၏ ဘဝကား သခါရအစစ် ဖြစ်ကြီး ဖြစ်လေတော့ သည်။

တောင်သူလယ်သမားတို့၏ သဘာဝကို သရုပ်ဖော်ရင်း ၎င်းတို့မြေယာ လက်လွတ်ဖြစ်ကာ မြေပိုင်ရှင်ကလေးနှင့် မြေပိုင်ရှင်ကြီးတို့ ထွန်းကားလာပုံကို အလျဉ်းသင့်သလို စာရင်းအင်း ရှင်းပြခဲ့ပြီ။ မြေပိုင်ရှင်ကလေးတို့ကား တိုင်းရင်း သားထဲမှ ပေါက်ဖွားလာခဲ့ကြ၏။ သို့သော် မြေပိုင်ရှင်ကြီးများကား နိုင်ငံ ခြားသားတို့သာ ဖြစ်သည်။ ထိုနိုင်ငံခြားသားတို့တွင် ချစ်တီးများ အများဆုံး ပိုင်ဆိုင်ကြသည်။ ယင်းသို့ ပိုင်ဆိုင်သည်ကို ဂဏန်းဖြင့် စာရင်းချ၍မပြမီ ချစ်တီးဟူသော လူမျိုး၏ ဇာတိပဝတ္တိကို ဖော်ပြဦးမှ တော်လိမ့်မည်။

တောသူ တောင်သား လယ်သမားတိုင်း ချစ်တီးကို သိသည်။ ချစ်တီး မှာ သူတို့၏အခေါ် ဖြစ်သည်။ မြို့နေလူထုကမူ ယဉ်ကျေးဖွယ်ရာ လောကွတ် ပျူငှာဖြင့် ချစ်တီးယားဟု ခေါ်ကြသည်။ ချစ်တီးယား၌ ယား ဟူသော ဝေါဟာရသည် တမိလ်ဘာသာစကားအားဖြင့် ဂုဏ်သိမ်ရှိသူကို လေးစားစွာ ခေါ်ဝေါ်ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com


ချစ်တီးယားလူမျိုးတို့သည် မဒရပ်နယ် ချစ်တီးနဒ်၌ နေထိုင်သော နတ္တုကောတိုင် အမျိုးမှ ပေါက်ဖွားလာသူများ ဖြစ်၏။ မြန်မာနိုင်ငံ၌ ချစ်တီးယားဟု သိမ်းကျုံးခေါ်ဝေါ်စေကာမူ ချစ်တီးယားတိုင်းသည် နတ္တုကောတိုင် အမျိုးမှ ဆင်းသက်လာသည်မဟုတ်၊ တမီလ်လူမျိုးများကိုလည်း ချစ်တီးယားဟု ခေါ်ဝေါ်ကြသေးသည်။

ချစ်တီးနဒ်၌ နေထိုင်သူတို့မှာ ဇာတ်အားဖြင့် ဗိသျှဇာတ် ဖြစ်သည်။ မဒရပ်နယ် ရာမနဒ်ခရိုင်ရှိ ရွာပေါင်း ၅၀ ရွာနှင့် ပုဒုကောတိုင် ပြည်နယ်မှ ရွာပေါင်း ၂၀ ခန့်တို့တွင် နေထိုင်ကြသည်။ ၁၉၂၁ ခု သန်းခေါင်စာရင်းအရ ချစ်တီးနဒ်၌ နေထိုင်သော ချစ်တီးယား လူဦးရေမှာ လေးသောင်းခန့် ရှိသည်ဟု ဆိုသည်။ ၎င်းတို့သည် ငွေချေးစားသော အလုပ်ကို လုပ်ကြသည်။ ၎င်းတို့သည် မိမိတို့၏ နေရင်းဌာနီ၌သာ ငွေတိုးချေးစားသည်မဟုတ်၊ မြန်မာပြည်၊ သီဟိုဠ်ကျွန်း၊ မလေးကျွန်းဆွယ်၊ စင်္ကာပူ၊ ကိုချင်ချိုင်းနား (ယခု အင်ဒိုချိုင်းနားကျွန်းဆွယ်)၊ ယိုးဒယား၊ ဂျာဝါ၊ စုမတြာ၊ မော်ရိရှပ်ကျွန်းစုတို့၌လည်း ငွေတိုးချေးစားကြသည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ဆယ်နှစ်ခန့်အတွင်း၌ ချစ်တီးလူမျိုးများပိုင်မြေကို မလေးကျွန်းဆွယ် အစိုးရက ပြန်လည်ဝယ်ယူသိမ်းပိုက်၍ ချစ်တီးတို့ကို နှင်ထုတ်သော အခြင်းအရာတို့ကို အချို့ မှတ်မိကြပေဦးမည်။

၎င်းတို့ မြန်မာနိုင်ငံသို့ လယ်ယာအတွက် ငွေချေးစားရန် လာရောက်သည့် ရာဇဝင်ကို ရှေ့တွင် ဖော်ပြပါမည်။ ယခု ချစ်တီးယားပိုင်မြေ မည်မျှရှိလာပုံကို ဖော်ပြလိုပေသည်။

ချစ်တီးပိုင်မြေများ တဖြည်းဖြည်း ထွန်းကားလာပုံ တစ်ဖက်ပါစာရင်း၌ကြည့်လေ။[၂၁]

(၂၁) Report of the Law and Agriculture Committee, 1938.

mgyoe.com

| နှစ် | စိုက်ပျိုးဧရိယာ (ထောင်ဂဏန်းနှင့်ပြထားသည်) | လယ်မလုပ်သူ မြေရှင်ပိုင် စိုက်ပျိုး ဧရိယာနှင့် ယှဉ်လျှင် ချစ်တီးယားပိုင်မြေ မည်မျှရှိမည်ဟူသော ရာခိုင်နှုန်း | စိုက်ပျိုး ဧရိယာ အားလုံးအနက်က ချစ်တီးယား မြေပိုင်ရှင် ပိုင်သော လယ်ဧက ရာခိုင်နှုန်း |
|---|---|---|---|
| ၁၉၃၀ | ၉၂၄၉ | ၁၉% | ၆% |
| ၁၉၃၁ | ၉၃၀၅ | ၂၅% | ၉% |
| ၁၉၃၂ | ၉၂၄၆ | ၃၆% | ၁၅% |
| ၁၉၃၃ | ၉၂၆၆ | ၄၃% | ၁၉% |
| ၁၉၃၄ | ၉၃၃၅ | ၄၇% | ၂၂% |
| ၁၉၃၅ | ၉၄၀၈ | ၄၉% | ၂၄% |
| ၁၉၃၆ | ၉၄၉၉ | ၄၉% | ၂၅% |
| ၁၉၃၇ | ၉၆၅၀ | ၅၀% | ၂၅% |

ရှစ်နှစ်ကာလအတွင်း ချစ်တီးယားမြေပိုင်ရှင်က တိုင်းရင်းသား မြေပိုင်ရှင်ကို အမီလိုက်ကာ တစ်နှစ်လျှင် လေးရာခိုင်နှုန်း ဦးရေတိုးလာခဲ့သည်။ ဤနှုန်းအတိုင်းသွားလျှင် ၁၉၃၇ ခုနှစ်မှ စ၍ရေလျှင် ၁၉၅၂ ခုနှစ်သို့ ရောက်သော် ၁၅ နှစ်မျှကာလအတွင်း တိုင်းရင်းသား မြေပိုင်ရှင်တို့ မျိုးပြုတ်ရပေမည်။ နောက်ဆုံး၌ မြန်မာနိုင်ငံ တစ်ဝန်းလုံး၏ လယ်မြေဧက တစ်ဝက်သည် ချစ်တီးယား လက်ထဲသို့ နောက်ထပ်မုချ ရောက်လာရဖို့ ရှိသည်။ စင်စစ်မှာမူ ၁၉၃၉ ခု ဇွန်လအတွက် စာရင်းအရဆိုသော် မြန်မာနိုင်ငံအောက်ပိုင်းရှိ လယ်စိုက်ပျိုးသောဒေသ ၁၃ ခရိုင်၌ ချစ်တီးယားပိုင်မြေတို့မှာ စိုက်ပျိုးဧရိယာ အားလုံး၏ တစ်ဝက် ရှိနှင့်ချေပြီ။

စပါးဈေး တစ်ပိဿာနှုန်းပေါက်လျက်ရှိသောခေတ် (ဒုတိယကမ္ဘာစစ် မဖြစ်မီနှစ်များ) က တောင်သူလယ်သမား မဟုတ်သော မြေရှင်ပိုင် မြေဧက၏ တန်ဖိုးကို မစ္စတာဘာင်းန်စ်က အောက်ပါအတိုင်း ခန့်မှန်းသည်။

| | |
|---|---|
| အောက်မြန်မာပြည် | ၆၇ $\frac{၁}{၄}$ ကုဋေ |
| အထက်မြန်မာပြည် | ၁၁ $\frac{၁}{၂}$ ကုဋေ |
| စုစုပေါင်း | ၇၈ $\frac{၃}{၄}$ ကုဋေ |

mgyoe.com

mgyoe.com

ဤအချိုးအတိုင်းတွက်လျှင် ချစ်တီးယားပိုင် မြေများမှာ ၃၉ ကုဋေ ကျော်ဖိုးမျှ ရှိလိမ့်မည်။ သို့သော် ဒုတိယကမ္ဘာစစ် မဖြစ်မီက ချစ်တီးယား တို့က သူတို့၏ မြေတန်ဖိုးမှာ တစ်ကေလျှင် စပါးတစ်ရာတန်သည်ဟူ၍ အကြမ်းအားဖြင့်ဆိုသော နှုန်းထားအရ တွက်ကြည့်လျှင် အောက်မြန်မာပြည်၌ တောင်သူလယ်သမား မဟုတ်သော မြေပိုင်ရှင်တို့၏ မြေမှာ ၅၄ ကုဋေဖိုး ရှိမည်။ အထက်မြန်မာပြည်၌ ထိုမြေမျိုးမှာ ၁၁ ကုဋေခွဲဖိုးခန့် ရှိမည်။ အားလုံး ပေါင်း ၆၅ ကုဋေခွဲ တန်ဖိုးရှိမည်။ ၎င်းအနက်က ချစ်တီးယား တစ်ဝက်ပိုင် သောကြောင့် ချစ်တီးယားတို့သည် ၃၃ ကုဋေဖိုးမျှသော မြေတို့ကို ပိုင်ဆိုင်လျက် ရှိသည်ဟု ဆိုရမည် ဖြစ်သည်။ ယခုခေတ် လယ်ခွန်တော် ဆယ့်နှစ်ဆနှုန်းဖြင့် တွက်စေကာမူ ချစ်တီးယားပိုင် မြေများမှာ အနည်းဆုံး ၁၅ ကုဋေကျော်မျှ တန်ဖိုးရှိပေလိမ့်ဦးမည်ဟု အကြမ်းအားဖြင့် ခန့်မှန်းမိသည်။

ချစ်တီးယားလူမျိုးတို့၏ အကြောင်းကို ပုဂ္ဂိုလ်အသီးသီးတို့က မှတ်တမ်း အသီးသီး တင်ကြသည်။ ဥပမာဆိုလျှင် ဒေါက်တာ အယ်လ်စီဂျိန်[၂၂] ၏ အဆို၌ ချစ်တီးယားလူမျိုးများအနက် နတ္တုကောတိုင် ချစ်တီးတို့သည် အိန္ဒိယပြည် တောင်ပိုင်းဒေသတွင် အလှူဒါနအရာ၌ အလွန်ရက်ရောသောလူမျိုးများ ဖြစ် ကြသည်ဟု ဆိုသည်။ သို့သော် သူတို့၏ ရက်ရောမှုကို စစ်ဆေးကြည့်ရှုပြန် သော် ဤသို့ တွေ့ရသည်။

၎င်းတို့သည် သျှိဝတည်းဟူသော ဗြဟ္မာကို ကိုးကွယ်သည်။ ထိုဗြဟ္မာ ကြီးသည် စည်းစိမ်ဥစ္စာတိုးတက်မှုကို ဆောင်ကြဉ်းနိုင်သည်။ ထို့ကြောင့် သျှိဝတည်းဟူသော ဗြဟ္မာကြီးအတွက် ကျောင်းဆောင်များ တည်ဆောက် ရာ၌ ထိုချစ်တီးယားလူမျိုးတို့သည် ငွေကို ငွေဟု မမှတ်၊ ရက်ရက်ရောရော လှူဒါန်းကြသည်။ ဤတစ်ချက်ကို ကြည့်ခြင်းအားဖြင့်လျှင် ထိုချစ်တီးယား လူမျိုးတို့သည် ငွေကြေးအပေါ်၌ မည်မျှ ဥပါဒါန် စွဲလမ်းသည်ကို သိသာနိုင် ပေပြီ။

စည်းစိမ်ဥစ္စာ ဘဏ္ဍာကြေးငွေကို စိုးပိုင်သော သျှိဝဗြဟ္မာကြီးများကို ကိုးကွယ်သူတို့အဖို့ ငွေကြေးရှာသည့် စံနစ်သည် အလွန် ကြီးကျယ်သည်ကို တွေ့ရပေသည်။ သာစတန် ဆိုသော ပုဂ္ဂိုလ်[၂၃] က နတ္တုကောတိုင် ချစ်တီးယား

(၂၂) Dr. L. C. Jain in "Indigenous Banking in India," published by Macmillan.
(၂၃) E. Thurston in "Castes and Tribes of Southern India."

mgyoe.com

mgyoe.com


လူမျိုးတို့နှင့် ပတ်သက်၍ မှတ်ချက်ချရာတွင် ၎င်းတို့သည် ဘဏ်လုပ်ငန်း၌ အလွန် အဆင့်အတန်းမြင့်စွာ စည်းရုံးမှုရှိသည်ဟု ဆိုပေသည်။ ၎င်းတို့သည် အင်္ဂလိပ်စာကို မတတ်ပါဘဲလျက် ၎င်းတို့၏ ဘဏ်လုပ်ငန်းစနစ်မှာ ဥရောပ ကုန်သည်တို့၏ နည်းနိသျှထက် သာလွန်ကောင်းမွန်လှပေသည်ဟု ချီးမွမ်း ထားသည်။

၁၉၂၇ ခုနှစ်တွင် မြန်မာပြည်ဘုရင်ခံဖြစ်သော ဆာဟာကုတ်ဘတ္တလာ ကလည်း ချစ်တီးယားတို့၏ ကျေးဇူးကြောင့် လွန်ခဲ့သော နှစ်ပေါင်း အစိတ် သုံးဆယ်အတွင်း မြန်မာပြည်သည် တိုးတက်လာခဲ့သည်ဟုဆို၍ ချစ်တီး လူမျိုးတို့ကို ချီးကျူးခဲ့ပေသည်။ သို့သော် ဆာဟာကုတ်ဘတ္တလာ ပြောသော "တိုးတက်" မှာ တိုင်းရင်းသားတို့နှင့် မည်သို့ ပတ်သက်သည် မပတ်သက် သည်ကို ဤဆောင်းပါး၏ ရှေ့နှင့်နောင်းတို့တွင် ပြဆိုသော အချက်အလက် စာရင်းအင်းတို့ကို ကြည့်၍ သုံးသပ်လေ့လာကြစေလိုသည်။ ဆာဟာကုတ် ဘတ္တလာ ချီးကျူးသမှုပြုခဲ့စေကာမူ ကျွန်ုပ်တို့ တိုင်းရင်းဖွားထဲက ကရင်လူမျိုး တစ်ဦးကမူ မြန်မာနိုင်ငံဘဏ်လုပ်ငန်း စုံစမ်းရေးကော်မတီထံသို့ ၎င်း၏ ထင်မြင်ချက်ကို မထောက်မညှာ ဘွင်းဘွင်းကြီး အစီရင်ခံခဲ့ဖူးသည်။

ထိုအစီရင်ခံချက်၏ သဘောကို တိုတိုနှင့် လိုရင်းရောက်အောင် ပြော ရမည်ဆိုလျှင် "ချစ်တီးယားတို့သည် ရောက်လေရာဒေသတို့ကို သွေ့ခြောက် အောင် ဖန်တီးသော နဂါးများနှင့်တူချေသည်။ ၎င်းတို့သည် သူတို့အတွက် အတိုးအညွန့်ရအောင် တစ်ဖက်သားထံမှ သွေးတစ်စက်မကျန်အောင် ညှစ်၍ ယူတတ်သော အကြင်နာကင်းမဲ့သည့် လူမျိုး ဖြစ်သည်။ ၎င်းအတွက် သာဓက ပြပါဟုဆိုလျှင် လွန်ခဲ့သော နှစ်ပေါင်း ၃၀၊ ၄၀ လောက်က ကျေးရွာသား ဆယ်ဦးတွင် ကိုးဦးမှာ မိမိလုပ်သောလယ်ကို မိမိပိုင်သည်။ ယခုအခါ (၁၉၂၉–၃၀) ၌ကား ရွာသားဆယ်ဦးတွင် တစ်ဦးမျှသာ မြေကို ပိုင်လေတော့ သည်။" ဟူလေသည်။

ထိုကရင်အမျိုးသားက ချစ်တီးများကို လူလိမ်လူညာ ဖြစ်၍ ညှဉ်းပန်း နှိပ်စက်တတ်သည်ဟု နာကြည်းသော စကားများကို ဆိုထားပေသည်။

ထိုချစ်တီးယားလူမျိုးများသည် မြန်မာနိုင်ငံသို့ ရောက်လာပုံ ရာဇဝင်ကို ပြောရမည်ဆိုလျှင် ယခင် ဖော်ပြခဲ့သော လူဝင် လူထွက် အကြောင်းကို ပြန်၍ ကြည့်ရှုကြစေလိုသည်။ ရာဇဝင် အမှတ်အသားတို့အဆို၌ ၁၈ ရာစုနှစ်က

mgyoe.com

mgyoe.com


ပင်လျှင် စစ်တကောင်းနှင့် မဒရပ်နယ်မှ အိန္ဒိယတိုင်းရင်းသားတို့ မြန်မာနိုင်ငံထဲသို့ ကုန်ကူးသန်းရောင်းဝယ်မှုအတွက် အဝင်အထွက် ရှိခဲ့သည်ဟု ဆိုပေသည်။ သို့ရာတွင် ထိုခေတ်က ချစ်တီးယားလူမျိုးတို့က မြန်မာတို့ထံတွင် ငွေချေးစားသည့်အလုပ် ရှိဟန်မတူသေးချေ။ ထိုစဉ်အခါက မြန်မာ့ စီးပွားရေးစနစ်မှာ ကြေးငွေအပေါ် အခြေပြုသော စနစ်မဟုတ်၊ ပစ္စည်းအပေါ် အခြေပြုသော စနစ်ဖြစ်ရကား ငွေချေးစားသူ၊ ငွေတိုးချစားသူ ဟူသည်မှာ ရှိဖို့ခဲယဉ်းလှပေမည်။ ရှိစေကာမူ ကြီးကျယ်လိမ့်မည်လည်း မဟုတ်။ ငွေချေးခြင်းလုပ်ငန်းကို လုပ်ကြပြန်လျှင်လည်း တိုင်းရင်းသားထဲမှ အချင်းချင်းသာ ဖြစ်ပေလိမ့်မည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်သောခေတ်သို့ ရောက်သည့်အခါကျမှသာလျှင် ချစ်တီးယားတို့ ငွေချေးရန်အလို့ငှာ မြန်မာနိုင်ငံသို့ ဝင်လာကြသည်ဟု အမှတ်အသားရှိသည်။ မြန်မာနိုင်ငံတွင် ချစ်တီးလူမျိုးတို့ အဦးဆုံး ငွေချေးလုပ်ငန်းကို စ၍လုပ်သည့်နှစ်မှာ ခရစ်နှစ် ၁၈၅၀ ခုနှစ်လောက်ကဖြစ်၍ စ၍လုပ်ရာဒေသမှာ မော်လမြိုင် ဖြစ်သည်။ အချို့ကလည်း ချစ်တီးတို့ ငွေချေးသည့်လုပ်ငန်းမှာ ရန်ကုန်မြို့တွင် ၁၈၅၂ ခုနှစ်လောက်က စသည်ဟု ဆိုပြန်သည်။ ပခုက္ကူနှင့် မင်းဘူးဒေသရှိ သက်ကြီးဝါကြီးတို့ ဆိုစမှတ်ပြုသည့် စကားရပ်အရဆိုလျှင် ထိုဒေသအသီးသီးတို့၌ပင် ၁၈၅၉ ခုနှစ်နှင့် ၁၈၇၇ ခုနှစ်တို့တွင် ချစ်တီးများ ဝင်ရောက်လာသည်ဟု ဆိုသည်။ သို့သော် ဤအချက်ကို မြန်မာပြည် ဘဏ်လုပ်ငန်းစုံစမ်းရေးကော်မရှင်က ယုတ္တိမတန်ဟုဆိုသည်။ စင်စစ် ချစ်တီးယားလူမျိုးတို့ မြန်မာပြည်သို့ လိမ့်ဝင်လာသောနှစ်မှာ စူးအက်တူးမြောင်းဖောက်သော ၁၈၆၉ ခုနှစ်၏ နောက်ပိုင်း၌ဖြစ်သည်။ ယေဘုယျအားဖြင့် ၁၈၇၀ ပြည့်နှစ်သည် ချစ်တီးယားလူမျိုးတို့ မြန်မာနိုင်ငံ၌ အခြေတည်သော နှစ်ဟူ၍ အကြမ်းအားဖြင့် ယူဆနိုင်ပေသည်။ ၁၈၈၆ ခုနှစ်တွင် အထက် မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းယူလိုက်ရာ ချစ်တီးယားတို့၏ လုပ်ငန်းများသည် အထက်မြန်မာနိုင်ငံ အနှံ့အပြား ရောက်သွားပြန်ခဲ့သည်။ အောက်မြန်မာနိုင်ငံကား ၁၈၈၉ ခုနှစ်တိုင်လျှင်ပင် မြိတ်ခရိုင်၊ သံလွင်ခရိုင်၊ သံတွဲခရိုင်၊ ကျောက်ဖြူ ခရိုင်နှင့် ရခိုင် တောင်တန်းဒေသတို့မှအပ အခြားအမြို့မြို့ အရွာရွာတွင် ချစ်တီးတို့၏ လုပ်ငန်းများ ပေါ်ပေါက်လာခဲ့ပြီး၊ ၁၈၉၀ ပြည့်နှစ်တွင် မန္တလေး၌ ချစ်တီးဆိုင်ဖွင့်သည်။ ၁၈၉၁ ခုနှစ်တွင် မြင်းခြံ၊

mgyoe.com

၁၈၉၂ ခုနှစ်တွင် မိတ္ထီလာ၊ ၁၈၉၄ ခုနှစ်တွင် ရွှေဘို စသည်တို့၌ ချစ်တီးဆိုင်များ ပေါ်ပေါက်လာသည်။ ၁၉ဝ၁ ခုနှစ် ရောက်သောအခါ မြစ်ကြီးနား၊ အထက် ချင်းတွင်း တောင်တန်းနယ်၊ ပခုက္ကူ တောင်တန်းနယ်တို့မှတစ်ပါး အထက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ချစ်တီးယားတို့ အနှံ့အပြား ရောက်ရှိလေပြီ။

နတ္တုကောတိုင် ချစ်တီးယားတို့၏ ငွေချေးလုပ်ငန်းသည် ၁၉၃ဝ တစ်ဝိုက်၌ မည်သို့အခြေစိုက်ခဲ့ပြီကို သိသာရန် အောက်ပါ ချစ်တီးယား၏ အထူးသန်းခေါင်စာရင်းကို ကြည့်ပါလေ။

| | ရန်ကုန် | အခြား ဒေသ | နှစ်ရပ် ပေါင်း |
|---|---|---|---|
| ၁။ ငွေချေးလုပ်ငန်း ဆိုင်ပေါင်း | ၃၃၇ | ၇၆၈ | ၁,၁ဝ၅ |
| ၂။ ငွေချေးလုပ်ငန်း ဆိုင်ခွဲပေါင်း | ၁၁၇ | ၇၂ | ၁၈၉ |
| | ၄၅၄ | ၈၄ဝ | ၁,၂၉၄ |

နတ္တုကောတိုင် ချစ်တီးယားလူမျိုးရော၊ တမီလ် လူမျိုးပါ ဖွင့်လှစ်ထားသော ငွေချေးလုပ်ငန်းဆိုင်များမှာ ၁၉၃ဝ ပြည့်နှစ်တွင် ၁၆၅ဝ လောက်ရှိမည်။ ၎င်းတို့အနက် ရန်ကုန်တွင် ဆိုင်ပေါင်း ၃၆ဝ လောက်ရှိ၍ ကျန် ၁၂ဝဝ ကျော်မှာ နယ်အသီးသီး၌ တည်ရှိသည်။ မြန်မာနိုင်ငံတွင် ရန်ကုန်မြို့ အပါအဝင် မြို့ပေါင်း ၂၁၇ မြို့၌ ချစ်တီးဆိုင်များ ရှိသည်။ ၎င်းတို့အနက် ၁၅၅ မြို့မှာ မြန်မာပြည်အောက်ပိုင်းဒေသမြို့များဖြစ်၍ ၅၅ မြို့မှာ အထက်ပိုင်းဒေသမြို့များ ဖြစ်ပြီးလျှင် ၇ မြို့မှာ ရှမ်းပြည်နယ်မှ မြို့များ ဖြစ်လေသည်။

၁၉၃ဝ ပြည့်နှစ်တစ်ဝိုက်တွင် မြန်မာနိုင်ငံ၌ ချစ်တီးလူမျိုးများတို့ ငွေချေးလုပ်ငန်းနှင့် ပတ်သက်၍ အရင်းမြှုပ်ငွေမှာ ၇၅ ကုဋေခန့်ရှိမည်ဟု ခန့်မှန်းသည်။ သို့သော် ၁၉၄ဝ ပြည့်၌မူကား အရင်းငွေ ဝင်နေသည်မှာ အနည်းဆုံး ကုဋေ ရှစ်ဆယ်ကျော်၊ တစ်ရာနီးပါးမျှ ရှိနိုင်ပေလိမ့်မည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးရေးနှင့်ပတ်သက်သော ငွေပင်ငွေရင်းကို ငွေတိုးချစားသူ ချစ်တီးယားတို့က မြှုပ်နှံပေးသည်မှာ မှန်ပါပေသည်။ မြန်မာပြည်ဘုရင်ခံဖြစ်သူ ဆာဟာကုတ် ဘတ္တလာက ထိုငွေရှင် ကြေးရှင်တို့၏ အကြိုက်

mgyoe.com

mgyoe.com


ကိုလိုက်၍ ပြောခဲ့ရာ၌ ချစ်တီးယားတို့၏ ငွေပင် ငွေရင်းကြောင့် မြန်မာနိုင်ငံ တိုးတက်ခဲ့သည်ဟုဆိုသည့် လောကွတ်စကားကိုမူ ကျွန်ုပ်တို့ လေးလေးနက်နက် စဉ်းစားဖို့ပင် မလိုပြီ။ တဖြည်းဖြည်းနှင့် မြန်မာနိုင်ငံအောက်ပိုင်း တစ်ပိုင်းလုံး၏ ထက်ဝက်ခန့်သော စိုက်ပျိုးဧရိယာသည် ချစ်တီးယားတို့၏ လက်ထဲသို့ ကျရောက်ခြင်းကပင်လျှင် မြန်မာ့တိုးတက်ရေးဆိုသည်မှာ အဘယ်နည်းဟု မေးဖွယ်ရှိသည်။ စင်စစ် မြန်မာ့ရေမြေတို့သည် ချစ်တီးတို့၏ လက်ထဲသို့ ကျရောက်ခဲ့ခြင်း အကြောင်းတစ်ရပ်မှာ ချစ်တီးတို့၏ ငွေတိုးငွေညှန့်ရူးစားခြင်းကြောင့်ဖြစ်ရာ "ချစ်တီးတိုး" ဟူသည်မှာ အဘယ်ပုံရှိသည်ကို ဆန်းစစ်၍ပြပါမည်။

သာမန်အားဖြင့် တောင်သူလယ်သမားတို့ ငွေချေးသောစနစ် နှစ်မျိုးရှိသည်။ ငွေတိုးပေး၍ ချေးယူခြင်းနှင့် စပါးပေးယူခြင်း ဖြစ်သည်။

ငွေတိုးမှာ ချေးငွေရင်း နည်းလျှင် အတိုးများသည်။ ချေးငွေရင်း များလျှင် အတိုးနည်းသည်။ ငွေတိုးဟူရာ၌လည်း ရွှေကိုသော်လည်းကောင်း၊ လယ်ကိုသော်လည်းကောင်း အပေါင်ထားသည့်အခါ ငွေရှင်ကယူသော အတိုးလည်းရှိသည်။ အော်ဒီမန်စာချုပ်နှင့် ငွေချေးသောအခါ အတိုးနှုန်းတစ်မျိုးယူသည်လည်း ရှိသည်။ ရွှေပေါင်နှင့် အတိုးမှာ လယ်ပေါင် အတိုးထက် သက်သာသည်။ အော်ဒီမန်စာချုပ် အတိုးမှာ အပေါင်ခံစာချုပ် အတိုးထက် များပေသည်။ ပျမ်းမျှကြေးဆိုလျှင် ငွေ ၁၀ဝိ မှ ၅၀ဝိ အထိ ချေးလျှင် အပေါင်ပစ္စည်းကိုလိုက်၍ အတိုးနှုန်းမှာ ၁ ကျပ် – ၄ ပဲမှ ၂ ကျပ်အထိရှိသည်။ အော်ဒီမန်စာချုပ်နှင့် အလွတ် ချေးသည့်အခါ ငွေတိုးမှာ ၂ ကျပ်နှုန်းမှသည် ၂ ကျပ် ၈ ပဲနှုန်းအထိ ရှိသည်။ ငွေ ၅၀ဝိ ထက်ပို၍ ချေးလျှင် အတိုးအနည်းငယ် လျော့ပေသည်။ သို့ရာတွင် တောင်သူလယ်သမားတိုင်းအတွက် အတိုးနှုန်းကို သက်သာစေအောင် ကန့်သတ်ထားသည် မဟုတ်။ မျက်နှာကြီးငယ်ကို လိုက်၍လည်းကောင်း၊ သိက္ခာမ်း ခင်မင်ဖူးသည်ကိုလိုက်၍ လည်းကောင်း အတိုးနှုန်း အတိုးအဆုတ် ရှိပေသည်။ မျက်နှာသိ မဟုတ်သော် အတိုးနှုန်းမှာ ၃ ကျပ် ၈ ပဲအထိ ဖြစ်တတ်သည်။ အချို့ဒေသတို့၌ ၎င်းနှုန်းထက်ပင် ကြီးသည်ဟုဆိုသည်။

ယခုပြဆိုခဲ့သော အတိုးနှုန်းမှာ တစ်လတွက် ဖြစ်သည်။ တစ်နှစ်တွက် ပြောရလျှင် အတိုးမှာ ငွေ ၁၀ဝိ လျှင် တစ်နှစ် ၁၅ ကျပ်မှသည် ၄၂ ကျပ်

mgyoe.com

ပြမ်သည်။ ဘဏ်တိုးမှာ တစ်နှစ်လျှင် ၆ ကျပ် ၄ ပဲမှသည် ၁၂ ကျပ်အထိ ရှိတတ်သည်နှင့်စာသော် ချစ်တီးယားတို့၏ အတိုးမှာ မည်မျှကြီးမြင့်သည်ကို ယှဉ်ကြည့်နိုင်ပေသည်။ ဤအထဲတွင် ငွေတိုးတွက်ရန် သုံးသော ပြက္ခဒိန်မှာ မြန်မာပြက္ခဒိန်နှင့် ဖြစ်လေရာ ၂၈ ရက်၊ ၂၉ ရက်နှင့် တစ်လဟု ခေါ်ရသည်။ အင်္ဂလိပ်ပြက္ခဒိန်နှင့် ရက်ပေါင်း ၃၆၅ ရက်ကို တစ်နှစ်ဟု ခေါ်သော်လည်း မြန်မာ ပြက္ခဒိန်နှင့်ဆိုသော် ရက်ပေါင်း ၃၅၂ ရက်မျှနှင့် တစ်နှစ်စာ အတိုး ပေးရသည်။ ဝါထပ်သည့်အခါ တစ်နှစ်လျှင် ၁၃ လ အတိုးပေးရသည်လည်း ရှိသည်။

စပါးပေး ဟူသည်မှာ ငွေကိုချေးယူသော်လည်းကောင်း၊ ကုန်ပစ္စည်းကို အကြွေးယူသော်လည်းကောင်း ပေးရသောအတိုး ဖြစ်သည်။ စပါးပေး ဟု အရပ်တိုင်းက ခေါ်ဝေါ်သော်လည်း မြစ်ကြီးနားနယ်တွင် စပါးပေးကို "နောင်ပေး" ဟု ခေါ်သည်လည်းရှိသည်။

၁၉၂၉–၃၀ ခုနှစ် ဘဏ်စုံစမ်းရေး ကော်မရှင်က စပါးပေးစနစ်သည် မြောင်းမြ၊ ဖျာပုံ၊ ဟံသာဝတီ၊ အင်းစိန်နှင့် သာယာဝတီနယ်များတွင် ယေဘုယျအားဖြင့် တဖြည်းဖြည်းပပျောက်ပြီဟု အမှန်ကိုဖုံးကွယ်၍ ဆိုထားသည်။ စင်စစ် စပါးပေး သဘောမှာ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားစ အချိန်တိုင်အောင် ထိုနယ်များတွင် ခေတ်စားလျက်ရှိခဲ့သည်။ စပါးပေးစနစ်ကို တိုင်းရင်းသားနှင့်တကွ လူမျိုးခြား မြေပိုင်ရှင်တို့ကသာ အသုံးချသည်မဟုတ်၊ တရုတ်ကုန်စုံဆိုင်များကလည်း အသုံးချသည်။

စပါးပေးစနစ်အရ ငွေချေးလျှင်၊ သို့မဟုတ် ကုန်ဝယ်လျှင် အောက်ပါအတိုင်း အတိုးပေးရသည်။

ငွေမှာ များသောအားဖြင့် တစ်ရာအောက် ချေးငွေဖြစ်သည်။ စပါးဈေး ၈ဝ ခန့် ပေါက်နေသောအချိန်တွင် ငွေ ၂ဝ ချေးလိုသော် စပါးဈေးကို ၄ဝ မျှနှင့် ကန့်သတ်၍ ငွေချေးလိုက်သည်။ ထိုအခါ ထုံးစံအားဖြင့် ငွေ ၂ဝ ဖိုး အတွက် စပါးတင်းရေ ၂၅ တင်းမျှသာ ကျသင့်သော်လည်း စပါးဈေး ၄ဝ ကန့်သတ်လိုက်သဖြင့် ငွေယူသည်ကို စပါးနှင့်ပြန်၍ ဆပ်ချိန်၌ စပါးတင်းရေ ၅ဝ မျှ ပြန်ဆပ်ရဖို့ရှိသည်။ များသောအားဖြင့် ဝါဆိုဝါခေါင်မှ သီတင်းကျွတ်၊ တန်ဆောင်မုန်း အတောအတွင်း စပါးပေးယူသည်ကို တန်ခူး၊ ကဆုန်၌ ပြန်၍ဆပ်ရသည်။ ငွေချေးယူစဉ်က စပါးဈေး ၈ဝ မျှသာ ပေါက်သော်လည်း

mgyoe.com

mgyoe.com

ငွေဆပ်ချိန်တွင် စပါးဈေးမှာ ၁၀၀ဝိ၊ ၁၂ဝိ ဖြစ်လေသည်။ ထိုအခါ ငွေ ၂ဝိ နှင့် အရင်းတည်သော အကျိုးထူးတရားမှာ ငွေ ၅ဝိ မှ ၆ဝိ အထိ နှစ်ဆပွား လာခြင်း ဖြစ်သည်။ ဤနည်းဖြင့် ပျမ်းမျှကြေး တွက်ကြည့်လျှင် စပါးပေးဟူ သော အတိုးသည် ငွေတစ်ရာ တစ်လလျှင် ၁၅ိ တိုး၊ တစ်နည်းအားဖြင့် ငွေ တစ်ရာ တစ်နှစ်လျှင် ၁၄၄ိ တိုး ဖြစ်လေသည်။

စပါးပေးနှင့်ဆင်တူ စပါးညွှန့်အတိုး ဟူသည်လည်း ရှိသေးသည်။ များသောအားဖြင့် အညာဒေသတို့၌ ဤစနစ်ရှိခဲ့သည်။ စပါးညွှန့်သဘောမှာ ချေးယူသော အတိုးအရင်းတို့ကို စပါးပေါ်ချိန်၌ ငွေကိုစပါးသင့်၍ ပေးဆပ်ရ သော စနစ်ဖြစ်သည်။ ငွေကို စပါးသင့်သည့်အခါ ကာလပေါက်ဈေးနှင့် သင့်ရသည် မှန်ပေသည်။ သို့သော် တလင်းပေါက်ဈေးမှာ မြို့ပေါက်ဈေးထက် နိမ့်နေသဖြင့် ငွေရှင်သည် ငွေတိုးရသည့်အပြင် စပါးပေါ်၌လည်း အမြတ် ရနိုင်ပေသည်။

ချစ်တီးယားတို့ထံမှ ငွေချေးလျှင် ခေါင်းဖိုး မှတ်ပုံတင်ခ၊ စက္ကူဖိုး၊ လျှောက်လွှာရေးခ စသည့် တိုလီမိုလီ စရိတ်ကို ငွေချေးသူက ခံရသည်။ အော်ဒီမန် စာချုပ် ချုပ်ဆိုသည့်အခါ ရေးအခါက တစ်ပဲတန်ခေါင်း ကပ်ရသည်။ ဒုတိယ ကမ္ဘာစစ် မဖြစ်မီက နှစ်ပဲတန်ခေါင်း ကပ်ရသည်။ စာချုပ်စက္ကူမှာ တန်ဖိုးအားဖြင့် နှစ်ပြားမျှ မတန်ချေ။ သို့သော် စာချုပ်စက္ကူဖိုး၊ ရေးခ၊ ခေါင်းဖိုး စသည်တို့ကို ငွေချေးသူက စိုက်ထုတ်ပေးရသည့်အခါဝယ် အောက် မြန်မာနိုင်ငံ၌ လေးပဲမှသည် ရှစ်ပဲအထိ၊ အထက်မြန်မာနိုင်ငံ၌ ရှစ်ပဲမှသည် တစ်ကျပ်အထိ ချစ်တီးယား မြီရှင်တို့အား တောင်သူလယ်သမား မြီစားတို့က ပေးရသည်။

အထက်ကပြဆိုခဲ့သော အတိုးတို့မှာ နှစ်ထပ်တိုးဖြစ်သည်။ နှစ်ထပ် တိုးဟုဆိုရာ၌လည်း ငွေချေးသော ပထမနှစ်အတွက် အရင်းကို ပြန်မဆပ်နိုင် သော် အတိုးကို ပြန်ဆပ်ရသည်။ အများအားဖြင့် ပထမ တစ်နှစ်တွင် ကျသင့် သော အတိုးကို ပြေလည်အောင် ဆပ်စေကာမူ၊ ဒုတိယနှစ်တွင် အတိုးရော အရင်းပါ စာရင်းရှင်းလိုက်သည်ရှိသော်၊ နှစ်ထပ်တိုးနှင့်ပင် တွက်၍ယူသည်။ နှစ်ထပ်တိုးအတွက် ငွေတိုး သက်သာလိုသော် ပထမနှစ်အတွက် ငွေရင်း အနည်းငယ်မျှကို ပြန်ဆပ်ထားရသည်။

mgyoe.com

mgyoe.com


ထို့ပြင် တစ်ရက် နှစ်ရက်စွန်းရုံမျှဖြင့် တစ်လလုံးအတွက် အတိုးယူသည်တို့လည်း ရှိပေသည်။

ယခု ကျွန်ုပ် ပြဆိုခဲ့ပြီးသော အခြင်းအရာ အရပ်ရပ်တို့သည် ချစ်တီးယား လက်ထဲသို့ မြန်မာတိုင်းရင်းသား တောင်သူလယ်သမားတို့၏ လယ်မြေများ ကျရောက်သွားရခြင်း၏ အဖြစ်သနစ်အစုံပင်တည်း။ ဤကိစ္စနှင့် ပတ်သက်၍ ၁၉၃၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့ထုတ် သူရိယ သတင်းစာတွင် "ချစ်တီးယားတို့သည် မြန်မာ တောင်သူလယ်သမားတို့၏ မြေကို သိမ်းပိုက်ရန် ကြံရွယ်ချက်ရှိကြောင်း။ မအူပင်ခရိုင်တွင် ချစ်တီးယားတို့သည် လွန်ခဲ့သော သုံးနှစ်ခန့်မှစ၍ တစ်နှစ် တစ်နှစ်လျှင် လယ်ဧကပေါင်း ၁၀,၀၀၀ ခန့်ကို သိမ်းပိုက်လျက်ရှိကြောင်း။ မြန်မာတို့ ကြွေးတင်၍ မဆပ်နိုင်လျှင် မြေကို ချက်ချင်းသိမ်း၍ သီးစားချလေ့ရှိကြောင်း" စသဖြင့် ပြင်းထန်စွာ ရေးသားခဲ့ဖူးသည်။

ထိုကိစ္စကို ရန်ကုန်မြို့ရှိ နတ္တုကောတိုင် ချစ်တီးယား အသင်းက ယင်းသို့မဟုတ်ကြောင်း ငြင်းဆိုလေသည်။ ထိုအသင်းက မအူပင်နယ်တွင် ချစ်တီးယား သိမ်းမြေမှာ ၁၉၂၉ ခုနှစ်က လယ်ဧက တစ်ထောင်မျှပင် မပြည့်ကြောင်း ဖြေဆိုသည်။ သို့သော် ထိုခေတ်က ယူနီဗာစီတီ သိပ္ပံကျောင်းတွင် ဘောဂဗေဒ ပါမောက္ခလုပ်ခဲ့သူ ပရော်ဖက်ဆာ ဂျီဗွန်း(စ်) [၂၄] ၏ အာဘော်အရမှာ "ချစ်တီးယားတို့သည် ယေဘုယျအားဖြင့် တောင်သူလယ်သမား လက်မှ မြေများကို သိမ်းပိုက်၍ မြေပိုင်ရှင်များဖြစ်အောင် ရည်ရွယ်ချက်ရှိသည်" ဟု ဆိုပေသည်။

ကျွန်ုပ်သည် ဤဆောင်းပါးရှည်ကြီးဖြင့် ဤအကြောင်းကြောင့် ဤအကျိုး ဖြစ်လာသည်ဟူသော သဘောကို ပြလိုသည်။

မြန်မာ့မြေယာစနစ် ဖောက်လွဲဖောက်ပြန် ဖြစ်လာသည့် အကြောင်းကြောင့် အကျိုးသည် အဘယ်နည်း။

ထိုအကျိုးတို့မှာ အခြားမဟုတ်ချေ။ ၁၉၃၁ ခုနှစ် ဧပြီလမှစ၍၊ ၁၉၃၂ ခုနှစ် မတ်လအထိ ဖြစ်ပွားခဲ့သော ဆရာစံ၏ ပုန်ကန်ထကြွမှုနှင့် ၁၉၃၈ ခု ဇူလိုင်လ ၂၆ ရက်နေ့တွင် စတင်ဖြစ်ပွားသော ကုလားမြန်မာ အဓိကရုဏ်းတို့ဖြစ်လေသည်။

---

(၂၄) Professor Jevons.

mgyoe.com

mgyoe.com

ဤသို့ အကျိုးသက်ရောက်ခဲ့ပုံ အနုစိတ်ကို လေ့လာလိုသူတို့အတွက် "မြန်မာပြည်တွင် သူပုန်ထကြွမှု ဖြစ်ပွားရင်း အကြောင်းနှင့် မည်သည့်အတွက် ထိုသို့ဖြစ်ပွားရသည့် အကြောင်းအရာများ" အစီရင်ခံစာ (၁၉၃၄ ခုနှစ်) နှင့် "အဓိကရုဏ်း စုံစမ်း စစ်ဆေးရေး ကော်မတီ၏ ကြားဖြတ် အစီရင်ခံစာ" (၁၉၃၉ ခုနှစ်) တို့ကို ညွှန်ပြလိုပေသည်။

ဆရာစံ သူပုန်နှင့် ပတ်သက်၍ သူပုန်ထခြင်း၏ မူလအကြောင်းရင်းကို ၁၉၃၁ ခုနှစ် ငွေရေးကြေးရေး ကျပ်တည်းခြင်းကြောင့်ဟု အဓိက ပြဆိုခဲ့သည်။ သို့သော် ထိုမူလ အဓိက အကြောင်းရင်းတို့တွင် "ချစ်တီးများကို ပေးစရာရှိသော ကြွေးမြီများကို ပေးဆပ်ရခြင်းမှ လွတ်ငြိမ်း ချမ်းသာခွင့်ရရန်" ဟူသော အကြောင်းတစ်ရပ်လည်း ပါဝင်ပေသည်။

၁၉၃၈ ခုနှစ်က ဖြစ်ပွားခဲ့သော အဓိကရုဏ်းသည် သာမန်အားဖြင့် မောင်ရွှေဖီရေး စာအုပ်တစ်အုပ်ကြောင့် ဖြစ်ရသည်ဟု ဆိုရပေမည်။ သို့သော် အဓိကရုဏ်းဖြစ်သော အကြောင်းရင်းတို့ကို နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းလိုက်သောအခါ လယ်ယာစိုက်ပျိုးသူတို့၏ လက်ထဲမှ မြေများသည် နိုင်ငံခြားသား မြေပိုင်ရှင်တို့လက်သို့ အပြောင်းအလွှဲရှိခြင်းကြောင့် မြန်မာတစ်မျိုးလုံး၏ မကျေနပ်မှု ပေါ်လာသည်ကို တွေ့ရပေသည်။ အဓိကရုဏ်းသည် ဇူလိုင်လ ၂၆ ရက်နေ့တွင် စတင်ဖြစ်ပွားသည်။ သို့သော် အဓိကရုဏ်း မဖြစ်ပွားမီ ၁၉၃၈ ခု မေလ ၅ ရက်နေ့၌ မြေနှင့် လယ်ယာစိုက်ပျိုး လုပ်ကိုင်မှုဆိုင်ရာ ကော်မတီက အထက်ပါ အကြောင်းရင်းကို နိမိတ်ပြသဘောဖြင့် ရေးသားအစီရင်ခံခဲ့သည်။ ထိုအစီရင်ခံစာက ဗေဒင်ကို အတပ်ဟောလိုက်ဘိသကဲ့သို့ "လယ်ယာစိုက်ပျိုး လုပ်ကိုင်သူတို့၏ လက်ထဲမှ လယ်ယာစိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသူများ လက်ထဲသို့ ဆက်လက်၍ မြေအပြောင်းအလွှဲ ပြုလုပ်နေကြသည့်အချက်ကြောင့် နိုင်ငံခြားသား မြေပိုင်ရှင်များကို မြေလက်မဲ့ ဖြစ်စေရန် အကြီးအကျယ် ဆူပူခြင်း ရှိလိမ့်မည်" ဟု ဆိုပေသည်။ ဆိုသည့်အတိုင်း ဖြစ်ခဲ့သည်။

အဓိကရုဏ်း စုံစမ်းစစ်ဆေးရေး ကြားဖြတ် ကော်မတီ၏ အစီရင်ခံစာက ထိုအကြီးအကျယ် ဆူပူမှုသည် မြေယာ အပြောင်းအလွှဲကြောင့် ဖြစ်သည်ဟု တိုက်ရိုက် မရိုးစွပ်ခဲ့ချေ။ သို့သော် မြေယာစနစ်ကြောင့် တိုင်းပြည်က စိတ်မကျေမချမ်း ဖြစ်နေကြောင်း၊ အထူးသဖြင့် လယ်ယာစိုက်ပျိုး လုပ်ကိုင်

mgyoe.com

mgyoe.com


သူတို့သည် မိမိတို့၏ အခြေအနေကို စိတ်မကျေမချမ်း ဖြစ်နေကြောင်းကို အမိကရုဏ်းနှင့် ဆက်သွယ်နေသည့် အကြောင်းအချက်များအနေနှင့် အထင်အရှား အခိုင်အမာ ညွှန်းဆိုထားပေသည်။

စင်စစ် ဆရာစံသူပုန်မှာ ၁၈၉၀ ပြည့်နှစ်မှစ၍ ၁၉၃၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၄၀ မျှ ကာလအတွင်း မြန်မာတိုင်းရင်းသား တောင်သူလယ်သမားတို့ နင်းပြားဘဝ ရောက်ခဲ့ရခြင်းကို လွတ်မြောက်ရန် အနှောင်အဖွဲ့တို့မှ ရုန်းထွက်သော မြေယာတော်လှန်ရေး၏ ပဏာမကဏ္ဍတစ်ခု ဖြစ်ချေသည်။ ဆရာစံ ကြိုးပေးခံရပြီးနောက်၌ ထိုတော်လှန်ရေး၏ အစဉ်သည် ပြတ်မသွားဘဲ ၁၉၃၈ ခုနှစ်တွင် အသွင်တစ်မျိုးဖြင့် လှုပ်ရှားလာခဲ့သေးသည်။ သို့သော် ဗြိတိသျှတို့ မြန်မာပြည်ကို လက်လွှတ်ရသည့် အချိန်တိုင်အောင် မြေယာစနစ်ကို ထိထိရောက်ရောက် ပြုပြင် ပြောင်းလဲပေးသော စခန်းသို့ မရောက်ခဲ့ချေ။ ၁၈၉၂ ခုနှစ်မှသည် ၁၉၄၀ ပြည့်နှစ်အထိ မြေယာစနစ်နှင့်သော်လည်းကောင်း၊ စိုက်ပျိုးရေးစနစ်နှင့်သော်လည်းကောင်း၊ စပ်လျဉ်းသည့် ပြုပြင်ပြောင်းလဲရေး အစီရင်ခံစာ အမျိုးမျိုးတို့သည် စာအုပ်ကြီးငယ် အသွယ်သွယ်အဖြစ်ဖြင့် ထွက်ပေါ်လာခဲ့သည် မှန်ပေသည်။ "မျှတသော လယ်သီးစားခနူန်း" ကို မြေယာစနစ် ပြုပြင်ပြောင်းလဲရေး၏ အထောက်အပံ့အနေနှင့် ဗြိတိသျှ အစိုးရက အသုံးချခဲ့သည်လည်း မှန်ပေသည်။ သို့သော် လောကွတ်မျှသာ ဖြစ်သော ပြောင်းလဲမှုတို့မှာ စက္ကူကုန်၊ မန်ကုန်၊ ငွေကုန်၊ လူကုန် ဖြစ်ရုံမျှသာရှိပြီးလျှင်၊ ချစ်တီးယား မြေပိုင်ရှင်တို့အား ရည်ရွယ်၍ ပစ်သောမြားမှာ တိုင်းရင်းသား တောင်သူလယ်သမားနှင့် တိုင်းရင်းသား မြေပိုင်ရှင်တို့၏ ရင်ဝကို စူးလေသောကြောင့်၊ ၁၉၃၉–၄၀ ခုနှစ်အတွင်းတွင် စိတ်ဝမ်းမကွဲသင့်သော တိုင်းရင်းသားအချင်းချင်းတို့သည် သီးစားခနူန်းထားနှင့် ပတ်သက်၍ စိတ်ဝမ်းကွဲခဲ့ကြရလေသည်။

လောကွတ်ချော်ရုံမျှသာ ချော်ခဲ့သော ဗြိတိသျှအစိုးရ၏ မြေယာစနစ် ပြုပြင်ပြောင်းလဲရေး စတီအစီအစဉ်တို့ကို နောက်တစ်ခန်း၌ ဖော်ပြရပေဦးမည်။

mgyoe.com

mgyoe.com

# (၃)

မြန်မာနိုင်ငံတော်ကို ဗြိတိသျှတို့ သိမ်းပိုက်သည့်ခေတ်မှစ၍ မြန်မာနိုင်ငံကို စွန့်လွှတ်၍ ဗြိတိသျှတို့ အာရှတိုက်မှ ဆုတ်ပြေးသော ခေတ်အထိ မြန်မာ တောင်သူလယ်သမားတို့၌ ပေါ်ပေါက်လာသော မြေယာလက်လွတ် ပြဿနာ၊ နိုင်ငံခြားသား မြေရှင်စနစ် ထွန်းကားခြင်း ပြဿနာ၊ သီးစားပြဿနာနှင့် ကြွေးမြီ ပြဿနာတို့ကို ပြဆိုခဲ့လေပြီ။ ယခုဆက်လက်၍ ထိုပြဿနာတို့ကို ဗြိတိသျှခေတ် နှစ်ပေါင်းတစ်ရာကျော်အတွင်း မည်သို့ဖြေရှင်းခဲ့သည်တို့ကို စိစစ်၍ ပြပါမည်။ သို့အတွက် ပြဿနာအရပ်ရပ်တို့ ပေါ်ပေါက်လာခဲ့ပုံကို နိဂုံးချုပ်ရင်း ရှေ့၌ဆိုလတ္တံ့သော အကြောင်းအရာတို့ဖြင့် ဆက်စပ်ပေးနိုင်စေရန်၊ ထိုပြဿနာရပ်များ ပေါ်ပေါက်လာသည့်အတွက် တောင်သူလယ်သမားတို့ မည်သို့ ခံစားရပုံကို ထပ်မံဖြည့်စွက် ပြဆိုပါဦးမည်။

ယခု ကျွန်တော် ပြဆိုသောအချက် အနည်းငယ်တို့ကား ဦးတင်ကြီး၏ [၂၅] အာဘော်အရ ဖြစ်သည်။

ဦးတင်ကြီးသည် မအူပင်ခရိုင်၌ ကြေးတိုင်စိုက်လျက် ရှိသည့်အချိန်၌ မြန်မာပြည်သည် စပါးဈေး အသင့်အတင့် ကောင်းပြီးလျှင် လူအများပင် သက်သာ ချောင်ချိလျက် ရှိနေကြသည်။ ထိုအချိန်တွင် တောင်သူလယ်သမား (လူကြီးနှစ်ယောက်နှင့် ကလေး သုံးယောက်ပါဝင်သော) အိမ်ထောင်စုတစ်ခု၏ တစ်နှစ် ဝင်ငွေမှာ ၄၁၃ ကျပ် ဖြစ်သည်ဟု တွက်ဆ၍ ရပေသည်။ တောင်သူလယ်သမား လုံးချင်း တစ်ဦးတည်း၏ ဝင်ငွေမှာကား တစ်နှစ်လျှင် ၈၂ ကျပ်ဖြစ်သည်။ အဓိပ္ပာယ်မှာ လူတစ်ယောက်၏ တစ်လလုပ်စာသည်

(၂၅) Report on the Second Revision Settlement of the Ma-ubin District 1925-28, by U Tin Gyi.

mgyoe.com

၇ ကျပ်မျှမပြည့် ဟူလေသည်။ အထူးသဖြင့် ဤအခြေမှာ အောက်မြန်မာပြည်၏ အခြေဖြစ်လေရာ၊ အနည်းဝယ် စီးပွားရေးပို၍ ကျပ်တည်းသည်ဟု ဆိုရသော အထက် မြန်မာနိုင်ငံအဖို့ ထိုမျှထက်ပင် ဝင်ငွေနည်းပေလိမ့်မည်။ ထိုခေတ် ကျေးလက်တောရွာ စီးပွားရေးကို ကိုယ်တွေ့ တွေ့ခဲ့ကြဖူးသူတို့သည် တောင်သူ လယ်သမားတစ်ဦး၏ တစ်နေ့စာမှာ ငါးပဲမျှ ရှိသည်ကို မှတ်မိကြပေလိမ့် မည်။

ဤအထဲတွင် ကြွေးမြီ ပြဿနာကလည်း တမှောင့်ဖြစ်သည်။ ၁၉၂၅ ခုနှစ်အတွင်း ငွေကြေးကျပ်တည်းခြင်း များစွာမရှိသေးဟု ဆိုရစေကာမူ၊ ထိုခေတ်တစ်ဝိုက်ကို မီလိုက်သော တောင်သူလယ်သမားတို့၏ ကြွေးမြီ အဆောက်အအုံမှာ အိုင်းအမာကြီးတွင် ပြည်တည်သကဲ့သို့ တည်စပြုပေပြီ။ ဥပမာ မစ္စတာ လောင်ရီ[၂၆]၏ ကြေးတိုင်စိုက် အစီရင်ခံစာအရဆိုလျှင် ပန်းတနော် မြို့နယ်၌ တောင်သူလယ်သမားတစ်ဦးလျှင် ငွေ ဖ၀ိ နှုန်းထားကျ ကြွေးတင် လျက်ရှိသည်ဟု ဆိုသည်။ ညောင်တုန်းနှင့် ဓနုဖြူမြို့နယ်၌ကား လယ်သမား တစ်ဦးအတွက် ကြွေးမှာ ၉၅ ကျပ်မျှပင် ဖြစ်သည်ဟု ဆိုပေသည်။ ကပ္ပတိန် အော်မစ္စတန်[၂၇]၏ ကြေးတိုင်စိုက် အစီရင်ခံစာအရကား တောင်သူလယ်သမား တစ်အိမ်ထောင်၏ ကြွေးမှာ ၄၂၈ ကျပ် ဖြစ်သည်ဟုဆိုပေသည်။ ဦးတင်ကြီး စုံစမ်းချက်အရ မအူပင်ခရိုင်၌ တစ်အိမ်ထောင်လျှင် အနည်းဆုံး ၁၈၂ ကျပ် နှင့် အများဆုံး ၅၂၈ ကျပ် ကြွေးတင်လျက်ရှိသည်ကို တွေ့ရသည်။

ကြွေးတင်ခြင်း၏ အကြောင်းကို ဦးတင်ကြီးက ဆက်လက် စုံစမ်းပြန် သော် အောက်ပါအတိုင်း တွေ့ရပြန်သည်။

၁။ လယ်ဝယ်ခြင်း၊ လယ်ပေါင်ကို ပြန်လည်ရွေးခြင်းတို့ကြောင့် ကြွေးတင်သူ ၁၉%
၂။ လယ်ကိုပြုပြင်ခြင်းကြောင့် ကြွေးတင်သူ ၂%
၃။ ကျွဲနွားဝယ်ရခြင်းကြောင့် ကြွေးတင်သူ ၁၀%
၄။ လယ်အတွက် အရင်းဝင်၍ ကြွေးတင်သူ ၄%
၅။ အခြား ကုန်ရောင်းကုန်ဝယ်ကိစ္စအတွက် အရင်းဝင်၍ ကြွေး တင်သူ ၃%

(၂၆) Mr. Lowry.

(၂၇) Capt: Ormiston.

mgyoe.com

၆။ အလှူအတန်းကြောင့် ကြွေးတင်သူ ၁%
၇။ လယ်ယာစိုက်ပျိုးရေး အလုပ်ပျက်ပြား၍ ကြွေးတင်သူ ၁၉%
၈။ ဖျားနာ၍ တရားတပေါင်တွေ့ရ၍ အခြား ကုသိုလ်ကံ အခြေမလှသော အကြောင်းတို့ကြောင့် ကြွေးတင်သူ ၂%
၉။ မဆပ်နိုင်သော ကြွေးမြီအပေါ်တွင် အတိုးပေးရ၍ ကြွေးတင်သူ ၂%
၁၀။ အခြား အမျိုးအမည် မခွဲခြားနိုင်သော အကြောင်းတို့ကြောင့် ကြွေးတင်သူ ၃၆%

တစ်ဖက်၌ တောင်သူလယ်သမားတို့၏ လည်ပင်းကို ကြွေးခိုက်နေ၏။ အခြားတစ်ဖက်၌ကား ကျေးလက်တောရွာရှိ တရုတ်ကုန်စုံဆိုင်တို့တွင် ကုလားမ ခြင်းတောင်းဆွဲ နို့ဆီဘူး၊ ငါးသေတ္တာနှင့် ဘိလပ်ရည်ပုလင်းတို့သည် လည်းကောင်း၊ လက်နှိပ်ဓာတ်မီးနှင့် သီချင်းစက်တို့သည် လည်းကောင်း ကြေး ဘိုင်မင်းကြီး မစ္စတာ အေဝီလျံဆင်[၂၈]၏ အမြင်တွင် ကျေးလက်တောရွာ၏ တိုးတက်မှုများဟု အထင်မှားစေရန် ဖန်တီးလျက်ရှိလေသည်။

အခြေမှာ တစ်နေ့ထက်တစ်နေ့ ဆိုး၍ဆိုး၍ လာလေရာ ဆရာစံ သူပုန်နှင့် ကုလားမြန်မာ အဓိကရုဏ်း ခေတ်သို့ ဆိုက်ရောက်လာခဲ့၏။ သို့သော် အစိုးရသည် ထထကြွကြွ များစွာ မရှိလှသေးချေ။ ၁၉၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် မစ္စတာကူးပါးက သူရင်းငှားနှင့် လယ်လုပ်သားတို့၏ အခြေအနေ[၂၉] ကို စောစောကကြို၍ အစီရင်ခံခဲ့ပါ၏။ သို့ရာတွင် ၁၉၃၇ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့ ရောက်မှပင် မြေနှင့် လယ်ယာစိုက်ပျိုးရေး ကော်မတီ[၃၀] ကို ဖွဲ့စည်း၍ လယ်ယာမြေ ပြဿနာကို စုံစမ်းလေတော့သည်။

ထိုစုံစမ်းရေး ကော်မတီက လယ်ယာမြေ ပြဿနာကို အပိုင်းလေးပိုင်း ခွဲ၍ သုံးသပ်သည်။ ထိုလေးပိုင်းမှာ တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေသဖြင့် အစီအစဉ် မပျက်ရအောင် ပြဆိုသွားရန် ကျွန်တော် ရည်ရွယ်သည်။

ဦးစွာပထမ သူရင်းငှား ပြဿနာကို စိစစ်ကြည့်ရမည် ဖြစ်သည်။ ယခင်က ကျွန်ုပ်တို့သည် ခရစ် ၁၈၈၀ ပြည့်နှစ်ကစ၍ မြန်မာ့လယ်ယာ

---

(၂၈) Mr. A. Williamson.

(၂၉) Condition of Agricultural Tenants and Labourers, by Couper.

(၃၀) Land and Agricultural Committee.

mgyoe.com

mgyoe.com


စီးပွားရေးစနစ်တွင် လယ်သီးစားတို့၏ ပြဿနာ ပေါ်ပေါက်ခဲ့ပြီ ဖြစ်ကြောင်း ဖော်ပြခဲ့လေပြီ။ ထိုပြဿနာ ပေါ်ပေါက်လာပြီဟူ၍ သိရှိကြသောနှစ်၏ အရင် ခရစ်နှစ် ၁၈၆၉ ခုနှစ်က စူးအက်တူးမြောင်း ဖွင့်လှစ်၍ လယ်မြေများ တိုးချဲ့ လုပ်ကိုင်လာခဲ့သည်ကိုလည်း သတိမူရမည် ဖြစ်သည်။ စင်စစ် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို စတင် ကျူးကျော်သော ၁၈၂၆ ခုနှစ်မှစ၍ ရေသော်၊ နှစ်ပေါင်း ၅၄ နှစ်ကြာမှပင်လျှင် ဗြိတိသျှအစိုးရသည် လယ်သမားပြဿနာကို အာရုံ စူးစိုက်မိတော့သည်ဟု ဆိုရန်ရှိနေပေသည်။

သို့ရာတွင် မြန်မာနိုင်ငံအစိုးရ ဟူသည်မှာ အိန္ဒိယဗဟိုအစိုးရ၏ လက်အောက်ခံမျှသာ ဖြစ်လေရကား၊ ပြဿနာ ပေါ်လျှင်ပေါ်ချင်း ဘာမျှ ထိထိရောက်ရောက် မလုပ်ခဲ့နိုင်သေးချေ။ သို့ရာတွင် အိန္ဒိယဗဟိုအစိုးရက မြန်မာနိုင်ငံအစိုးရအား လယ်သီးစား လူတန်းစားတို့ ပွားများလာခြင်း၏ အန္တရာယ်ကို ရင်ဆိုင်နိုင်ရန် အသင့်ရှိသင့်ကြောင်း သတိပေးခဲ့ဖူးသည်။ ထို သတိပေးချက်အရ လယ်သီးစား ဥပဒေကြမ်းတစ်ရပ်ကို ၁၈၉၂ ခုနှစ်ကပင် စတင်၍ ရေးဆွဲခဲ့ကြသည်။ သို့သော် ထိုဥပဒေကြမ်းမှာ လယ်သီးစားဘက် သို့ အသာပေးသော ဥပဒေကြမ်းမျိုး ဖြစ်လေရကား၊ မြေရှင်စနစ် ကောင်းစွာ ဖွံ့ဖြိုးစပြုလာပြီ ဖြစ်သော အိန္ဒိယနိုင်ငံမှ အိန္ဒိယဗဟိုအစိုးရသည် များစွာ သဘောမကျချေ။ ထို့ကြောင့် ထိုဥပဒေကြမ်းသည် ၁၈၆၉ ခုနှစ်သို့ တိုင် အောင် ချောင်ထိုးခံခဲ့ရလေသည်။

၁၈၉၆ ခုနှစ်၌ ဆာဖရက်ဒရစ်ဖရိုင်ယာ[၃၁] သည် မြန်မာနိုင်ငံ၏ မဟာ ဝန်ရှင်တော်မင်းကြီး ဖြစ်လာလေသည်။ ဆာဖရက်ဒရစ်သည် ထိုနှစ်၌ လယ်သီးစား ဥပဒေကြမ်းကို ပြန်၍ ကိုင်လေသည်။ ၎င်း၏ ပြုပြင်ပြောင်းလဲ ရေး စီမံကိန်းအရမှာ သီးစားလုပ်သူ တစ်ဦးသည် မြေတစ်ခွင်ကို ဆယ်နှစ် ပတ်လုံး အဆက်မပြတ် လုပ်ကိုင်လာခဲ့လျှင်သော် လည်းကောင်း၊ ယခင်က မြေပိုင်ခဲ့ဖူးသော သီးစားတစ်ဦးသည် သီးစားအဖြစ်ဖြင့် မြေရှင်အား အစဉ် တစိုက် ဆယ်နှစ်ကာလပတ်လုံး လုပ်ကိုင်ပေးခဲ့လျှင်သော် လည်းကောင်း ထိုသီးစားအား မြေပိုင်ဆိုင်ခွင့်ပေးရန် ဖြစ်သည်။ လယ်သီးစားခကိုမူ လယ် ရှင်နှင့် ညှိနှိုင်း၍ ကြေးတိုင် အရာရှိက အဆုံးအဖြတ်ပေးသော အခဟူ၍ သတ်မှတ်သည်။

(၃၁) Sir Frederic Fryer.

mgyoe.com

mgyoe.com


မြန်မာ့လယ်ယာမြေစနစ်သမိုင်းတွင် ဤအချက်သည် မြန်မာနိုင်ငံ၌ ဦးစွာပထမ စိတ်စေတနာကောင်းဖြင့် ကြံဆလိုက်သော လယ်ယာမြေစနစ် ပြုပြင်ပြောင်းလဲရေးကြီး တစ်ရပ်ပင် ဖြစ်သည်ဟုဆိုရပေမည်။ သို့သော် အထက်က ကျဆင်းလာသော စီမံကိန်းတစ်ရပ်ကို အောက်လက်ငယ်သား ဗျူရိုကရက် အရာရှိပိုင်းကပါ သဘောတူညီပါမှ စီမံကိန်းမှာ အရာဝင်ရမည် ဖြစ်သည်။ သို့သော် တစ်ဖန် ဥပဒေကြမ်း၏ အကျိုးအပြစ်ကို ဝေဖန်စေလိုသော်၊ ထိုအရာရှိပိုင်းတို့ကသာ ဝေဖန်ခွင့်ရသည်။ တောသူတောင်သား လယ်သမားတို့မှာ မဟာဝန့်ရှင်တော်မင်းကြီးရုံး၌ ဘာဖြစ်နေသည်ကို သိခွင့်ရကြသည် မဟုတ်ချေ။

ဆာဖရက်ဒရစ်သည် မည်မျှပင် ရှေ့နောက်တိုင်းထွာသော အမြော်အမြင်ရှိစေကာမူ၊ သူ၏အခြံအရံ အရာရှိပိုင်းကမူကား သူ၏စီမံချက်ကို ဝိုင်း၍ ကန့်ကွက်လေတော့သည်။ ကန့်ကွက်ရာ၌ အကြောင်းပြချက်ကား ထိုခေတ်က လယ်သီးစားကို မြေပိုင်ရှင်တို့၏ဘေးရန်မှ ကာကွယ်ပေးရန်မလို၊ လယ်သီးစား ဦးရေမှာ မများသေးသောကြောင့် သီးစားလုပ်သူသည် မြေရှင်နှင့်ကြိုက်ရာ သီးစားခနှုန်းကို ဈေးဆစ်ရန် အခွင့်အရေးရှိသည်။ လယ်သီးစားမှာ ဤမြေရှင်နှင့် သဘောမမျှလျှင် ထိုမြေရှင်ထံသို့သွား၍ အလုပ်လုပ်ရန် အခွင့်အလမ်းသာသည်ဟူ၍ အကြောင်းပြကြလေသည်။

သို့သော် ထိုအကြောင်းပြချက်သည် တောင်သူလယ်သမား၏ အသံမဟုတ်ချေ။ ထိုခေတ် ဗျူရိုကရေစီ အုပ်ချုပ်ရေး၏ အသံမျှသာဖြစ်သည်။ ထိုအသံကို ဆာဖရက်ဒရစ်ပင်လျှင် လွန်ဆန်ဝံ့သည်မဟုတ်။ ထို့ကြောင့် ၁၈၉၆ ခုနှစ် ဥပဒေကြမ်းကို လက်လွှတ်လိုက်ရပြန်သည်။

ဆာဖရက်ဒရစ်က ယင်းသို့ လက်လွှတ်ခဲ့သော်လည်း အိန္ဒိယ ဗဟိုအစိုးရက မကျေနပ်နိုင်။ သို့ကြောင့် ၁၈၉၇ ခုနှစ်တွင် အိန္ဒိယအစိုးရက ဆာဖရက်ဒရစ်ကို စာရေးသည်။ ထိုစာ၏ သဘောမှာ မြေယာစနစ် ပြုပြင်ရေးဟူသည်မှာ အချိန်စောလွန်းသေး၏ဟု မယူဆအပ်ကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က အုဒ်[၃၂]ပြည်နယ် မဟာဝန့်ရှင်တော်မင်းကြီးသည် သူ၏နယ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ အစိုးရကဲ့သို့ပင် ယူဆခဲ့ဖူးကြောင်း၊ သို့သော် နောက်နှစ်ပေါင်း ၂၆ နှစ်ခန့် ကြာသောအခါ သီးစားပြဿနာကြောင့် ဒုက္ခ

(၃၂) Oudh.

mgyoe.com

mgyoe.com

တွေ့လာကြရသဖြင့် လယ်သီးစားခ ဥပဒေများကို မိုးလွန်မှ ထွန်ချ ဆိုသကဲ့သို့ နောင်းမှ ပြုလုပ်ရ၍ အခက်အခဲ အရှုပ်အထွေးများ တွေ့ရကြောင်း စသည်ဖြင့် ပါရှိလေသည်။

ထိုအတွင်း ဆာဖရက်ဒရစ်သည် မြန်မာနိုင်ငံမှ ပြောင်းသွားပြီးလျှင် တစ်ဖန် ၁၈၉၈ ခုနှစ်၌ မြန်မာပြည်သို့ပင် ပြန်ရောက်လာပြန်သည်။ ထိုအခါ တရားမျှတသော သီးစားခနှုန်းနှင့် လယ်ကို ဝင်ရောက်လုပ်ကိုင်နိုင်သော ပိုင်ဆိုင်ခွင့်ကို သတ်မှတ်သည့် ဥပဒေကြမ်းတစ်ခုကို စီစဉ်ပြန်သည်။ ၁၉၀၀ ပြည့်နှစ် မြန်မာနိုင်ငံ လယ်သီးစားဥပဒေကြမ်း ဟူ၍ ပေါ်လာပြန်သည်။ ဤအကြိမ်တွင် အိန္ဒိယအစိုးရ၏ သဘောထားသည် ပြောင်းခဲ့ပြီ။ ၁၉၀၂ ခုနှစ်၌ အိန္ဒိယအစိုးရက မြန်မာနိုင်ငံ အစိုးရအား အဆိုပါဥပဒေကြမ်းသည် မြေပိုင်ရှင်တို့၏ အခွင့်အရေးကို လုံလောက်စွာ ကာကွယ်ပေးခြင်းမရှိဟု အကြောင်းပြန်လေသည်။ ထို့ကြောင့် ထိုဥပဒေကြမ်းမှာ လေး ငါးနှစ်တာမျှ သွေးအေးနေခဲ့ပြန်သည်။

ဤအတွင်း ထိုဥပဒေကြမ်းကို ပြန်လည်မွမ်းမံ ပြင်ဆင်ကြသည်။ ပြင်ဆင်ချက်သဘောမှာ မြန်မာနိုင်ငံတွင် အထူးအခွင့်အရေးရသော လယ်သီးစား လူတန်းစားကို အသိအမှတ်ပြုသော သဘောဖြစ်သည်။ ထိုလူတန်းစားမှာ မြေရှင်တို့၏ဘေးမှ ကာကွယ်ပေးရန်လိုအပ်သော လယ်သီးစားသမားများ[၃၃] ဖြစ်သည်။ ထိုလယ်သီးစားတို့အတွက် အခွန်တော်အရာရှိကသော်လည်းကောင်း၊ ကြေးတိုင်အရာရှိကသော်လည်းကောင်း လယ်သီးစားခနှုန်းကို ဖြတ်ဆိုရမည် ဖြစ်သည်။ မြေရှင်က ထိုသီးစား၏ လယ်ခကို မြှင့်ချင်တိုင်း မမြှင့်ရဟု ဆိုလိုသည်။

ထိုကိစ္စမှာ ၁၉၀၈ ခုနှစ်တိုင်အောင် အချိန်ဆွဲခဲ့သည်။ ထိုနှစ်၌ မြန်မာနိုင်ငံအစိုးရမှာ လက်ဖတင်နင် ဂေါ်ဝေါ်နာ ခေါ် လက်ထောက်ဘုရင်ခံ၏ အစိုးရအဖြစ်သို့ အဆင့်အတန်း မြင့်တက်လာပြီဖြစ်သည်။ ထိုခေတ်က လက်ထောက် ဘုရင်ခံမှာ ဆာဟာဘတ်သာကယ်လ်ဝှိုက်[၃၄] ဖြစ်သည်။ သူ့ခေတ်တွင် အတိုင်ပင်ခံအမတ်အဖွဲ့ ရှိသည်။ ထိုအမတ်အဖွဲ့သည် ရှေးက ဥပဒေပြုအဖွဲ့ပင်တည်း။ ထို့ကြောင့် ၁၉၀၈ ခုနှစ်တွင် ဆာဟာဘတ်၏ ဥပဒေကြမ်း

---

(၃၃) Protected tenants.

(၃၄) Sir Herbert Thirkell White.

mgyoe.com

ကို ဥပဒေပြုအဖွဲ့သို့ တင်ပြခဲ့လေသည်။ ဤအချက်သည်ပင်လျှင် ဗြိတိသျှ အစိုးရတို့၏ အယူအဆ၌ မြန်မာနိုင်ငံ အုပ်ချုပ်ရေးတွင် လယ်သီးစားဆိုင်ရာ ဥပဒေကို ဦးစွာပထမ ပြည်သူလူထုသို့ တင်ပြသောအချက် ဖြစ်သည်ဟု ဆိုလေသည်။ သို့ရာတွင် ထိုခေတ်က ဥပဒေပြုအဖွဲ့ဝင်တို့မှာ လက်ထောက် ဘုရင်ခံက ခေါင်းခေါက်၍ ရွေးချယ်ထားသော အရာရှိကြီး၊ ကုန်သည်ကြီး နှင့် မြေရှင်ကြီးတို့သာ ပါဝင်ခဲ့လေရာ ဥပဒေကို ပြည်သူတို့ထံ တင်ပြခဲ့သည် ဆိုသည်မှာ လူပြက် ပြက်လုံးတစ်ရပ်မျှသာ ဖြစ်ပေသည်။

ထိုခေတ်၌ မြေရှင်တို့၏ဩဇာသည် ကြီးမား၍ လာခဲ့လေပြီ။ ဆာဖရက် ဒရစ် လက်ထက်က အမြင်ကျယ်ခဲ့သည်တို့မှာ ဆာဟာဘတ် လက်ထက်တွင် ကျဉ်း၍သွားခဲ့ပြီ။ ဥပဒေပြုအဖွဲ့ထဲတွင် ချစ်တီးယား မြေပိုင်ရှင်နှင့် ဥရောပ ကုန်သည်တို့ ကြီးစိုးလျက်ရှိသည်။ ဥရောပကုန်သည်တို့က ချစ်တီးယားတို့၏ ငွေချေးစနစ်ကို အားပေးလျက်ရှိသည်။ ဥရောပကုန်သည်တို့ လိုချင်သည့် အရာက ဆန်စပါးနှင့် အထည်အလိပ်ကုန်သွယ်မှု ဖြစ်လေရာ၊ ချစ်တီးယား တို့က မြန်မာတို့ကို ငွေပင်ငွေရင်း ထုတ်ပေးခြင်းဖြင့် လယ်မှ ဆန်စပါးထွက် လာသော် ထိုဆန်စပါးတို့ကို ရောင်းချရာ၌ အမြတ်ရနိုင်သည်။ လယ်သမား တို့လိုသော အထည်အလိပ်အတွက် ဥရောပကုန်သည်တို့က ကုန်ကူးပေးနိုင် ခြင်းဖြင့် အမြတ်ရနိုင်သည်။ ဤကဲ့သို့ ဥရောပကုန်သည်နှင့် ချစ်တီးယား မြေရှင် မြို့ရှင်နှစ်ဦးတို့ ပလဲနံပ သင့်နေခိုက်ဝယ် ဆာဟာဘတ်၏ ဥပဒေကြမ်း မှာ ဇာတ်မြောခဲ့ရပြန်သည်။

ထို့ကြောင့် ၁၉၁၄ ခုနှစ်တွင် ဆာဟာဗေးအဒမ်ဆင်[၃၅]သည် လက်ထောက် ဘုရင်ခံ ဖြစ်လာသောအခါ၊ ထိုလယ်သီးစား ဥပဒေကြမ်းနှင့် သက်ဆိုင်ရာ အမှုတွဲကို ဆယ်နှစ်ခန့် မြေမြှုပ်သင်္ဂြိုဟ်ထားလျှင် မည်သူ့အားမျှ ဘေးရန် ဖြစ်စေလိမ့်မည် မဟုတ်ဟု မှတ်ချက်ချတော်မူပြန်သဖြင့် လယ်သီးစား ပြဿနာ မှာ အရှင်လတ်လတ်နှင့် အစတေးခံရပြန်လေသည်။

သို့သော် ဆယ်နှစ်စေ့သည်နှင့် တစ်ပြိုက်နက်၊ လယ်သီးစား ဖုတ် ကောင်သည် အသက်ဝင်လာပြန်သည်။

၁၉၂၄ ခုနှစ်၌ မစ္စတာ သောမတ်စ်ကူးပါး[၃၆]သည် လယ်သီးစားနှင့်

(၃၅) Sir Harvery Adamson.

(၃၆) Mr. Thomas Couper.

mgyoe.com

လုပ်သားတို့၏ အခြေအနေကို အထူးအရာရှိအဖြစ်ဖြင့် စုံစမ်းခဲ့သည်။ ထို စုံစမ်းချက်တွင် ၁၉၀၈–၀၉ ခုနှစ် မြစ်ဝကျွန်းပေါ်ဒေသ၌ မစ္စတာ ကလေတန်[၃၇] စုံစမ်းခဲ့သော အချက်တို့ကို ရည်ညွှန်းခဲ့သည်။ ထိုခေတ်ကပင်လျှင် လယ်ဧက တစ်ရာအောက် ပိုင်ဆိုင်နေသော လယ်သမားတို့သည် လယ်ယာ လက်လွတ်စ ပြုလာပြီကို တွေ့ရသည်။ ယင်းသို့ မြေလက်လွတ် ဖြစ်ရသည့်အချက်မှာ ၁၉၀၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ငွေကြေးဘဏ္ဍာ ကျပ်တည်း သဖြင့် ချေးငွေတို့ကို ပြန်လည် ရုပ်သိမ်းလိုက်သောအခါ မြေရှင် ချစ်တီးယား တို့ကို ထိခိုက်လာသဖြင့် မြေရှင်ကလေးတို့သည် လယ်ယာများ ဆုံးပါးကြရ သောကြောင့်ဟု ဆိုလေသည်။

မစ္စတာကူးပါး၏ စုံစမ်းချက်မှာ အတော်ပင် ပြည့်ပြည့်စုံစုံရှိသည်။ မစ္စတာ ကလေတန်၏ခေတ်မှသည် သူ၏ခေတ်သို့တိုင်အောင် နှစ်ပေါင်း ၁၅ နှစ်ခန့်အတွင်း မြန်မာမြေရှင်ကလေးတို့ မြေလက်လွတ် ဖြစ်ခဲ့ပုံကိုပြသည်။ မြေလက်လွတ် ဖြစ်နေစဉ် မြေသြဇာမှာလည်း ဆုတ်ယုတ်လာခဲ့သည်ဟု အဆိုရှိသည်။ စင်စစ် ကျွန်ုပ်တို့နိုင်ငံမှ လယ်ယာတို့မှာ နှစ်ပေါင်းများစွာ တစ်ခါမျှ စနစ်တကျ လုပ်ထားခြင်းမရှိခဲ့ချေ။ နှစ်ပဲနှန်း အခွန်ဆောင်၍ မြေလုပ်ထား သောဓလေ့ ရှိခဲ့သည်မှန်၏။ သို့သော် အနောက်နိုင်ငံများမှာကဲ့သို့ လည်း ကောင်း၊ အိန္ဒိယနိုင်ငံမှာကဲ့သို့ လည်းကောင်း မြေကို အနားထား၍ မြေသြဇာ ပြန်ကျွေးသောနည်းသည် ကောင်းစွာ စနစ်တကျလည်းမရှိ၊ စည်းကမ်းတကျ လည်းမရှိ၊ မြေအလွန်အိုး၍ သုန်ဖျင်းလာခါမှပင် မြေကိုလုပ်ကြသည်။ ဤအရာ ၌ အထက်မြန်မာနိုင်ငံက အောက်မြန်မာနိုင်ငံထက် အနည်းငယ် စနစ်ကျ သည် ဟူ၍ကား ဆိုထိုက်ပေသည်။

ယင်းသို့ မြေယာလက်လွတ်၍ မြေသြဇာအနည်းငယ် ညံ့လာသော် လည်း လယ်လုပ်ခစရိတ်နှင့် လယ်သမားတို့၏ စားစရိတ်မှာ ကြီးမြင့်လာခဲ့ သည်။ ထိုအခါ လယ်သီးစားခလည်း ကြီးမြင့်လာပြန်သည်။

ဤအချက်တို့ကြောင့် ကြွေးမြီပြဿနာသည် ပို၍ရင်လေးဖွယ် ဖြစ် လာရပြန်သည်။ ကြွေးမြီနှင့် ပတ်သက်၍ မစ္စတာ ကူးပါးက မြန်မာတို့ အသုံး အဖြုန်းကြီးပုံ၊ အလောင်းအစား ဝါသနာထုံပုံ၊ လယ်လုပ်ရာမှနေ၍ သူတစ်ပါး ထံမှ ချေးငှားသောငွေဖြင့် စပါးစျေးကစားခြင်း ပြုလုပ်ကြပုံ၊ မိဘဘိုးဘွား

(၃၇) Mr. Clayton.

mgyoe.com

တို့ ကွယ်လွန်လျှင် မြေနှင့်ပတ်သက်၍ အမွေတရားဆိုင်ကြပုံ၊ ဘာသာရေး ကိစ္စ၌ မိမိ၏ငွေရေးကြေးရေး အခြေထက်ပို၍ ရက်ရောမိသဖြင့် ဒုက္ခတွေ့ရပုံ စသည်တို့ကို အနုစိတ်၍ပြဆိုခဲ့သည်။ မစ္စတာ ကူးပါး၏ စုံစမ်းချက်တို့မှာ ယနေ့အထိ အလွန်အရေးပါ အရာရောက်လျက် ရှိလေရကား၊ ယခုခေတ် တောသူတောင်သား လယ်သမားတို့သည် ရှေးခေတ်က မှားယွင်းသော အပြု အမူတို့ကို အမှန်ရောက်အောင် ပြန်၍ ပြင်သင့်ကြပေပြီ။

ထို့ပြင် ၁၉၀၅–၁၀ ပြည့်နှစ်အတွင်း မြေဈေးကျခြင်း အကြောင်းကြောင့် ရာဇဝတ်မှုများ များပြားလာသည်ဟူ၍လည်း မစ္စတာကူးပါးက ယူဆလေသည်။

မစ္စတာကူးပါးသည် လယ်သမားတို့၏ပြဿနာကို လေ့လာရာ၌ ဒေသ အလိုက် လယ်သမားတို့၏ တင်းတောင်းများ အညီအညွတ်မရှိသည်ကိုလည်း ပြဆိုခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံ အစိုးရသည် ဤကိစ္စကလေးကိုမျှပင် ချက်ချင်း မပြုပြင်ချေ။ ၁၉၃၈–၃၉ လောက်ရောက်မှ ဥပဒေကို စတင် အတည်ပြုလေသည်။ စင်စစ် တင်းတောင်း မညီညွတ်မှု ပြဿနာသည် အမြတ်ကြီးစားစနစ်ကို အထောက်အပံ့ပြုခဲ့သည်။

ထို့နောက် မြေရှင်တို့က လယ်သမားတို့အား တစ်ဖက်စီးနင်း ချုပ်ဆို သော ကုလီထောင်စာချုပ်၏အပြစ်ကို မစ္စတာကူးပါးက ပြင်းထန်စွာ ရှုတ်ချ ခဲ့သည်။ ကုလီထောင်စာချုပ်၏ သဘော၌ လယ်ထွက်စပါးသည် လယ်စရိတ် နှင့် ကာမိအောင် ပြည့်ပြည့်ဝဝမထွက်သော်၊ လယ်သမားသည် မြေရှင်အား ပေးဆပ်ဖွယ်ရှိသည့် ကြွေးမြီနှင့် လယ်ခ၊ ကျွဲ၊ နွားခတို့အတွက် ကျေလည် အောင် စိုက်ထုတ် ပေးဆပ်ရမည်ဟူသော စည်းကမ်းချက် ပါရှိသည်။ ထို စည်းကမ်းချက်သည် မြန်မာ့လယ်ယာကို ချစ်တီးလက်ထဲ အရောက်ပို့စေ သော စည်းကမ်းချက် ဖြစ်သည်။

မစ္စတာကူးပါးသည် တရားမျှတသော သီးစားနှုန်းကို စံပြအဖြစ်ဖြင့် တွက်ချက်ပြခဲ့သည်။ မစ္စတာကူးပါးက တစ်ဧကေ စပါး ၃၀ တင်း ထွက်သော မြေအတွက် စပါး ၁၂ တင်းကို လယ်ခပေးရခြင်းသည်ပင်လျှင် အမြင့်ဆုံး သော နှုန်းထားဖြစ်၍ လွန်လှပြီဟုဆိုသည်။ ထို့ကြောင့် လယ်သီးစားခကို မြေခွန်တော်နှုန်းထားအလိုက် အဆပေါင်း မည်ရွေ့မည်မျှ ပေးသင့်သည်ဟု သတ်မှတ်ရန် အကြံပေးခဲ့သည်။ မစ္စတာကူးပါးက ဘယ်နှစ်ဆဟူ၍ အတိ အကျမဆိုပေ။ သို့ရာတွင် မြန်မာနိုင်ငံတော် လွတ်လပ်ရေး ကြေညာပြီးနောက်

mgyoe.com

mgyoe.com


၁၉၄၈ ခုနှစ်ရောက်သော် လယ်သီးစားခ ဥပဒေကိုပြဋ္ဌာန်းသည့်အခါ လယ်ခွန်တော် နှစ်ဆ လယ်သီးစားခဟူ၍ သတ်မှတ်ခြင်းသည် မစ္စတာကူးပါး၏ အကြံပေးချက်တစ်ရပ်ကို အခြေပြုခြင်းပင် ဖြစ်သည်ဟုဆိုရမည်။

မစ္စတာကူးပါး၏ အကြံပေးချက်များအနက် လယ်သီးစား တစ်ဦးသည် တရားမျှတသော လယ်ခစပါးကို မှန်မှန်ပေးနေခဲ့ပါလျှင် ၎င်းအား လယ်ရှင်က သုံးနှစ်တိုင် အဆက်မပြတ် လယ်ငှားချထားရမည်ဟူသော အကြံပေးချက်လည်း ပါဝင်လေသည်။ ထို့ပြင် လယ်ရှင်က လယ်သီးစားအား ဆက်လက်မချထားဘဲ နှင်ထုတ်သည့်အခါ လယ်သီးစားက လယ်မြေကို ပြုပြင်ပေးရသည့်အတွက် လျော်ကြေးရထိုက်သည်ဟူသော အချက်လည်း ပါသည်။ ထိုမှတစ်ပါးလည်း လယ်သမား၏စပါးကို အခြားမြီရှင်တို့က ဝင်ရောက် နှောင့်ယှက်ခြင်း မပြုနိုင်စေရန် လယ်မှစပါးထွက်ကို လယ်လုပ်ခ၊ ကျွဲခ၊ လယ်ငှားခတို့အတွက် ဦးစွာပထမ ပေးဆောင်နိုင်ခွင့်ရှိရမည်။ ၎င်းအခတို့ ကျေပြီးမှ အခြားမြီများကို လယ်မှစပါးထွက် လက်ကျန်နှင့် ရှင်းလင်းပေးဆပ်ရမည်ဟူသော သဘောကိုလည်း အကြံပေးထားသည်။

သို့ပါသော်လည်း မစ္စတာကူးပါး၏ စုံစမ်းချက်ကြောင့် ပေါ်ထွက်လာသော ထို ၁၉၂၇ ခုနှစ် မြန်မာနိုင်ငံလယ်မြေ ဥပဒေကြမ်းကို မြေရှင်အများက ပြင်းထန်စွာ ကန့်ကွက်ပြန်သောအခါ အစိုးရသည် ထိုဥပဒေကြမ်းကို ချောင်တွင် သိပ်ခဲ့ရပြန်လေသည်။

ထိုနောက်၌ကား ဥပဒေကြမ်းများကို တစ်ခုပြီးတစ်ခု ရေးဆွဲခဲ့သည်။ ရေးဆွဲသမျှ ဥပဒေတို့မှာ အတွင်းဝန်ရုံးတွင် အိပ်မောကျ၍သာ နေခဲ့ပေသည်။ ဘာတစ်ခုမျှ ထိထိရောက်ရောက် မရှိခဲ့ချေ။

၁၉၃၇ ခုနှစ်၌ကား မြန်မာနိုင်ငံ လယ်သီးစား ဥပဒေကြမ်းကို ရေးဆွဲကြပြန်သည်။ ထိုဥပဒေကြမ်းကို ၁၉၃၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဥပဒေပြုကောင်စီ၌ တင်ပြသည်။ ဥပဒေပြု ကောင်စီက အများပြည်သူ့ ဆန္ဒယူစေရန် သဘောတူသည်။

ဤအတွင်း ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် အိန္ဒိယမှ ခွဲလိုက်လေသည်။ ထို့ကြောင့် ၁၉၃၈ ခုနှစ်တွင် ပြည်သူ့ကိုယ်စားလှယ် လွှတ်တော် (အောက်လွှတ်တော်)[၁၈] နှင့် ဆီနိတ် (အထက်လွှတ်တော်) ဟူ၍ တည်ထောင်လာခဲ့ကြ

(၁၈) House of Representatives.

mgyoe.com

mgyoe.com


သည်။ ၁၉၃၈ ခု ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဦးစောသည် မြန်မာနိုင်ငံ လယ်ခစပါးထိန်းသိမ်းအုပ်ချုပ်ရေး ဥပဒေကြမ်း[၃၉] ကို အောက်လွှတ်တော်၌ တင်သွင်းသည်။ ထိုဥပဒေကြမ်း၏ သဘောသွားမှာ တောင်သူလယ်သမား သီးစားတစ်ဦးသည် ၎င်း၏လုပ်ခွင်မှ ထွက်သောစပါး၏ လေးပုံတစ်ပုံကို သာလျှင် မြေရှင်အား သီးစားခအဖြစ်ဖြင့် ပေးရမည်ဟု ပြဋ္ဌာန်းလေသည်။ သို့သော် ထိုဥပဒေကြမ်းကို အောက်လွှတ်တော်က ပယ်ချလိုက်လေသည်။

ဤအခြေသို့ရောက်သော်၊ မြေနှင့်လယ်ယာ စိုက်ပျိုးရေး ကော်မတီသည် လယ်သီးစား ပြဿနာနှင့် ပတ်သက်၍ အများလက်ခံနိုင်သော လယ်သီးစား ဥပဒေတစ်ရပ်ကို ရေးဆွဲရန် တာဝန်ရှိလာခဲ့ပြီ။ ထို့ကြောင့် ထိုကော်မတီသည် ၁၉၃၈ ခုနှစ် လယ်သီးစား ဥပဒေကြမ်းကို ရေးဆွဲခဲ့လေသည်။

လယ်သီးစား ပြဿနာနှင့် ပတ်သက်၍ အဓိကအချက်မှာ လယ်သီးစားနှင့် လယ်ရှင်တို့နှစ်ဦးစလုံးအတွက် မျှတသော သီးစားခ နှုန်းခ ဟူသည် အဘယ်နည်းဟူသောအချက်ပင် ဖြစ်လေသည်။

ဤပြဿနာသည် မြန်မာနိုင်ငံရေးတွင် အတော်ပင် ဒုက္ခပေးခဲ့သော ပြဿနာဖြစ်သည်။ မြေယာစနစ်၏ ရာဇဝင်ကို မလေ့လာဖူးသူတို့အဖို့ ယခုခေတ်၌ မြင်တွေ့နေရသော ချွတ်ယွင်းချက်များ အခက်အခဲများသည် ယခုခေတ် တော်လှန်ရေးသမားကြောင့် ဖြစ်ရသည်ဟူ၍ အပြစ်ဖို့ကောင်း ဖို့ကြပေလိမ့်မည်။ ကျွန်ုပ်သည် မည်သူ့ကိုမျှ အပြစ်ဖို့ရန်လည်း စိတ်မကူး၊ မည်သည့်ဘက်ကမျှ ရှေ့နေလိုက်ရန်လည်း မရည်ရွယ်၊ အဆင့်ဆင့် ပြုပြင်ပြောင်းလွဲလာခြင်း ကိစ္စကို အရင်းတိုင်း မြင်နိုင်ကြပါမူ ကောင်းသော ရည်ရွယ်ချက်တို့သည် ကောင်းစွာ အောင်မြင်ခြင်းသို့ ရောက်လိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် မြေယာစနစ်၏ အဆင့်ဆင့် ပြောင်းလွဲလာပုံကို ဖော်ပြနေခြင်း ဖြစ်သည်။

၁၉၃၈ ခုနှစ် ဥပဒေကြမ်းက ရည်ရွယ်သော တရားမျှတသည့် လယ်သီးစားခဟူသည် ဤသို့ဖြစ်သည်။ ဦးစွာပထမ လယ်သမားတစ်ဦးက သင့်တင့်မျှတသော လုံ့လဥဿဟဖြင့် ထွန်ယက်စိုက်ပျိုး လုပ်ကိုင်သောကြောင့် ထွက်လာသော စပါးထွက်ကို မူတည်သည်။ ထို့နောက် လယ်လုပ်သည့်အတွက် ကုန်ကျစရိတ်ကို တွက်ယူသည်။ ထိုကုန်ကျစရိတ်ကို တွက်ချက်ရာ

(၃၉) Burma Paddy Rents Control Bill, 1937.

mgyoe.com

mgyoe.com


တွင် လယ်သမား တစ်အိမ်ထောင်၌ ပါဝင်သူတို့က ဝင်ရောက် ကူညီလုပ်ဆောင်ရသော လုပ်အားကို ကြေးငွေပစ္စည်းနှင့် အခသင့်စေရသည်။ ဥပမာ လယ်ကူလီကို ၄ား သဖြင့် မိုးတွင်းစရိတ် အခ စပါးတင်း ၇၀ ပေးသည် ဆိုပါအံ့။ ထိုလယ်ကူလီနှင့် အတူတွဲဖက်၍ လယ်သီးစားနှင့် ၎င်းသားမယားတို့ပါ ဝိုင်းဝန်း လုပ်ဆောင်သည့်အတွက်မှာ အခကြေးငွေ စားရသည် မဟုတ်ချေ။ သို့သော် အကယ်၍ ၎င်းအခကြေးငွေယူ၍ လုပ်ဆောင်ခဲ့ချေသော် မည်ရွေ့မည်မျှ ကျသင့်သည်ကိုလည်း မူလတင်း ၇၀ စပါးနှင့်အတူ ရော၍ တွက်ချက်ရသည်။ ထိုနောက် လယ်ထွက်စပါးနှင့် လယ်စရိတ်ကို နုတ်ရသည်။ လက်ကျန်စပါးမှာ လယ်ရှင်နှင့် သီးစားတို့ ဝေငှယူကြရန် ဖြစ်သည်။ သို့သော် လက်ကျန်စပါးနှင့် သီးစားခကို ပိုင်းဖြတ်ရာ၌ ထိုလယ်ကို လုပ်ချိန်တွင် ထိုလယ်နှင့် တစ်စပ်တည်း တည်သော အခြားလယ်တို့တွင် လယ်သီးစားခ မည်မျှနှုန်းထားရှိသည်ကို တစ်ဖန် တွက်ချက်ရပြန်သည်။ ယင်းသို့ တွက်ချက်ကြည့်ပြီးမှ လယ်ထွက် စပါးကျန်နှင့် နှိုင်းချိန်ကြည့်ပြီးလျှင် သူမသာ ကိုယ်မနာ ဖြစ်အောင် အခွန်တော် အရာရှိတို့က ဆုံးဖြတ်ပေးရသည်။ ဤဆုံးဖြတ်ချက်သည် မျှတသော လယ်သီးစားနှုန်း ဖြစ်လာရလေသည်။

ဤမှုကိုချပေးသော ကော်မတီက မျှတသော လယ်သီးစားခနှုန်းကို တွက်ချက်ရန် မြေစာရင်းဌာနတွင် ကျွမ်းကျင်သော အမှုထမ်းတို့ များစွာလိုနေသည်။ လုပ်ငန်းမှာ အထူးကျွမ်းကျင်သူတို့၏ အရာသာဖြစ်သည်။ ထို့ကြောင့် ထိုဥပဒေကို အတည်ပြုသည့်အခါ မြန်မာနိုင်ငံတစ်ဝန်းလုံးအတွက် ချက်ချင်း အတည်မပြုစေဘဲ၊ ဒေသအလိုက် အစမ်းအတည်ပြုပြီးမှ တစ်ဆင့်ထက် တစ်ဆင့် တိုးချဲ့အတည်ပြုရန် အကြံပေးသည်။

သို့ရာတွင် မြေယာပြဿနာ၏အရှိန်သည် တစ်နေ့ထက် တစ်နေ့ ပြင်းထန်လာပေပြီ။ ထို့ကြောင့် ကော်မတီက တစ်ဆင့်ထက် တစ်ဆင့် ပြုပြင်ရန် အကြံပေးစေကာမူ ဝန်ကြီးချုပ် ဒေါက်တာ ဘမော် ခေတ်တွင် အစိုးရအဖွဲ့သည် ထိုလယ်သီးစား ဥပဒေကို မြန်မာနိုင်ငံတစ်ဝန်းလုံးအနှံ့ အတည်ပြုရန် ပြဋ္ဌာန်းလိုက်လေသည်။ ဤပြဋ္ဌာန်းချက်ကို အရာရှိပိုင်းက မနှစ်မြို့ချေ။

မနှစ်မြို့ခြင်းမှာ ထိုအရာရှိပိုင်း ပုဂ္ဂိုလ်များသည် မြေယာ ပြုပြင်ပြောင်းလဲရေးမှုကို သဘောမကျ၍ မဟုတ်ပေ။ အလုပ်ရခက်ခြင်းကြောင့် ဖြစ်သည်။ လက်တွေ့လုပ်ကိုင်ရာ၌ ၎င်းတို့ ပေးထားသောအကြံမှာ အလွန်လျှင် အနု

mgyoe.com

mgyoe.com

စိတ်၍ တွက်ချက်ရသည်။ ထို့ကြောင့် ရည်ရွယ်ချက် ကောင်းသလောက် အလုပ်ခက်သည်။

ကျွန်ုပ်၏ ကိုယ်တွေ့တစ်ခုကို ပြောရမည်ဆိုလျှင်၊ ထိုခေတ်က လယ်သမားဘက်မှလည်း အနုစိတ်၍ လယ်စရိတ် တင်ပြသည်။ လယ်ရှင်ဘက်မှလည်း ၎င်းတို့၏ နစ်နာချက်ကို အနုစိတ်၍ တင်ပြသည်။ နှစ်ဦးစလုံး မျောက်ပွန်းလျှင် လက်မခံ။ ဥပမာ လယ်သမားက နွားကျောင်းရာ၌ အသုံးပြုသော ကြိမ်ကိုပင်လျှင် တန်ဖိုးထား၍ လယ်စရိတ်ထဲ သွင်းသည်။ လယ်ရှင်ကလည်း တလင်းမှ စပါးသိမ်းရာတွင် ဖိတ်စင်သော စပါးအတွက်ကိုပါ အနစ်နာမခံလိုသော သဘောကိုပြသည်။ လက်တွေ့၌ လုပ်ရင်းလုပ်ရင်းနှင့် လယ်ရှင်နှင့် လယ်သီးစားတို့သည် နှစ်ဦးနှစ်ဝ ကျေနပ်မှုရသင့်ပါလျက်နှင့် နှစ်ဦးနှစ်ဝ ပဋိပက္ခ ဖြစ်လာရသည်။ မြေရှင်နှင့် လယ်သီးစားတို့၏ ပဋိပက္ခ ကြီးကျယ်လာခြင်းကို ဟန့်တားစေရန် အမြော်အမြင်ရှိသော အမှုထမ်း အရာထမ်းတို့က ဖျန်ဖြေသောစနစ်ဖြင့် သတ်မှတ်သည်ကို တွေ့ခဲ့ဖူးပါသည်။ သို့သော် လယ်ယာစိုက်ပျိုးရေးကော်မတီက မှန်းဆထားသော ရည်ရွယ်ချက်အတိုင်း ကျေကျေချမ်းချမ်း မဖြစ်ခဲ့ချေ။

ထို့ကြောင့် အမှုတွဲပေါင်းများစွာတို့သည် ဟိုက်ကုတ်ခေါ် အထက်လွှတ်ရုံးသို့ စုန်ချည် ဆန်ချည် သွားလျက်ရှိလေသည်။ နောက်ဆုံး၌ ရှုပ်ထွေးသည်ထက် ရှုပ်ထွေးလာသောအခါ ဥပဒေကို ခေတ္တရပ်ဆိုင်း၍ ဘုရင်ခံ၏ အမိန့်နှင့် လယ်ရှင်နှင့် လယ်သီးစား နှစ်ဦးတို့၏ တောင်းဆိုသော အခန့်နှုန်းကို ကြားဖြန်၍ အတည်ပြုစေရန် ပြဋ္ဌာန်းလိုက်ပြန်သည်။ ကြားဖြန်သည့် သဘောမှာ စာရင်းကျနစွာ တွက်ချတ်၍ လုပ်ကိုင်ရခြင်းမဟုတ်၊ လယ်ရှင်က လယ်ခစပါးတင်း ၁၀၀ တောင်းဆို၍ လယ်သီးစားက တင်း ၅၀ သာပေးလိုသည်ဟု ငြင်းဆိုသော် မြေအရာရှိက ကြားနေ အောင်သွယ် ပွဲစားပမာ တင်း ၇၅ နှင့် ကျေနပ်ပါဟု ပြောဆို၍ ဆုံးဖြတ် အတည်ပြုခြင်းမျှသာ ဖြစ်လေရာ၊ ၁၉၃၈ ခုနှစ် လယ်သီးစား ဥပဒေမှာ အသံသာ ဟိန်းသော်လည်း အဆန်မရှိခဲ့ချေ။

ဤကိစ္စတို့ကို ကျွန်တော် ပြန်ပြောင်း၍ တွေးကြည့်မိတိုင်း ၁၉၃၈ ခုနှစ် လယ်သီးစားဥပဒေ၏ ချွတ်ယွင်းချက်တွင် ပြုပြင်ပြောင်းလဲမှုတို့ကို မလိုလားသောသူတို့၏ ပယောဂလည်း ပါတန်သရွေ့ ပါလိမ့်မည်ဟု ကျွန်တော်

mgyoe.com

ဆိုလိုက်ချင်သည်။ ထိုစဉ်က ကျွန်တော်သည် လုပ်သက်နုသေးသောကြောင့် ကျွန်တော်၏အယူအဆမှာ မှားတန်ရာ၏။ သို့သော် မှားပင် မှားစေကာမူ ကျွန်တော်၏ မေ့ပျောက်၍မရသော အချက်တစ်ခုမှာ အသေးအဖွဲ ကိစ္စတို့၌ ရေးကြီးခွင့်ကျယ် လုပ်နေသော ဗြိတိသျှလူမျိုး အရာရှိတို့၏ စနစ်တစ်ရပ် ကြောင့်၊ အောင်မြင်မှုမရှိခဲ့ဟု စိတ်တွင် ထင်မြင်မိသည်။

ဥပမာအားဖြင့်ဆိုသော် ယခင်က ပြဆိုခဲ့သည့်အတိုင်း လယ်စရိတ်တွင် နဖားကြိုးအတွက် လည်းကောင်း၊ ကျွဲကျောင်းသား ကိုင်ဆောင်သော တံပြာ (ကြိမ်) အတွက်လည်းကောင်း တန်ဖိုးထား၍ တွက်ချက်ပြီးလျှင် လယ်ထွက်စပါး၌ ကောက်သင်း ကောက်သည့်အခါ ရသင့်ရထိုက်သော စပါးတင်းရေ မည်မျှဟူသည်တို့ကိုပါ အနုစိတ်၍ အကျယ်အကျယ် မငြိမ်းဖွယ်ဖြစ်အောင် ဖန်တီးပေးသော ပယောဂတို့သည် သာမန်အားဖြင့် ငြိမ်းချမ်းသော စိတ်ကိုထားတတ်သူ မြန်မာလယ်ရှင်နှင့် လယ်သမားတို့၏ ညီညွတ်မှုကို ဖြိုခွင်းခဲ့သည်ဟု ကျွန်တော် အမှတ်ထားမိသည်။ စင်စစ် ဤပယောဂသည် မြန်မာလူထု၏ စည်းလုံးညီညွတ်မှုကို ဖြိုခွင်းခဲ့သလောက် နိုင်ငံခြားမြေရှင် မြို့ရှင်တို့အတွက် လက်ခမောင်းခတ်စရာ ဖြစ်ခဲ့သည်။

ဤယူဆချက်သည် မှားပါစေဟု ကျွန်တော် ဆုတောင်းခဲ့၏။ သို့သော် ကျွန်တော်၏ရှေ့၌ ၁၉၃၉ ခုနှစ်သည် ၁၉၄၀ သို့၊ ၁၉၄၀ ခုသည် ၁၉၄၁ သို့၊ တရွေ့ရွေ့ တလျားလျား ကူးပြောင်းသွားခဲ့စေမူ၊ လယ်ရှင်နှင့် လယ်သမားတို့၏ ပဋိပက္ခသည် ကျေအေးခြင်း ဘဝသို့ မကူးပြောင်းခဲ့။ အကယ်၍ ၁၉၄၁ ခုနှစ် ကုန်ဆုံးခါနီး၌ ဂျပန်တို့ မြန်မာမြေကို ကျူးကျော်မလာခဲ့သော် ၁၉၄၂ ခုနှစ်၌ လယ်ရှင်နှင့် လယ်သီးစားပြဿနာသည် ယမ်းပုံမီးကျ ဖြစ်ရပေတော့မည်ဟု ကျွန်တော် တွေးမိသည်။

ထို့ကြောင့်လည်း ယနေ့တိုင် ကျွန်တော့် စိတ်ထဲ၌ ယနမကင်းမှု ရှိနေလေသည်။ သို့သော် လွန်ခဲ့သည်တို့ လွန်လေပြီ။ ကျွန်ုပ်တို့သည် ရှေ့အဖို့၌ကား မိမိတို့အချင်းချင်း ဖြစ်နေကြသော ပဋိပက္ခတို့ကြောင့် နိုင်ငံခြားသားတို့ လက်ခမောင်းထ၍ မခတ်နိုင်ကြရအောင် တရားမျှတစွာ လုပ်ဆောင်သွားရန်ကိုသာ တိုက်တွန်းလိုပေသည်။

မြန်မာနိုင်ငံကို စွန့်လွှတ် ထွက်ပြေးသွားသော ဂျပန်ပြေးမင်း ဆာရက်

mgyoe.com

mgyoe.com

ဂျီနယ်လ်ဒ် ဒေါ်မန်ဆမစ်[၄၀]သည် ၎င်း၏အစိုးရ တည်တံ့ရေးအတွက် ဆင်မလာမြို့မှနေ၍ စီမံကိန်း အဝဝတို့ကို စိတ်ကူးဖြင့် ရေးဆွဲခဲ့၏။ ထိုစိတ်ကူးတို့တွင် ကံအားလျော်စွာ မြေယာစနစ်ပြုပြင်ရေးလည်း ပါဝင်ခဲ့လေသည်။ ထိုကိစ္စအလို့ငှာ မစ္စတာ ဘင်းန်စ်အား တာဝန်လွှဲအပ်လေရာ၊ မစ္စတာ ဘင်းန်စ်သည် ဥပဒေကြမ်းတစ်ခုကို ရေးဆွဲခဲ့လေသည်။

ထိုဥပဒေကြမ်း၏ သဘောမှာ လယ်ထွက်စပါးကို မည်ရွေ့မည်မျှဟု မြေသမာဓိတို့၏ အကူအညီဖြင့် စုံစမ်း တွက်ချက်ပြီးသော်၊ ဘုရင်ခံက နည်းဥပဒေ ပြဋ္ဌာန်းချက်ဖြင့် ရာခိုင်နှုန်း မည်ရွေ့မည်မျှသည် လယ်သီးစားခစံနှုန်း ဖြစ်သင့်သည်ဟူ၍ ပညတ်စေသော သဘောပင်တည်း။

ဤအကြံပေးချက်သည် မရိုင်းချေ။ သို့ရာတွင် ယခုခေတ်၌ ၎င်းအကြံအတိုင်းလုပ်၍ ဖြစ်နိုင်တော့သည် မဟုတ်ချေ။ ကြေးတိုင်စိုက် အရာရှိတို့က မြေမျိုးစား ခွဲခြားပြီးလျှင် တစ်ဧကလျှင် စပါးထွက် မည်ရွေ့မည်မျှ ရှိမည်ဟု ခန့်မှန်းပြီးနောက် ထိုခန့်မှန်းချက်တို့အပေါ်တွင် အမှီပြု၍ မြေခွန်တော်ကို ကောက်ခံလေသည်။ ထို့ကြောင့် ၁၉၄၈ ခုနှစ်တွင် ထိုမြေခွန်တော်၏ နှစ်ဆကို သီးစားခစံနှုန်း ဖြစ်စေရမည်ဟု ပြဋ္ဌာန်းလေသည်။ ဤပြဋ္ဌာန်းချက်သည် လက်တွေ့အားဖြင့် အခိုက်အတန့်အတွက် အသုံးချ၍ရကောင်း၏ဟု ယေဘုယျအားဖြင့် ဆိုရမည်ဖြစ်၏။ နောင်လာလတ္တံ့သော လယ်ယာမြေ ပြည်သူပိုင်လုပ်ရေးစနစ်အရ၌လည်း လယ်သီးစားခ စံနှုန်း ဟူသည်မှာ များစွာ အရာဝင်တော့မည် မဟုတ်သဖြင့် ဘာမျှထွေထွေထူးထူး စောဒကတက်ရန်မရှိ၊ သို့သော် ရှေးက စပါးတစ်ပိဿာဈေး ပေါက်ခဲ့သည့်အပေါ်၌ ယေဘုယျအားဖြင့် တွက်ချက်ထားသော မြေခွန်တော်ကို ယခုခေတ် စပါးဈေး ၂၈၅ ပေါက်နေသည့်အခါ မည်သို့ ရှိသင့်သနည်းဟု စဉ်းစားလိုက်ပြန်သော်၊ ရှေ့ဆက်၍ စဉ်းစားဖွယ်များ ပေါ်ထွက်လာပေဦးမည်။ သို့သော် စပ်ကူးမတ်ကူး ကာလအတွင်းတွင် ယခုအတိုင်း စခန်းသွားနေရသည်ကို ဓမ္မတာသဘောနှင့် ဆန့်ကျင်သည်ဟု မဆိုသာ။ သီးစားစနစ် ပပျောက်သွားသည့် အချိန်အခါတွင် အားလုံး စည်းကမ်းတကျပင် ဖြစ်ပေလိမ့်မည်ဟု အကောင်းဘက်က ကြည့်၍ တွေးတောကောင်း တွေးတောနိုင်ကြပေလိမ့်မည်။

မြေနှင့် လယ်ယာစိုက်ပျိုးရေးကော်မတီက ပြဆိုထားသော အပိုင်း

(၄၀) Sir Reginald Dorman Smith.

mgyoe.com

mgyoe.com


လေးပိုင်းအနက် ဒုတိယပိုင်းမှာ တောင်သူလယ်သမား လက်မှ လယ်ယာမြေတို့ တောင်သူလယ်သမား မဟုတ်သူ မြေရှင်လက်သို့ ပြောင်းသွားသောစနစ်ဖြစ်သည်။ ထိုစနစ်နှင့် ပတ်သက်၍ နိဒါန်းအားဖြင့် ပြောရမည်ဆိုသော် မြန်မာဘုရင့်ခေတ်၌ လယ်မြေများ လက်ဆင့်ကမ်း ပြောင်းခဲ့ပုံကို ပြဆိုရမည်ဖြစ်သည်။ ဤအကြောင်းကို ရှေ့ပိုင်း၌ အလျဉ်းသင့်သလို ပြဆိုခဲ့ပြီ။ သို့သော်ယခုအနည်းငယ် စကားပြန်ကောက်ရပေဦးမည်။

ဗြိတိသျှဘားမား ဂေဇက်တီးယားတွင် ကာနယ်စပီးယားမင်း[၄၁] ဆိုသူက မြန်မာဘုရင်တို့ခေတ်၌ မြေယာပိုင်ရှင် လက်ဆင့်ကမ်း ပြောင်းလဲခဲ့ပုံကိုပြဆိုခဲ့သည်။ ထိုခေတ်က လယ်သမားတို့၏ မြေကို အပြီးအပိုင် ရောင်းချသော စနစ်မရှိခဲ့၊ လယ်သမားတစ်ဦးက ၎င်းပိုင်မြေကို အခြား လယ်သမားတစ်ဦးသို့ တန်ဖိုးထား၍ ရောင်းချသည့်အခါ၊ ရောင်းသူသည် ၎င်းပိုင်မြေကိုဝယ်သူ့ထံမှ သူကြိုက်သော အချိန်ကာလ၌ ပြန်လည်ရွေးနုတ်ဝယ်ယူနိုင်ခွင့်ရှိသည်။ မူရင်းရောင်းသူ၏ သဘောတူညီချက်မရဘဲ ဝယ်သူက တစ်ဆင့် အခြားသူသို့ ပြန်မရောင်းနိုင်ချေ။ ဤခလေ့ကြောင့် မြန်မာဘုရင်တို့ခေတ်တွင် တောင်သူလယ်သမား အစစ်အမှန်တို့လက်၌သာ လယ်ယာမြေတည်ရှိခဲ့သည်။

မြေယာကို ဦးစွာပထမ တောင်သူလယ်သမားတို့က တီထွင်၍ ပိုင်ဆိုင်ခွင့်ကို ရယူရာ၌လည်း တောရိုင်းကို ဓားမဦးချ တီထွင်လုပ်ကိုင်လျှင်ပင်ပိုင်ဆိုင်ခွင့် ရနိုင်ပေသည်။ ဗြိတိသျှအစိုးရတို့လက်ထက် ရောက်လာလေသော် ထိုဓားမဦးချစနစ်ကိုပင်လျှင် ဆက်လက် တည်မြဲစေသည်။ သို့သော်ထိုစနစ်ကို စကွာတာစနစ်[၄၂] ဟုခေါ်သည်။ ထိုစကွာတာ စနစ်အရ အစိုးရပိုင်မြေရိုင်းကို မည်သူမဆို ဓားမဦးချ တီထွင်နိုင်ခွင့်ရှိသည်။ ၁၈၇၆ ခု အောက်မြန်မာနိုင်ငံ မြေနှင့် မြေခွန်တော် အက်ဥပဒေအရ လယ်သမားတစ်ဦးသည်၎င်းပိုင်မြေကို ၁၂ နှစ် ကာလပတ်လုံး ဆက်လက်လုပ်ကိုင်၍ အခွန်တော်ကိုမပြတ်ပေးဆောင်သော် လယ်ကို ပိုင်ဆိုင်ခွင့်ရသည်။ ထိုပိုင်ဆိုင်ခွင့်ရသူသည်စကွာတာခေါ် ကျူးကျော်သူ၏ဘဝမှ လွတ်မြောက်လာပြီဟု ဆိုရလေသည်။

ထို့ပြင် လယ်ရိုင်းဧက မြောက်မြားစွာကို လယ်သမားတို့က ပတ္တာ

(၄၁) Colonel Spearman.

(၄၂) Squatter System.

mgyoe.com

mgyoe.com


ခံယူသောစနစ်လည်း ရှိသေးသည်။ ထိုစနစ်၏ ရည်ရွယ်ချက်မှာ မိမိလယ်ကို မိမိကိုယ်တိုင်လုပ်သော လယ်သမားများ ပွားများလာစေရန် ရည်ရွယ်ချက်ဖြစ်သည်။ သို့သော် ၁၉၀၀ ပြည့်နှစ် ရောက်သောအခါ လယ်တည်ခဲ့သူ တောင်သူလယ်သမားတို့၏လက်မှ လယ်မြေတို့သည် ကြေးရည်တတ် ချစ်တီးတို့လက်သို့ ကူးပြောင်းသွားခဲ့သည်ကို ကြုံတွေ့ရသည်။ ထိုကြောင့် ပတ္တာခံသောစနစ်ကို ၁၉၁၀ ပြည့်နှစ်၌ ရုပ်သိမ်းလိုက်ရသည်။

ထိုနောက်၌ကား အစိုးရကိုယ်တိုင်ကကြပ်မတ်၍ ကိုလိုနီခေါ် လယ်ယာစိုက်ပျိုးရေးနယ်သစ် ဖွင့်ပေးသော စနစ်ဖြင့် လယ်သမားစင်စစ်က လယ်မြေပိုင်ဆိုင်စေရန် လုပ်ဆောင်ပေးခဲ့သည်။ များသောအားဖြင့် ဤစနစ်မှာ သစ်တောကြိုးဝိုင်းထဲသို့ လယ်ယာမြေများ တိုးချဲ့လုပ်ကိုင်ခြင်းကို ကန့်သတ်ပေးသောစနစ်မျှသာ ဖြစ်သွားခဲ့သောကြောင့် များစွာအကျိုးသက်ရောက်ခြင်း မရှိပေ။ ယင်းကဲ့သို့ စနစ်အမျိုးမျိုးဖြင့် လယ်သမားတို့၏ အခွင့်အရေးကို ကာကွယ်ပေးသည်ဟု ဆိုရစေကာမူ များစွာသော တောင်သူလယ်သမားတို့မှာ ၁၈၉၀ ပြည့်နှစ်ခန့်မှအစပြု၍ မြေယာလက်လွတ် ဖြစ်ခဲ့ကြရပြီ။ ထို့ကြောင့် ဘဏ္ဍာရေးမင်းကြီး မစ္စတာစမီတန်[၄၃] သည် ၁၈၉၁ ခုနှစ်တွင် လယ်ယာလုပ်ကိုင်သူတို့ သက်သာချောင်ချိခွင့်ဥပဒေ[၄၄] ကြမ်းကို ရေးဆွဲသည်။ ထိုဥပဒေကြမ်း၏ သဘောသွားမှာ မြန်မာလူမျိုး တောင်သူလယ်သမား၏မြေကို ပေးကမ်းပြောင်းလွှဲရာ၌ အခွန်တော်အရာရှိ၏ သဘောတူညီချက်မရဘဲ မပြောင်းလွှဲစေရန်နှင့် တရားမရုံး၌ ဖာရီချသောအမှုတွင် မြန်မာလယ်သမား၏မြေကို ဝါးရမ်းကပ်စေခြင်း၊ ပြောင်းလွှဲပေးစေခြင်းမပြုစေရန် ရည်ရွယ်ပေသည်။ မစ္စတာစမီတန်က နောင်နှစ်ပေါင်း ငါးဆယ်ခန့်အကြာတွင် ဖြစ်ပေါ်လာမည့် ပြဿနာတို့ကို ကြိုတင်မြင်ဟန်တူသည်။ ထို့ကြောင့် မြန်မာလယ်သမားလက်မှ မြေများ တိုင်းတစ်ပါးသားတို့လက်သို့ ရောက်စေခြင်းကို ပြင်းထန်စွာ အပြစ်ပြ၍ မြန်မာမြေသည် မြန်မာအတွက်သာ ဖြစ်ရမည်ဟု ဆိုခဲ့သည်။

သို့ရာတွင် မည်သည့်အကြောင်းကြောင့်မသိ၊ မြန်မာနိုင်ငံအစိုးရ၏ သဘောထားမှာ ၁၈၉၃ ခုနှစ်တွင် တစ်မျိုးပြောင်းသွားပြန်သည်။ လယ်သီးစားဥပဒေကြမ်းကို တင်သည့်အချိန်ကဲ့သို့ပင် မြန်မာနိုင်ငံတွင် ငွေချေးစားသူတို့၏

(၄၃) Mr. Smeaton.

(၄၄) The Burma Agriculturists Relief Bill, 1891.

mgyoe.com

mgyoe.com


ဘေးမှ လယ်သမားတို့ကို ကာကွယ်ပေးရန်မှာ အရေးမကြီးလှသေးဟု မြန်မာအစိုးရက အိန္ဒိယအစိုးရကို အစီရင်ခံသည်။ အိန္ဒိယအစိုးရကမူ ဤကိစ္စကို ရက်ရွှေ့၍နေသည့်အတွက် ကောင်းကျိုးပေးနိုင်မည် မဟုတ်ဟု ညွှန်းပြခဲ့ပေသည်။

၁၈၉၄ ခုနှစ်၌ မစ္စတာစမီတန်ကပင်လျှင် သူ၏မူလဥပဒေကျမ်းကို ခေတ္တခေါက်ထား၍ အကြံဉာဏ်တစ်မျိုး ပြင်၍ပေးပြန်သည်။ ထိုပြင်ဆင် အကြံပေးချက်၌ အဓိကအချက်မှာ လယ်သမားသည် မိမိလယ်ကို ရောင်းချလိုက်စေကာမူ၊ ထိုရောင်းချပြီးသား လယ်မြေပေါ်တွင် သီးစားအဖြစ်ဖြင့် ဆက်လက်လုပ်ကိုင်ခွင့်ရှိသည်ဟူသော အချက်ပင် ဖြစ်၏။

၁၈၉၆ ခုနှစ်၌ မစ္စတာစမီတန်၏ အကြံပေးချက်တို့ကိုယူ၍ မြန်မာနိုင်ငံအစိုးရက အိန္ဒိယနိုင်ငံ ဗဟိုအစိုးရသို့ ရာထားချက်များ တင်ပို့ပြန်သည်။ သို့သော် အိန္ဒိယနိုင်ငံ ဗဟိုအစိုးရသည် ရှေးရှေးက လယ်သမား၏အကျိုးကို ကာကွယ်လိုသောဆန္ဒပြခဲ့သော်လည်း ယခုတစ်ချိန်၌ တုံဏှိဘာဝေ ဆိတ်ဆိတ်နေပြန်လေသည်။ သို့ရာတွင် ၁၉၀၆ ခုနှစ် ဆာဟာဘတ်သာကယ်လ်ဂိုက် လက်ထက်၌ ချွတ်ယွင်းချက်တို့ကို အချိန်မီပြင်ဆင်စေရန် ဥပဒေကြမ်းတစ်ခုကို ရေးဆွဲပြန်သည်။ ထိုဥပဒေကြမ်း၏ ရည်ရွယ်ချက်မှာ လယ်သမားတို့၏ မြေများကို ပေါင်နှံရောင်းချ ပေးကမ်းပြောင်းလဲမှုတို့၌ စည်းကမ်းသတ်ပေးရန် ဖြစ်သည်။

ထိုအခါ ၁၉၀၇ ခုနှစ်သို့ အချိန်ဆွဲသွားသည်။ ထိုနှစ်တွင် အိန္ဒိယဗဟိုအစိုးရက အပေါင်စာချုပ်ဖြင့် လယ်မြေများကို လွှဲပြောင်းမပေးနိုင်သည်ရှိသော်၊ ချစ်တီးယားမြို့ရှင်တို့က တောင်သူလယ်သမားတို့ကို ငွေကြေးထုတ်မချေးဘဲ နေမည်ကို စိုးရိမ်ကြောင့်ကြပါသည်ဟု အကြောင်းပြလေသည်။ ဤတွင် အိန္ဒိယဗဟိုအစိုးရ၏ သဘောထားပြောင်းရခြင်း အကြောင်းရင်းသည် ဘွင်းဘွင်း ပေါ်လာခဲ့ပြီ ဖြစ်သည်။ လယ်ယာမြေစနစ်ကို တရားနည်းလမ်းတကျ ပြုပြင်ပေးရာ၌ အနှောင့်အယှက်သည် ချစ်တီးယားမြို့ရှင်တို့ပင် ဖြစ်သည်။

ထို ၁၉၀၆ ခုနှစ် ဥပဒေကြမ်းကို ဥရောပတိုက်သား ကုန်သည်နှင့် ချစ်တီးယားတို့ နှစ်ဖက်ညှပ်၍ အတိုင်အဖောက်ညီညီ ကန့်ကွက်သည်။ ချစ်တီးယားတို့၏ဘက်မှမူကား၊ ဤဥပဒေကြမ်း အတည်ဖြစ်လျှင် ချစ်တီးယားတို့နှင့် တကွ ဘဏ်လုပ်ငန်းကြီးတစ်ရပ်လုံးပါ ပျက်စီးရလိမ့်မည် ဖြစ်ကြောင်း၊ ဤ

mgyoe.com

mgyoe.com

ဥပဒေကြမ်း အတည်ဖြစ်လျှင် ချစ်တီးယားနှင့်တကွ အခြား ငွေချေးစားသူတို့သည် လယ်သမားအား ငွေထုတ်ချေးနိုင်တော့မည် မဟုတ်ကြောင်း ပြောဆိုလာကြလေသည်။ ထို့ကြောင့် ၁၉၁၂ ခုနှစ်တွင် မြေယာလက်လွှတ်ဖြစ်စေသော အချက်တို့ကို တားဆီးမည့် ဥပဒေမှာ အသက်ထွက်သွားပြန်လေသည်။

၁၉၁၂ ခုနှစ်မှသည် ၁၉၂၄ ခုနှစ်အထိ ၁၂ နှစ်တိုင်တိုင် မြေယာလက်လွှတ် ပြဿနာကို မြန်မာနိုင်ငံအစိုးရသည် ဆက်လက်၍ မစဉ်းစားတော့ချေ။ သို့သော် ၁၉၂၄ ခုနှစ်တွင် ကျွန်ုပ် အထက်ကရေးသားခဲ့သည့်အတိုင်း ဆာသောမတ်စ်ကူးပါး၏ စုံစမ်းချက်တို့ ပေါ်ထွက်လာပြန်သည်။ ထိုစုံစမ်းချက်၏ အစီရင်ခံစာအရ ၁၉၂၇ ခုနှစ်၌ မြန်မာနိုင်ငံတော်၏ မြေယာဥပဒေကြမ်းဟူ၍ ပေါ်ပေါက်ခဲ့သည်။ သို့သော် ထိုဥပဒေကြမ်း၌ မြေယာများ တိုင်းတစ်ပါးသား လယ်လုပ်သား မဟုတ်သူတို့လက်သို့ ပြောင်းလွှဲသွားခြင်းကိစ္စကို ထည့်သွင်းခြင်း မပြုခဲ့ချေ။ ၁၉၃၁ ခုနှစ်၌ကား ဆရာစံ သူပုန်ထခဲ့ပြီ။ ထိုအခါမှ အစိုးရသည် အနည်းငယ် သတိတရား ပြန်ရလာသဖြင့် မစ္စတာလွိုက်[၄၅]၊ မစ္စတာမက္ကယ်လန်[၄၆]၊ မစ္စတာနစ်ကောလ်စ်[၄၇] ဟူသော အိန္ဒိယ ပဋိညာဉ်ခံ ဝန်ထမ်းအရာရှိ သုံးဦးတို့အား မြေယာပြဿနာကို ထပ်မံ စုံစမ်းသုံးသပ်စေလေသည်။

ထိုသုံးဦးအဖွဲ့သည် ၁၉၀၆ ခုနှစ်က စခဲ့သော မြေယာအပြောင်းအလွှဲ ဥပဒေကြမ်းကို ပြန်ဖော်သင့်သည်ဟု အစီရင်ခံခဲ့သည်။ ထိုအစီရင်ခံစာကို ၁၉၃၁ ခု ဇူလိုင်လ ၃၀ ရက်နေ့တွင် ဘုရင်ခံဆာချားလ်အင်းနစ်စ်[၄၈] ထံသို့ ပို့ဆက်သည်။ ထိုအစီရင်ခံစာကို အများပြည်သူတို့အတွက် ဝေငှကြေညာခြင်း မပြုချေ။ အတွင်းစာအနေနှင့်သာ အစီရင်ခံခြင်း ဖြစ်ပေသည်။

၁၉၃၁ ခုနှစ် စက်တင်ဘာလတွင် ဆာချားလ်စ်အင်းနစ်စ်က မြန်မာနိုင်ငံတော် ဥပဒေပြုအဖွဲ့သို့ မိန့်ခွန်းတစ်ရပ် မိန့်ကြားသည်တွင် မြေယာအပြောင်းအလွှဲ ဥပဒေကြမ်းကို အစိုးရက သဘောမဖျှနိုင်သည့်အကြောင်း ထည့်သွင်းမိန့်ကြားသွားသည်။ ထိုမိန့်ကြားချက်၏အချုပ်မှာ "လယ်ယာ

(၄၅) Mr. Lloyd.
(၄၆) Mr. Mc Callum.
(၄၇) Mr. Nichols.
(၄၈) Sir Charles Innes.

mgyoe.com

စိုက်ပျိုးရေးသမား" (ဝါ) "လယ်သမား" ဟူသော အနက်ကို ဝိဂြိုဟ်ပြုရသည်မှာ မလွယ်လှသဖြင့် ထိုဥပဒေကြမ်းကိစ္စကို ခေတ္တမြှုပ်ထားလျှင် ကောင်းမည်ဟူလေသည်။

၁၉၃၂ ခုနှစ်တွင် မစ္စတာဂရန်သန်[၄၉] က ဥက္ကဋ္ဌ အဖြစ်ဖြင့် ကြီးမှူးသော ကိုးဦးအဖွဲ့သည် လယ်သမားတို့၏မြေကို ကြွေးရှင်တို့က သိမ်းယူသည့်ကိစ္စနှင့် ပတ်သက်၍ စုံစမ်းစေဟု အစိုးရက ညွှန်ကြားခဲ့သည်။ ၁၉၃၃ ခု နိုဝင်ဘာလ၌ ထိုအဖွဲ့က ဤကိစ္စနှင့် ပတ်သက်၍ အသုံးဝင်သော အစီရင်ခံချက် တစ်စုံတစ်ရာကို အစီရင်ခံခြင်း မပြုနိုင်ကြောင်းနှင့် အစိုးရထံသို့ အစီရင်ခံလေသည်။

ထိုနောက် ၁၉၃၄ ခုနှစ်တွင် မစ္စတာ ဆွိသင်ဘင့်[၅၀] သည် လယ်သမားလက်ထဲမှ လယ်မြေများ လယ်သမားမဟုတ်သူတို့၏လက်သို့ ပြောင်းလွှဲသွားခြင်းနှင့် ပတ်သက်၍ မြေအပေါင်ခံ ကော်ပိုရေးရှင်းတစ်ခုကို ဖွဲ့စည်းကာ ထိုအဖွဲ့က လယ်သမားတို့၏ လယ်စရိတ်အတွက် မြေများကို အပေါင်ခံယူပြီး၊ အပေါင်ခံလယ်များကိုမူ လယ်ဘာမားမဟုတ်သူတို့အား လွှဲပြောင်းချထားခြင်း မပြုလုပ်စေရန် စနစ်တစ်ရပ် ရေးဆွဲခဲ့သည်။ သို့သော် အစိုးရက ဤအကြံမှာ လုပ်၍မရနိုင်သော အကြံဖြစ်သည်ဟု ပယ်ချလေသည်။

၁၉၃၇ ခုနှစ်တွင် မျိုးချစ်ပါတီဝင်အမတ် ဦးဘအုန်းက ပန်ဂျပ်နယ်ဥပဒေများကိုမှီး၍ မြန်မာနိုင်ငံလယ်ယာမြေ အပြောင်းအလွှဲ ဥပဒေကြမ်းတစ်ရပ်ကို အောက်လွှတ်တော်၌ တင်သွင်းခဲ့သည်။ သို့သော် ထိုဥပဒေကြမ်းကို လွှတ်တော်က စဉ်းစားသည်အထိမျှပင် လက်မခံခဲ့ချေ။ သို့သော် ၁၉၃၈ ခုနှစ်တွင် ဝတ်လုံဦးပုက ဥက္ကဋ္ဌအဖြစ်ဖြင့် ကြီးမှူးသော မြေနှင့်လယ်ယာစိုက်ပျိုးရေးကော်မတီသည် မြေယာပြောင်းလွှဲရေး ဥပဒေကြမ်းကို ရေးဆွဲခဲ့ပြန်သည်။ ထိုဥပဒေကြမ်းကို ကံအားလျော်စွာ ၁၉၃၉ ခုနှစ်တွင် လွှတ်တော်က အတည်ပြုလိုက်လေသည်။

ထိုဥပဒေ၏ သဘောအရမှာ လယ်သမား၏ လယ်မြေကို လယ်သမားမဟုတ်သူထံသို့ မပြောင်းလွှဲစေရဟူသော သဘောဖြစ်လေသည်။

ဤသို့လျှင် မြေယာစနစ် ပြုပြင်ပြောင်းလဲရေး၏ အခြေခံတို့သည် ဗြိတိသျှအုပ်စိုးရေးအောက်တွင် အမျိုးမျိုးသံသရာ ကျင်လည်ခဲ့ပေသည်။

---

(၄၉) Mr. Grantham.
(၅၀) Mr. Swithinbank.

mgyoe.com

mgyoe.com

၁၉၃၉ ခုနှစ်၌ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခဲ့သည်။ ထိုကမ္ဘာစစ်၏ အရိပ်အယောင်ကို မြင်သည့်အခါကျမှပင်လျှင် ဗြိတိသျှတို့သည် တိုင်းရင်းသားတို့၏အလိုကို လိုက်လျောခဲ့သည်။ သို့ရာတွင် မိုးလွန်မှထွန်ချဟူသော စကားကဲ့သို့ဖြစ်ခဲ့ပြီ။ အဘယ်ကြောင့်ဆိုသော် ထိုဥပဒေကို ထုတ်ပြန်ခဲ့ပြီးနောက် ဥပဒေ၏ သဘောသွားတို့ကို ကာယကံမြောက် ကျင့်သုံးရမည့် အဆစ်အပိုင်းသို့ ရောက်သောအခါ ဗြိတိသျှတို့သည် ကျွန်ုပ်တို့ကို စွန့်ပစ်၍ ပြေးခဲ့လေပြီ။

mgyoe.com

mgyoe.com

# (၄)

မြန်မာတောင်သူလယ်သမားတို့ ကြွေးမြီထူခြင်းကြောင့် သီးစားဘဝသို့ ကျရောက်ကာ မြေယာလက်လွတ် ဖြစ်ခဲ့ပုံ၊ ထိုအချက်ကို အကြောင်းပြု၍ ဗြိတိသျှအစိုးရတို့က လယ်ယာမြေစနစ် ပြုပြင်ပြောင်းလဲရေး ဥပဒေအမျိုးမျိုးတို့ကို စိတ်မပါတပါဖြင့် ပြုလုပ်ခဲ့ပုံ၊ သို့ရာတွင် ထိရောက်ခြင်း မရှိသဖြင့် မြေယာတော်လှန်ရေးတစ်ရပ်ကို မဟန့်တားနိုင်ခဲ့ပုံ စသည်တို့ကို ရှေ့၌ ပြဆိုခဲ့ပြီ။

တောင်သူလယ်သမားတို့ ကြွေးမြီထူထပ်ခြင်းမှာ တောင်သူလယ်သမားတို့ မျက်စိမပွင့်သောကြောင့် ဖြစ်သည်။ ဤစကားသည် မှန်ပါပေ၏။ သို့သော် အစိုးရကောင်းတို့မည်သည် တိုင်းသူပြည်သားတို့၏ မျက်စိပွင့်လင်းမှုကို လုပ်ဆောင်ရမည် ဖြစ်၏။ သို့ပါလျက်နှင့် ဗြိတိသျှတို့သည် မလုပ်ဆောင်ခဲ့ကြချေ။

တဖန်၊ တစ်ဖက်ကနေ၍ စဉ်းစားပြန်လျှင် မြန်မာတောင်သူလယ်သမားတို့၌ ကြွေးမြီထူထပ်သော်လည်း မြန်မာငွေရှင်ကြေးရှင်တို့ထံတွင် အရင်းအနှီးပို၍ စုဝေးလာခဲ့ပါလျှင် မြန်မာ့အရင်းအနှီးမှာ မြန်မာ့မြေပေါ်မှ ထွက်မပြေးနိုင်ရာ။ မြန်မာလယ်သမား လက်ထဲမှ သဲ့၍ယူထားသော ငွေရင်းမှာ မြန်မာ့စက်မှုလက်မှုလုပ်ငန်း ထွန်းကားလာအောင် ဆောင်ကြဉ်းနိုင်ပေမည်။ ယခုသော်ကား ဤသို့မဟုတ်၊ မြန်မာလယ်သမားလည်း ကျောပြောင်ကျောမွဲဘဝရောက်ခဲ့သည်။ မြန်မာအရင်းရှင် ဟူသည်မှာလည်း လက်ညှိုးညွှန်၍ပြစရာ မယ်မယ်ရရ မရှိ။ ဤသို့ဖြစ်ရသည်မှာ အခြားကြောင့်မဟုတ်၊ မြန်မာ လယ်သမားက နဖူးမှချွေး ခြေမ ကျအောင် လုပ်ကိုင်ပေးလိုက်သော ချွေးနည်းစာငွေပင်ငွေရင်းတို့သည် ဗြိတိသျှအရင်းရှင်တို့လက်သို့ရောက်ကာ ပြည်ပသို့ ထွက်သွားသောကြောင့် တစ်ကြောင်း၊ ပြည်ပရောက်သွားသော မြန်မာ့ငွေမှာ

mgyoe.com

mgoe.com

ငွေချေးစားသူ ချစ်တီးပိုင် ငွေအဖြစ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြီးလျှင် ထိုငွေပင် ငွေရင်းမှ အတိုးအညွန့်တို့သည် ပြည်ပသို့တစ်ဖန် စုန်ပျံ၍ ထွက်သွားသောကြောင့် တစ်ကြောင်း ဖြစ်လေသည်။

မိမိနိုင်ငံအတွက် ငွေရင်းကို ပြည်ပမှချေးယူ သုံးစွဲရသည့် အကြောင်းအရင်းကို ရှာပြန်လျှင်၊ ပြည်တွင်း ငွေပင်ငွေရင်းတို့ကို တောင်သူလယ်သမားတို့အား စိုက်ထုတ်ချေးငှားသည့်စနစ် မူမမှန်ခြင်းကြောင့် ဖြစ်သည်ကို တွေ့ရပြန်သည်။ ထို့ကြောင့် ယခုလယ်ယာစိုက်ပျိုးမှုအတွက် ငွေထုတ်ပေးရေးကိစ္စနှင့် စပ်လျဉ်း၍ ဗြိတိသျှအစိုးရလက်ထက်က လယ်သမားများ အကျိုးငှာ မည်သို့ဆောင်ရွက်ခဲ့သည်၊ ဆောင်ရွက်ချက် အောင်မြင်လျှင် မည်ရွေ့မည်မျှ အောင်မြင်သည်၊ မအောင်မြင်လျှင် အဘယ့်ကြောင့် မအောင်မြင်ဟူသော အကြောင်းချင်းတတို့ကို ကျွန်တော် ဖော်ပြသွားပါမည်။

လယ်ယာလုပ်ငန်းကို မြေကြီးက ရွှေသီးသောလုပ်ငန်းဟု လွယ်လွယ်နှင့် ပြောကြသော်လည်း လယ်ယာလုပ်ငန်းလောက် ကရိကထများသော လုပ်ငန်းသည် လောက၌ မရှိသလောက်ပင် ဖြစ်သည်။ လယ်ထွန် ပျိုးထောင်သည့်အချိန်ကစ၍ စပါးရိတ်၊ ကျီသွင်း၊ ရောင်းချသည့် အချိန်အထိ လယ်ယာအတွက် ငွေကြေးဟူသည်မှာ အစဉ်လိုလျက်ရှိသည်။ ထို့ကြောင့်လည်း စပါးကို စပါးစေ့ စိုက်ပျိုးခြင်းဖြင့်သာ ရသည်မဟုတ်၊ ငွေစေ့ကိုပါ စိုက်ပျိုးမှ စပါးရနိုင်သည်ဟု ဆိုစမှတ်ပြုကြသည်။

လယ်ယာစိက်ပျိုးရေးအတွက် အရင်း မတည်ငွေကို ထုတ်ယူရာ၌ ငွေထုတ်ချေးခြင်း အမျိုးမျိုး ရှိသည်။ မြန်မာအချင်းချင်း ငွေချေးခြင်းများလည်း ရှိ၏။ ချစ်တီးတို့က ငွေထုတ်ချေးသည်လည်း ရှိ၏။ ဤအကြောင်းတို့ကို ယခင်က အတော်စုံစုံလင်လင် ဆွေးနွေးခဲ့ပြီးဖြစ်၍ ထပ်မံအကျယ်မချဲ့တော့ပါ။ သို့သော် ထိုငွေချေးစနစ်အပြင် အစိုးရက ငွေချေးခြင်းရှိသည်ကို ဖော်ပြလိုပေသည်။

အစိုးရက ငွေချေးရာ၌ တိုက်ရိုက်ထုတ်ချေးသည်လည်း ရှိ၏။ သမဝါယမအဖွဲ့တို့မှတစ်ဆင့် သွယ်ဝိုက် ငွေချေးသည်လည်း ရှိ၏။ သို့သော် ဗြိတိသျှခေတ်က ငွေချေးပုံမှာ ထိရောက်ခြင်း မရှိခဲ့ချေ။

ဥပမာ၊ အမတော်ငွေချေးခြင်းဟူ၍ ရှိသည်။ ထိုငွေကိုချေးခြင်းမှာ

mgyoe.com

mgyoe.com


လယ်ယာစိုက်ပျိုးသူတို့အား ငွေချေးခြင်းဥပဒေ[၅၁] အရ ဖြစ်သည်။ ထိုဥပဒေအရမှာ "မြေယာတိုးတက်အောင် ပြုပြင်ရေး ချေးငွေဥပဒေ[၅၂] အရ ငွေချေးယူခြင်းမှ အပဖြစ်သော မည်သည့်ကိစ္စအတွက်ကိုမဆို၊ မျိုးစပါးနှင့် ကျွဲနွား ဝယ်ယူရန် ကိစ္စ၊ ဒုက္ခသည်များအား ကယ်ဆယ်ရန်ကိစ္စတို့အတွက် လယ်ယာစိုက်ပျိုး မြေကို ပိုင်ဆိုင်သူ သို့မဟုတ် လုပ်ကိုင်သူတို့အား" အစိုးရက အမတော်ကြေး ချေးနိုင်သည်။ ထိုဥပဒေမှာ ခရစ်နှစ် ၁၉၁၉ ခုနှစ် အထက်က စတင်သုံးစွဲခဲ့သော ဥပဒေ ဖြစ်သည်။ ၁၉၁၉ ခုမှ ၁၉၂၉ ခုနှစ် ဆယ်နှစ်အတွင်း အစိုးရက ထုတ်ချေးသော အမတော်ငွေမှာ နှစ်စဉ် ပျမ်းမျှကြေးအားဖြင့် တစ်သန်း ကိုးသိန်းမျှ ရှိခဲ့သည်ဟု ၁၉၂၉–၃၀ ခုနှစ် မြန်မာနိုင်ငံဘဏ္ဍာ စုံစမ်းရေး ကော်မတီ၏ အစီရင်ခံစာက ဆို၏။ သို့ရာတွင် ၁၉၃၀–၃၁ ခုနှစ်၌ လယ်ယာ အမတော်ကြေးမှာ ငွေပေါင်း ကိုးသိန်းခွဲကျော်မျှအထိ လျော့နည်းသွားခဲ့လေ သည်။

ဗြိတိသျှအစိုးရ၏ မူလရည်ရွယ်ချက်မှာ ကောင်းမွန်လှပါ၏။ သို့သော် အစိုးရသည် တိုင်းတစ်ပါးသား အစိုးရဖြစ်၍ အနှာခံလိုစိတ်မရှိ၊ အမတော်ကြေး ချေးငှားခြင်း၏ ရည်ရွယ်ချက်မှာ တောင်သူလယ်သမားတို့ ငွေပင်ငွေရင်း ဖွံ့ဖြိုးစေရန် ဖြစ်၏။ အစိုးရက ငွေတိုးများများရရန် မဟုတ်၊ သို့သော် အစိုးရ သည် ငွေရင်းထဲမှ အနည်းငယ်မျှ မြောက်ပွန်း မခံလိုချေ။ ဥပမာတစ်ရပ်ကို ဖော်ပြရမည်ဆိုသော် ကျွန်တော်၏ ကိုယ်တွေ့တစ်ခုကိုပင် ညွှန်ပြလိုပေသည်။

၁၉၃၆ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ လေပြင်းမုန်တိုင်းထသည်။ ရခိုင် စကား၌ မုန်တိုင်းသတ်သည်ဟု ဆိုလေ့ရှိသည်။ ဤသို့ မုန်တိုင်းသတ်သော နှစ်တွင် စစ်တွေ ဒိစတြိတ်တောင်ပိုင်းဒေသ၊ ကျောက်ဖြူ ဒိစတြိတ်နှင့် သံတွဲ ဒိစတြိတ် အနောက်ပိုင်း ကမ်းရိုးတန်းတစ်လျှောက်တို့မှာ ရေလွှမ်းမိုးသဖြင့် စပါးများအားလုံး ပျက်သည့်အပြင်၊ လူနှင့်တကွ ကျွဲနွားပစ္စည်းတို့ပါ ဆုံးရှုံး ကြရလေသည်။ ပန်းတင်း၊ ပန်းထော်ခရိုင် စသော ကျေးရွာတို့တွင် မုန်တိုင်း၏ ဒဏ်ကြောင့် အုန်းပင်များပင်လျှင် အရှေ့မြောက်သို့ ခပ်ယွန်းယွန်း ယိုင်၍ လဲနေကြသည်။ အချို့ဒေသတို့တွင် ဤကဲ့သို့ ခပ်ယိုင်ယိုင် ဖြစ်နေသော အုန်းပင် များကို ယနေ့တိုင် တွေ့မြင်နိုင်သေးသည်။

---

(၅၁) The Agriculturials, Loan Act.
(၅၂) The Land Improvement Loan Act.

mgyoe.com

mgyoe.com


ထိုသို့ မုန်တိုင်းတိုက်ခတ်ခြင်းကြောင့် ဗြိတိသျှအစိုးရသည် အမတော်ကြေးကို ရခိုင်တိုင်းအတွက် ထုတ်ပေးသည်။ ထုတ်ပေးစဉ်က ဥစ္စာပစ္စည်း ကျွဲနွား အိမ်ရာနေရာ စသည်တို့ ပျက်စီးဆုံးပါးသဖြင့် လူထုအား အလကားလိုလို ထုတ်ပေးသည့် ထောက်ပံ့ကြေးပမာတမျှ ရခိုင်တိုင်းသူ တိုင်းသားလယ်သမားတို့က ယူဆပေသည်။ သို့ရာတွင် အစိုးရသည် ထိုအမတော်ကြေးများကို ပြန်၍ရနိုင်သမျှ တဖြည်းဖြည်းနှင့် တောင်းခံသည်။ တစ်နှစ်နှင့်မရ၊ နှစ်နှစ်။ နှစ်နှစ်နှင့် မရ၊ သုံးနှစ်။ သုံးနှစ်နှင့် မရ၊ လေးနှစ်။ လေးနှစ်နှင့် မရ၊ ငါးနှစ် ဆိုဘိသကဲ့သို့ တောင်းခံလာခဲ့ရာ၊ ၁၉၄၀–၄၁ ခုနှစ်၌ အမတော်ကြေး ကောက်ခံသည့် အမှုတွဲတို့သည် တောင်ပုံရာပုံမျှ ပုံ၍နေလေသည်။ ကျန်ငွေတို့မှာ လယ်သမားတစ်ဦးလျှင် ၁၀ိ မှသည် ၂၅ိ အထိ ပျမ်းမျှ၍ ရှိပေလိမ့်မည်။ သို့ပါသော်လည်း အစိုးရသည် ထိုငွေတို့ကို လျှော်ပစ်ရန် များစွာစိတ်မကူးသေး။ ထိုစဉ်က ကျွန်တော်သည် မြို့နယ်တစ်နယ်တွင် အုပ်ချုပ်၍နေရာ မြို့နယ်၏ အခြေအနေကိုကြည့်၍ ထိုငွေများ လျှော်ပစ်ရန် အချိန်တန်ပြီဖြစ်ကြောင်း အစီရင်ခံစာ ရေးဖူးသည်။ ကျွန်တော်၏ အစီရင်ခံစာကို မျိုးချစ်စိတ်ပြည့်ဝသူ အရေးပိုင်က ကောင်းစွာ ထောက်ခံလေသည်။ သို့ပါသော်လည်း ရခိုင်ဝန်ရှင်တော်မင်းကြီးက "သည်တစ်နှစ် ရနိုင်သမျှ ကောက်ခံပေးပါဦး" ဟုဆို၍ အမှုတွဲများကို ပြန်ပို့လေသည်။ သို့သော် နောက်တစ်နှစ်အဖို့ ကျွန်တော်ကောက်ခံရန် အခွင့်မကြုံတော့ချေ။ အဘယ်ကြောင့်ဆိုသော် ဒုတိယ ကမ္ဘာစစ်သည် မြန်မာနိုင်ငံသို့ ပျံ့နှံ့လာပြီဖြစ်၍ ကျွန်တော်လည်း ရခိုင်ပြည်မှ မြန်မာပြည်သို့ ပန်းတောင်းလမ်းမှ ကုန်းကြောင်း လျှောက်ခဲ့ရသောကြောင့် ဖြစ်ပေသည်။

ဤကိုယ်တွေ့ သာဓကသည် ဗြိတိသျှအုပ်ချုပ်ရေး ပိုလစီဝါဒကို ကောင်းစွာ သရုပ်မဖော်နိုင်ဟု ဆိုငြားအံ့၊ စာရင်းအင်းနှင့်တကွ ထင်ရှားအောင် ထပ်မံ ပြဆိုလိုပါသည်။

ဥပမာ ၁၉၃၀–၃၁ မှ ၁၉၃၆–၃၇ ခုနှစ်အတွင်း အမတော်ကြေး ထုတ်ပေးခြင်းနှင့် ကောက်ခံခြင်း စာရင်းကို ယှဉ်ကြည့်ပါ။[၃၃]

(၃၃) Report of the Land and Agricultural Committee, 1938.

mgyoe.com

| နှစ် | အမတော်ကြေး ထုတ်ပေးငွေ | ပြန်လည်တောင်းခံ၍ ရငွေ |
|---|---|---|
| ၁၉၃၀–၃၁ | ၉,၅၁,၂၉၈ | ၁၀,၂၈,၇၅၁ |
| ၁၉၃၁–၃၂ | ၄၅,၉၁,၅၃၉ | ၁၈,၇၇,၂၅၆ |
| ၁၉၃၂–၃၃ | ၁၅,၈၂,၅၄၃ | ၂၀,၁၇,၅၆၂ |
| ၁၉၃၃–၃၄ | ၈,၅၄,၂၅၀ | ၁၉,၁၁,၄၈၇ |
| ၁၉၃၄–၃၅ | ၃,၉၄,၂၁၉ | ၁၅,၇၀,၇၈၆ |
| ၁၉၃၅–၃၆ | ၃,၅၉,၈၂၇ | ၁၁,၆၈,၃၈၇ |
| ၁၉၃၆–၃၇ | ၄,၈၀,၃၆၇ | ၈,၅၄,၅၂၇ |
| | ၉၂,၂၈,၁၄၃ | ၁၀၄,၂၈,၇၅၆ |

ထိုခုနစ်နှစ်ကာလပတ်လုံး အမတော်ကြေးကို ထုတ်ချေးရာ၌ ဗြိတိသျှ အစိုးရသည် မပေးနိုင်သော တောင်သူလယ်သမားတို့အပေါ်တွင် မညှာမတာ ရက်ရက်စက်စက်ဖြင့် ချေးငွေကို လျှော်မပစ်ခဲ့ဟု မဆိုလိုပါ။ မတတ်သာသည့် အခါ အမှန်ပင် လျှော်ပစ်ခဲ့ပါသည်။ သို့သော် လျှော်ပစ်သည့်အထဲမှ အရင်း ငွေ ကိုးသန်းကျော်အပေါ်တွင် ငွေသန်းပေါင်း ၁၂,၀၀,၆၁၃ ကျပ်ကို အတိုး အညွန့် အဖြစ်ဖြင့် ခုနစ်နှစ်အတွင်း ရလိုက်ပါသေးသည်။ အထက်ပါဇယား၌ ပြန်လည်တောင်းခံ၍ ရငွေမှ မူလအမတော်ကြေး ထုတ်ပေးငွေကို နုတ်ကြည့်ပါ။

အထက်ပါဇယားတွင် ၁၉၃၁–၃၃ အတွင်း အမတော် ငွေချေးခြင်း ပိုမိုများပြားလာသည်ကို သတိထားမိကြပေလိမ့်မည်။ ထိုနှစ်များမှာ ကမ္ဘာ့ငွေရေးကြေးရေး နိမ့်လျှောလာသော[၅၄] နှစ်များ ဖြစ်သည်။

၁၉၃၆–၃၇ ခုနှစ်များတွင် အစိုးရက အမတော်ကြေးကို လျှော်ပစ်သည်မှာ ငွေပေါင်း ၆၂,၆၂ဝ ဖြစ်သည်။ ဤသို့ လျှော်ပစ်ခြင်းမှာ အများဆုံးဟု အဆိုရှိသည်။ ထိုမျှ များပြားသည်ဟုဆိုသောငွေကို လျှော်ပစ်သည့် အခိုက် အတန့်၌ပင်လျှင် အစိုးရသည် ငွေတစ်ရာရင်းလျှင် သုံးကျပ်နီးပါးမျှ မြတ်နေသည်။ ၁၉၃၅–၃၆ ခုနှစ်အတွက် ငွေတစ်ရာရင်းလျှင် ၅–၁၂ ပဲမျှ မြတ်သည်။

(၅၄) World Trade Depression.

mgyoe.com

သို့ရာတွင် ၁၉၃၈–၃၉ ခုနှစ်၌ အမတော်ကြေးငွေပေါင်း ၅,၀၀,၇၈၄ ထုတ်ချေးရာ၊ ထိုနှစ်စာရင်းပိတ်တွင် ငွေပေါင်း ၇,၃၀,၉၇၄ မပြေကျန် ရှိနေသည်ဟုလည်း အဆိုရှိသေးသည်။[၅၅]

ဒုတိယကမ္ဘာစစ်မဖြစ်မီ အခြေမှာ အထက်ပါအတိုင်း ဖြစ်သည်။ သို့သော် ဗြိတိသျှတို့ မြန်မာနိုင်ငံတော်ထဲသို့ ဒုတိယကမ္ဘာစစ်ကြီးအပြီး ပြန်လည်ဝင်ရောက်လာသောအခါ ရုတ်တရက်အားဖြင့် ပေါ်လစီတစ်မျိုး ပြောင်းပြန်သည်။ စင်စစ် ထိုသို့ မပြောင်းလျှင် မဖြစ်တော့ချေ။ ၁၉၄၅ ခု မေလ ၁ ရက်နေ့တွင် ဗြိတိသျှစစ်အုပ်ချုပ်ရေးက ဂျပန်စက္ကူကို တရားဝင်သော ငွေကြေးမဟုတ်ဟု ကြေညာလိုက်ရာ၊ တောင်သူလယ်သမားတို့၏ ဖွတ်ကျောတွင် ပြာပုံစု၍ လာခဲ့ချေပြီ။ အကယ်၍ ထိုကြေညာချက် ထုတ်ပြန်ပြီးသည့်နောက်၊ တောင်သူလယ်သမားတို့အတွက် ငွေပင်ငွေရင်း မပေးနိုင်ခဲ့သည်ရှိသော်၊ စစ်အပြီး ကမ္ဘာရိက္ခာ ပြဿနာမှာ အလွန်ဆိုးဝါးလာဖို့ရာသာ ရှိသည်။ ထို့ကြောင့် စစ်ပြီးခေတ်၌ အမတော်ကြေးမှာ ပို၍ ပေးလာရလေသည်။[၅၆]

**လယ်ယာအမတော်ကြေး အတိအကျစာရင်း**

| | | |
|---|---|---|
| ၁၉၄၅–၄၆ | – | ၂,၇၇,၈၀,၀၉၇ |
| ၁၉၄၆–၄၇ | – | ၃,၃၃,၄၀,၆၀၇ |
| ၁၉၄၇–၄၈ | – | ၂,၇၆,၁၆,၂၆၇ |
| ၁၉၄၉–၄၉ | – | ၈၀,၈၆,၃၆၂ |

အထက်ပါစာရင်းအရ အမတော်ကြေးကို ကုဋေနှင့်ချီ၍ ပေးသောဝါဒကို လက်ကိုင်ပြုလာလေပြီ။ သို့သော် ၁၉၄၈ ခုနှစ်၌ ဗြိတိသျှတို့သည် မြန်မာနိုင်ငံမှ ထွက်ခွာသွားခဲ့ပြီ။ ထိုနှစ်တွင် မြန်မာနိုင်ငံ၌ သောင်းကျန်းမှုများ ပေါ်လာခဲ့သည်။ ထို့ကြောင့် ၁၉၄၈–၄၉ ခုနှစ်၌ အမတော်ကြေး ထုတ်ပေးငွေ အတော်လျော့သွားသည်ကို တွေ့ရသည်။ သို့ရာတွင် ငွေရေးကြေးရေး အခြေကောင်းလာသောနှစ်များ၌ အောက်ပါအတိုင်း တွေ့ရပြန်သည်။[၅၇]

---

(၅၅) Agricultural Economy in Burma, B. O. Binns.
(၅၆) ပြည်တော်သာသို့ – မြန်ကြားရေးဌာနစာတမ်း–၁၉၅၂။
(၅၇) ပြည်တော်သာသို့ – မြန်ကြားရေးဌာနစာတမ်း–၁၉၅၂။

mgyoe.com

mgyoe.com


၁၉၄၉–၅၀ – ၁,၇၆,၆၆,၇၀၃ိ (အတိအကျ)
၁၉၅၀–၅၁ – ၂,၅၀,၀၀,၀၀၀ိ (ဘတ်ဂျက်မှန်းခြေ)
၁၉၅၁–၅၂ – ၃,၀၀,၀၀,၀၀၀ိ ( ၎င်း )

လွတ်လပ်ရေးခေတ်သို့ ရောက်သောအခါ အမတော်ကြေး ချေးသောစနစ်မှာ ရှေးကထက်ပိုမို၍ လက်ဖွာလာပေသည်။ အစိုးရက လက်ဖွာနိုင်သောအခြေရှိလာသည်နှင့်အမျှ တောင်သူလယ်သမားတို့၏အပေါ် ခေါင်းပုံဖြတ်သော လူတန်းစားတစ်ရပ်လည်း ပေါ်ထွန်းလာလေသည်။ နိုင်ငံတော်အစိုးရသည် ထိုခေါင်းပုံဖြတ်သမားကို နှိမ်နင်းနေရသော်လည်း၊ စေ့စေ့ပေါက်ပေါက်အရေးမယူနိုင်။ ခေါင်းပုံဖြတ်သမား၏ ရန်ကိုသုတ်သင်ရင်း တောင်သူလယ်သမားတို့မှာ အရှင့်အတွက် ငဝက်က ဒဏ်သင့် ဖြစ်နေကြသည်။ ထို့ကြောင့် အမတော်ကြေးကို ရက်ရောစွာ ထုတ်ချေးပြီးနောက် ရက်ရက်ရောရော လျှော်ပစ်ရပြန်သည်။

လွတ်လပ်ရေးဘဝ၌ ရက်ရောမှုကို ချီးကျူးရမည်ဖြစ်သည်။ သို့သော် အစိုးရ၏ရက်ရောမှုမှာ ခေါင်းပုံဖြတ်သမား "ပွ"ဖို့ ဖြစ်နေပြန်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် အမတော်ကြေး ထုတ်ပေးရေးစနစ်ကို စည်းကမ်းတကျပြန်လည် ပြင်ဆင်ဖို့လိုနေသည်။ ဤကား စကားအလျဉ်းသင့်၍ ဆိုလိုက်ခြင်းတည်း။

စင်စစ် အမတော်ကြေးငွေ ထုတ်ချေးခြင်း တစ်ခုတည်းနှင့်သာလျှင်၊ လယ်သမား၏ ငွေပင်ငွေရင်းကို ထူထောင်ပေးသည်မဟုတ်။ စောစောက ဖော်ပြခဲ့သော မြေယာ တိုးတက်အောင်ပြုပြင်ရေး ချေးငွေဟူ၍လည်း ရှိသေး၏။ ဤချေးငွေမှာ အမတော်ကြေး ချေးငွေကဲ့သို့ နှစ်တိုးချေးငွေ မဟုတ်ချေ။ ချေးယူပြီး ပြန်ဆပ်ရန်ကာလ ပရိစ္ဆေဒကို ၃၅ နှစ်အထိ ထားနိုင်သည်ဖြစ်၍၊ နှစ်ရှည်ချေးငွေဟု ခေါ်ဆိုနိုင်သည်။ ဤစနစ်အရ ချေးငွေမှာ လယ်ယာ ချောင်းမြောင်းကို တာတမံ တုတ်ခြင်း၊ ရေသွင်းခြင်း၊ မြောင်းဖောက်ခြင်း၊ မြစ်ကောချောင်းကောများမှ မြေများကို အသုံးချခြင်း စသည်တို့ကို လုပ်ဆောင်ရန်အတွက် ရည်သန်သည်မှန်သော်လည်း၊ ထိုချေးငွေနှင့်ဆိုင်ရာ ဥပဒေကို လူသိအလွန်နည်းလှသည်။ ထိုဥပဒေကို သိကြရပြန်ပါလျှင်လည်း၊ များစွာသော တောင်သူလယ်သမားတို့၏အခြေမှာ နှစ်ပရိစ္ဆေဒ ကြာရှည်ခိုင်ခံ့စွာ တည်နိုင်သည်မဟုတ်၍၊ နှစ်ရှည်ချေးငွေများကို မချေးဝံ့ကြ၊ မချေးနိုင်ကြ ဖြစ်သည်။

mgyoe.com

mgyoe.com


ချေးမည်ဟု ဆိုပြန်ပါလျှင်လည်း ဥပဒေ၏သဘောမှာ ကျပ်တည်းလွန်းလှသည်။

ထို့ကြောင့် ဥပဒေ၏အမည်မှာ ကြီးမား၍ ရည်ရွယ်ချက်မှာ မြင့်မြတ်စေကာမူ၊ တကယ်တမ်း ချေးယူကြသောငွေမှာ အောက်ပါအတိုင်း မဖြစ်စလောက်မျှသာရှိသည်။[၅၈]

| နှစ် | ချေးငွေ |
|---|---|
| ၁၉၃၀–၃၁ | ၅,၇၆၅ |
| ၁၉၃၁–၃၂ | ၁၃,၁၅၀ |
| ၁၉၃၂–၃၃ | ၁,၅၀၀ |
| ၁၉၃၃–၃၄ | ၂,၂၂၅ |
| ၁၉၃၄–၃၅ | ၁,၄၆၅ |
| ၁၉၃၅–၃၆ | ၅,၃၆၄ |
| ၁၉၃၆–၃၇ | မရှိ |
| ၁၉၃၇–၃၈ | ၂,၀၀၀ (လျာထားသည်။) |
| ၁၉၃၈–၃၉ | ၎င်း |

စင်စစ် ၁၉၃၇–၃၈ မှစ၍ ထိုဥပဒေမှာ မြို့ပိုင်ရုံးများတွင် မှိုတက်၍နေလေသည်။ ချေးငွေဂဏန်းကို ကြည့်ခြင်းအားဖြင့် ထိုဥပဒေ မည်မျှအောက်တန်းကျလျက် ရှိသည်ကို ခန့်မှန်းနိုင်ပေသည်။

ယခုခေတ်၌ ဤဥပဒေသည် ရှေးကကဲ့သို့ပင် တည်နေသည်။ သို့ရာတွင် ဒုတိယ ကမ္ဘာစစ်ကြီးအပြီး များစွာသော လယ်ယာတို့ ပျက်စီးသည့်အပြင် ပျက်စီးယိုယွင်းသော လယ်တို့ကို ပြင်ဆင်ရန်အတွက် အခိုက်အတန့်အားဖြင့် မြေလက်လွတ် ဖြစ်နေကြသော မြေပိုင်ရှင်တို့က ထုတ်မပေးနိုင်ကြသောကြောင့် မြန်မာနိုင်ငံတော် အစိုးရက ကမကထပြု၍ ထိုဥပဒေအရ ငွေရင်းများကို စိုက်ထုတ်ချေးငှားလျက်ရှိသည်။ သို့သော် ခေတ်နှင့်လျော်အောင် မပြင်သေးသမျှ ကြာလျှင် ထိုဥပဒေလည်း မှိုတက်ပေလိမ့်မည်။ သို့တည်းမဟုတ် ခေါင်းပုံဖြတ်သမားတို့ ဖော်စားစရာ ဥပဒေမျှသာ ဖြစ်လာပေလိမ့်မည်။

(၅၈) Report of the Land and Agricultural Committee, 1938.

mgyoe.com

ရေးက မြေယာတိုးတက်အောင် ပြုပြင်ရေးအတွက် ချေးငွေထုတ်ပေးပုံမှာ အကြမ်းအားဖြင့် ဤသို့ဖြစ်သည်။ ငွေထုတ်မချေးမီ (၁) အာမခံပစ္စည်း လုံလောက်သည် မလုံလောက်သည်၊ (၂) မြေယာကို တိုးတက်အောင် ပြုပြင်သော စီမံကိန်းသည် သင့်မြတ်၍ အကျိုးစီးပွား ဖြစ်ထွန်းနိုင်သည် မဖြစ်ထွန်းနိုင်သည်ဟူသော အချက်နှစ်ချက်ကိုမူတည်၍ စုံစမ်းစစ်ဆေးသည်။ ဤမူတည်ချက်မှာ တရားမျှတ၍ စနစ်ကျသော မူတည်ချက်ဖြစ်သည် မှန်၏။ သို့ရာတွင် စုံစမ်းစစ်ဆေးခြင်းမှာ အလွန်အချိန်ကာလကြာသော လုပ်ငန်းဖြစ်နေခဲ့လေရာ၊ တော်ရုံတန်ရုံနှင့် ထိုချေးငွေများကို မြေပိုင်ရှင်တို့ကပင်လျှင် ချေးယူရန် စိတ်မကူးဘဲ ချစ်တီးအားကိုးနှင့်သာ လုပ်ငန်းဆောင်တာတို့ကို ဆောင်ရွက်သွားကြသည်သာ များပေသည်။

ဤခေတ်၌ သောင်းကျန်းမှုအသွယ်သွယ်တို့ကြောင့် တောပြန်ဖြစ်နေသော မြေတို့ကို ပြန်လည် ပြုပြင်နိုင်ရန်အတွက် အစိုးရသည် ဘတ်ဂျက်တွင် ချေးငွေများကို သတ်မှတ်ပေးရုံမျှသာမက ထိုချေးငွေများကို အစိုးရထံမှ စုပေါင်း ချေးယူပြီးလျှင် စုပေါင်းပြုပြင် ချဲ့ထွင်ရန်အလုပ်ကို တောင်သူလယ်သမားတို့ လုပ်နိုင်စေရန် လယ်ယာစိုက်ပျိုးရေးဌာနက မြေယာ ဝန်ထမ်းမှူးများမှတစ်ဆင့် ဆော်ဩပေးသင့်သည်။ စုံစမ်းစစ်ဆေးရာ၌လည်း အချိန်တိုတိုနှင့် အမှန်အတိုင်းရောက်အောင် ဖြတ်လမ်းစနစ်များကို တီထွင်သင့်ပေသည်။

လယ်ယာစိုက်ပျိုးရေးအတွက် ငွေရင်းစိုက်ထုတ် ချေးငှားခြင်းအလုပ်မှာ သာမန်အားဖြင့် အစိုးရအလုပ် မဟုတ်ဟု ဗြိတိသျှခေတ် မြေယာပါရဂူတို့က ယူဆကြသည်။ ထိုစနစ်မှာ နိုင်ငံတွင်း၌ အကြောင်း တစ်ခုခုကြောင့် အတိဒုက္ခရောက်စဉ် အရေးပေါ်ကာလ အခိုက်အတန့်၌သာ အသုံးပြု၍ ကောင်းသည်။ ရိုးရိုးတန်းတန်း သာမန်အချိန်အခါမျိုးအတွက် အရပ်သူ အရပ်သား ငွေချေးစားသူတို့၏ လုပ်ငန်းအပေါ်တွင် လယ်ယာ ချောင်းမြောင်း လုပ်ကိုင်နိုင်ရေးသည် တည်နေသည်။ ဤအချက်သည် ယေဘုယျအားဖြင့် မှန်သည်။ သို့သော် ငွေချေးစားသူတို့က လူ့ဘောင်အဖွဲ့အစည်း စနစ်တစ်ခုလုံး ကပြောင်းကပြန် ဖြစ်သွားလောက်အောင် လယ်သမားအကျိုးနှင့် ဆန့်ကျင်ဘက်တို့ကို ပြုကျင့်လိုက်လေသော် ယခု ကျွန်ုပ်တို့ရောက်ရှိနေသော မျက်မှောက်ခေတ်၌ ငွေချေးစားသူ (အထူးသဖြင့် ချစ်တီး) တို့အတွက် ကံကံ၏ အကျိုးဆိုဘိသို့ ကာလဝိပါက် နောက်ပိုးတက်နေသည်ကို မြင်နေရပြီ။ သို့

mgyoe.com

mgyoe.com

သော် ယနေ့အဖို့ ပြန်လည် သုံးသပ်ကြည့်ပြန်လျှင် ဤသို့ တွေ့ရလိမ့်မည်။ ရှေးဦးစွာ လယ်သမားတို့အတွက် အရင်းအနှီး ထုတ်ပေးရာ အခြေခံစနစ်း တစ်ခု ပျက်သွားခဲ့ပြီ ဖြစ်သည်။ ထိုသို့ ပျက်သွားသောစနစ်းကို အစိုးရက အမတော်ကြေးစနစ်ဖြင့် ပြန်လည် ပြုပြင်ပေးသည်မှန်၏။ သို့သော် အမတော်ကြေး လှိုင်လှိုင် ထုတ်ပေးသောစနစ်သည်ပင်လျှင် အရာမရောက်သေးချေ။ ထို့ကြောင့်လည်း တိတ်တိတ်ပုန်း ငွေချေးစားသူ တိုင်းရင်းသားတို့သည် ချစ်တီးတိုးထက်ကြီးသော အတိုးနှုန်းဖြင့် ငွေတိုးချကာ ချစ်တီးတို့၏နေရာကို ယူလာကြသည်။ ဤသည်ကို ယခု တွေ့နေကြရပြန်ပြီ။

ငွေတိုး ကြီးမားခြင်းစနစ်ကို ရှေးက မည်သို့ တိုက်ဖျက်ခဲ့ကြောင်း ပြဆိုဦးမည်။ ထိုကိစ္စ အလို့ငှာ ရှေးအခါကပင်လျှင် ငွေတိုးကြီးကြီးနှင့် ချေးငှားခြင်းကို တားမြစ်သော ငွေတိုးကြီး ချေးငှားခြင်းဥပဒေ [၅၉] ဟူ၍ ရှိခဲ့သည်။ သို့သော် ထိုဥပဒေမှာ အဆိပ်အတောက်များစွာရှိသော ဥပဒေ မဟုတ်။ သဘောသွားအားဖြင့် အတန်ငယ် အဆိပ်ပြင်းသယောင်ယောင်ရှိ၏။ လက်တွေ့ကျင့်သုံးရာ၌ကား ဥပဒေက ထန်ပြင်းသည်က တခြား၊ အရေးယူပုံကတစ်မျိုးဖြစ်နေရာ ထိုဥပဒေကို အကောင်အထည်ဖော်ပေးရန် တာဝန်ရှိသူ အရာရှိ အရာခံတို့မှာ ချစ်တီးအိတ်ထဲသို့သာ ရောက်နေကြလေသည်။

ထို့ကြောင့်ပင်လျှင် ထိုဥပဒေ အထင်အရှားရှိလျက်နှင့် ငွေချေးငှားခြင်းကို စည်းကမ်းသတ်ပေးရန် ဥပဒေလိုနေသည်ဟူ၍ ၁၉၄၉ ခုနှစ် မြေနှင့် လယ်ယာစိုက်ပျိုးရေး ကော်မတီက ယူဆခြင်းဖြစ်သည်။ ငွေတိုးကြီး ချေးငှားခြင်း ဥပဒေသည် မည်မျှလောက် အရာမရောက်သည်ကို ထင်ရှားအောင် သာဓက ထုတ်ပြရလျှင်၊ ၁၉၃၁ ခုနှစ်၌ အိန္ဒိယဗဟိုအစိုးရက မြန်မာပြည်စသော ဒေသန္တရဆိုင်ရာအစိုးရ [၆၀] တို့အား ထိုဥပဒေကို လက်တွေ့ကျင့်သုံးပုံနှင့် စပ်လျဉ်း၍ မေးမြန်းသည်ကို ဒေသန္တရဆိုင်ရာ အစိုးရတို့က ပြန်ဖြေပုံကိုကြည့်ရန်ပင် ရှိတော့သည်။ အဖြေတွင်–

(၁) ငွေတိုးကြီးချေးငှားခြင်း ဥပဒေကို လူသိနည်းခြင်း။

(၂) မြီစားက မြီရှင်ကို တရားတဘောင် တွေ့ရန်အတွက် ရုံးစရိတ်

(၅၉) The Usurious Loans Act, 1918.

(၆၀) Local Government.

mgyoe.com

အကုန်အကျများသည့်ဒဏ်ကို မခံမရပ်နိုင်သဖြင့် နောက်ဆုံးတွင် တရားလို မလာရောက်၍ တစ်ဖက်သတ် စီရင်ချက်ချခြင်းကို ခံလိုက်ရခြင်း။

(၃) မြီစား၏ ရှေ့နေရှေ့ရပ်တို့သည် ငွေတိုးကြီး ချေးငှားခြင်း ဥပဒေပါ အချက်အလက်တို့ကို အသုံးပြုသည်ထက် အခြား ဥပဒေတို့ကို ကိုးကားခြင်းက ပိုမိုခရီးရောက်သည်ဟု ယူဆခြင်း။

(၄) တရားသူကြီးတို့က ယေဘုယျအားဖြင့် အလုပ်အလွန်များသူများ ဖြစ်ရကား ငွေတိုးကြီးချေးငှားခြင်း ဥပဒေပါ ကောက်ချက်များကို ထုတ်၍ အနုစိတ်စစ်ဆေးရန် များစွာဝန်လေးခြင်း။

(၅) ငွေတိုးကြီးချေးငှားခြင်း ဥပဒေတွင် ကတ်ဖိုးကတ်ဖဲ့ လုပ်နိုင်သောအချက် ပါရှိခြင်း၊ ထိုအချက်မှာ ငွေတိုးကြီးကြောင်းကိုသာ တရားလိုက ပြရန် မဟုတ်ဘဲ ငွေတိုးလည်း ကြီးပါသည်၊ ငွေချေးရာ၌လည်း တရားမျှတခြင်း မရှိပါဟူသောအချက်ကိုပါပြရခြင်း၊ ယင်းသို့ ပြသည့်အခါ ငွေတိုးကြီးမားသည်ကို တရားသူကြီးက အလွယ်နှင့်ပင် လက်ခံစေကာမူ ငွေချေးရာ၌ မမျှတပါဟူသော အချက်၌ ဆင်ခြေတက်စရာများစွာရှိနေခြင်း။

(၆) "ငွေတိုးအဆမတန်ကြီး၍၊ တရားမျှတခြင်းမရှိ" ဟူသောစကား၏ အနက်အဓိပ္ပာယ်ကို ဥပဒေထဲတွင် စနစ်တကျဝိဂြိုဟ်မပြုနိုင်သောကြောင့် ငွေတိုးကြီးသည် ဆိုသည်ကိုပင်လျှင် မြီစား၏ လိုငွေနှင့် မြီစားက အာမခံပစ္စည်း ထားပုံတို့ကိုပါ ညှိနှိုင်း၍ ကြည့်ရလေရာ ငွေတိုးကြီးခြင်းကို အတိအကျ အဆုံးအဖြတ် မပေးနိုင်ခဲ့ခြင်း။

စသော အချက်အလက်တို့မှာ ငွေတိုးကြီးချေးငှားခြင်း ဥပဒေ၏ အပြစ်အနာအဆာများအဖြစ်နှင့် ပေါ်လွင်လာခဲ့လေသည်။

ထို့ကြောင့် ၁၉၃၈–၃၉ ခုနှစ်၌ မြေနှင့်လယ်ယာစိုက်ပျိုးရေး ကော်မတီက ငွေချေးစားခြင်း ဥပဒေကြမ်း (၁၉၄၀) ကို ရေးဆွဲလေသည်။

mgyoe.com

mgyoe.com

ထိုဥပဒေ၏ အဓိကအချက်များမှာ–

(၁) မိမိ၏အသက်မွေးမှု အလုပ်အကိုင်တစ်ရပ် အနေဖြင့် ငွေချေးစားလိုသူသည် မိမိ၏လုပ်ငန်းကို မှတ်ပုံတင်ထားရမည်။

(၂) ငွေချေးခြင်းလုပ်ငန်းဆိုင်ရာ စာရင်းအင်း အကျအနထား၍ အစိုးရက စာရင်းစစ်နိုင်ခွင့် ရှိစေရမည်။

(၃) ငွေချေးငှားမှုမှ ဖြစ်ပေါ်လာသော တရားမမှုတို့တွင် ငွေတိုး အများဆုံး နှုန်းထားကို ရုံးတော်က သတ်မှတ်ပိုင်ခွင့် ရှိစေရမည်။

(၄) နှစ်ထပ်တိုးများကို ပိတ်ပင်စေရမည်။

(၅) သင့်ကျသော အများဆုံးအတိုးမှာ မူလချေးယူသော ငွေရင်းထက် မပိုစေရ။

(၆) မြေရှင်တို့က မြေစားထံမှ ချေးငွေပြန်ရမှုအတွက် အနှောင့်အယှက် မပြုစေရ။

ဟူ၍ ဖြစ်လေသည်။

ထိုဥပဒေမှာ ထိုခေတ် ထိုအခါအဖို့ အတော်အသင့် ပြည့်စုံကောင်းမွန်သော ဥပဒေဖြစ်၍ ၁၉၄၁ ခုနှစ်လောက်တွင် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအတောအတွင်း အတည်ပြု ပြဋ္ဌာန်းပြီးသား ဖြစ်ခဲ့သည်။ သို့သော် ယခင်အခန်းများတွင် ပြဆိုခဲ့သည့်အတိုင်း အလာကောင်းသော်လည်း အခါနှောင်းလျက်ရှိချေပြီ။ ဗြိတိသျှ အုပ်ချုပ်ရေး၏ ရယ်စရာ အဖြစ်အပျက်တစ်ခုကား ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်သည့်နေ့လောက်ကစ၍ ပြုပြင်ပြောင်းလဲရေး သဘောတရားများဖြင့် မြန်မာနိုင်ငံကို ပြုပြင်မည်ဟု ကြံစည်တွေးဆခဲ့ကြသည်မှာ မြန်မာ့မြေမှ ဗြိတိသျှတို့ ထွက်ခွာသွားချိန်အထိဖြစ်သည့် ခေတ်တစ်လျှောက်လုံး၌ ကြံစည်ခြင်းနှင့်သာ အချိန်ကုန်ခဲ့လေသည်။ ဘာတစ်ခုမျှ အကောင်အထည်မပေါ်ခဲ့။ ထို့ကြောင့် စိတ်ပါလက်ပါနှင့် အကောင်အထည်ဖော်ရန် တကယ့်လက်တွေ့ လုပ်ငန်းကိုစ၍ ကိုင်လိုက်သောအခါ ဗြိတိသျှတို့သည် မြန်မာပြည်ကို လက်လွှတ်လိုက်ရလေသည်။

mgyoe.com

mgyoe.com

## (၅)

နိုင်ငံရေး လှုံ့ဆော်မှုများကို တကယ့်နိုင်ငံရေးဟု ထင်မှတ်မှားနေကြသော နိုင်ငံရေးနောက်လိုက်သမား အချို့တို့သည် နိုင်ငံခေါင်းဆောင်တို့က တော်လှန်ရေးသဘောကိုပြသည့်အခါ အနက်အဓိပ္ပာယ်ကို ကောင်းစွာ မခေါက်မိကြသည်နှင့် ဘဝတူ လယ်သမားလူတန်းစား အချင်းချင်းအထဲ၌ပင်လျှင် တိုက်ပွဲဆင်နေသည်။ ယနေ့ ကျွန်ုပ်တို့ရောက်နေဆဲ မျက်မှောက်ခေတ်ကို သုံးသပ်ကြည့်လျှင် မြေယာမဲ့ဆိုသူတို့က မြေယာလက်တစ်ဆုပ်စာမျှသာ ပိုင်သော တိုင်းရင်းသား မြေယာလက်ရှိသမားကို အာဃာတထားကာ ကဏ္ဍကောစ ပြုနေကြ၏။ အချင်းချင်း တိုက်ပွဲများ ကျင်းပနေသည်နှင့် တောင်သူလယ်သမားတို့၏ တကယ့်ရန်သူလက်မှ လွတ်မြောက်ရေးကို မလုံးပမ်းနိုင်ကြသေး။ ဘဝတူအချင်းချင်း တိုက်ပွဲဆင်ခြင်းဖြင့် မြေရှင်စနစ်မှ လွတ်မြောက်နိုင်သည် မဟုတ်။ မြေရှင်စနစ်ကို ဖျက်သိမ်းဖို့ကိစ္စမှာ ချောက်တီးချောက်ချက် တိုက်ပွဲကလေးများ ကျင်းပရုံနှင့် ပြီးမြောက်နိုင်၏ဟုမဆိုသာ။ မြန်မာတိုင်းရင်းသားထဲမှ သီးစားလုပ်သူနှင့် လယ်ပိုင်ရှင်တို့ဘဝမှာ စာနာကြည့်လျှင် ပိန်မသာလိမ်မသာပင် ဖြစ်လေသည်။

နောက်ကြောင်းကို ပြန်ကြည့်လျှင် ကျွန်ုပ်တို့နိုင်ငံ၌ သူတစ်ပါးလယ်ကိုငှား၍ သီးစားလုပ်သူတို့သာမက မိမိလယ်ကို မိမိပိုင်၍ မိမိကိုယ်တိုင်လုပ်သော လယ်သမားတို့သည်ပင်လျှင် ဆင်းဆင်းရဲရဲဘဝမှ မတက်နိုင်ခဲ့ကြလေ။ ဤအချက်နှင့် ပတ်သက်၍ ယခင်အခန်းများတွင် ဟံသာဝတီ၊ သုံးခွ၊ တွံတေး၊ ကွမ်းခြံကုန်း စသောနယ်များမှ လယ်သမားတို့၏ နှစ်ချုပ်စာရင်းကို စစ်ကြည့်လိုက်သော် အမြတ်ဟူ၍ မည်မည်ရရမရှိဘဲ အရှုံးသာပေါ်ခဲ့ရပုံကို ပြဆိုခဲ့ပြီ။ ဤသည်ကိုထောက်၍ လယ်သမားမှန်က သီးစားဖြစ်ဖြစ်၊ လယ်ပိုင်ဖြစ်ဖြစ် ကြွေးမကင်းသည့်သဘောကို နားလည်သင့်ပေပြီ။

mgyoe.com

mgyoe.com


လယ်သမားတို့အဖို့ ကြွေးမြီသာလျှင် ပြဿနာတစ်ရပ်မဟုတ်၊ အခြားခြားသော ပြဿနာများလည်း ရှိသေးသည်။ လယ်သမားတို့၏ အခက်အခဲကို မစ္စတာဘင်းန်စ်[၆၁] က အောက်ပါအတိုင်း ပြဆိုခဲ့သည်။ ထိုပြဆိုခဲ့သော အန္တရာယ်တို့ကို ယနေ့ လယ်သမားတို့လည်း ရင်ဆိုင်လျက်ပင် ရှိနေသေးသည်။ ထိုအန္တရာယ်တို့မှာ–

(၁) ရာသီဥတုနှင့် သဘာဝအန္တရာယ်များ။ ဥပမာ၊ ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ခြင်း။

(၂) ကျိုးပေါက်၍ ဆားငန်ရေဝင်ခြင်း၊ ရေစားခြင်း၊ ပိုးကိုက်ခြင်းစသောအန္တရာယ်။

(၃) မြန်မာနိုင်ငံရှိ စားသုံးကုန်ဈေးကို ကမ္ဘာ့ဈေးကြီးများက ချုပ်ကိုင် ခြယ်လှယ်ထားသဖြင့် မြန်မာပြည်တွင်း၌ အရေးကြီးစားသုံးကုန်တို့ ဈေးအတက်အကျ ရှိနေခြင်း အန္တရာယ်။ (ဤအန္တရာယ်ကို အစိုးရက ဈေးနှုန်းများ ကြီးကြပ်သတ်မှတ်ခြင်း၊ ပြည်သူ့ထောက်ပံ့ရေးဌာန ဖွင့်လှစ်ပေးခြင်း၊ သမဝါယမစနစ်ကို ထူထောင်ပေးခြင်းတို့ဖြင့် ပြန်လည်ခုခံ တိုက်ဖျက်နေသည် မှန်သော်လည်း နိုင်ငံခြား အမြတ်ကြီးစား ခြယ်လှယ်သူများ၏ နေရာတွင် တိုင်းရင်းသား နိုင်ငံရေး ဖြတ်စားလျှပ်စားတို့ ရောက်ရှိနေပုံကို တောင်သူလယ်သမားများက တွေ့မြင်နေကြရပြီ။ အစိုးရသည် အဓိက အန္တရာယ်ကို တိုက်ဖျက်နေရင်းမှ အဆွယ်အပွား အန္တရာယ်ကိုပါ တိုက်ဖျက်နေရသည်။)

(၄) စပါးရောင်းရာ၌ အခက်အခဲ တွေ့ရခြင်း။ (ယခုလည်း ဤအခက်အခဲကို တွေ့နေရဆဲပင်ဖြစ်သည်။ ယခင်က အခက်အခဲမှာ အသွင်တစ်မျိုးဖြစ်၍ ယခု အခက်အခဲမှာလည်း အသွင်တစ်ဖုံပင် ဖြစ်သည်။ ယခင်က နိုင်ငံခြား အဝယ်တော်များက စပါးဈေးနှင့် လယ်သမားကို အကျပ်ကိုင်ကာလည်မျိုဖျစ်၍ ညှဥ်းပန်းသည်။ ယခုအခါမူ ဤညှဥ်းပန်းမှုမရှိဟု ဆိုရစေကာမူ လက်တွေ့၌ လယ်သမား လက်လှမ်း

(၆၁) Mr. B. O. Binns.

mgyoe.com

mgyoe.com


မိရာ အရပ်တွင် စပါးဒိုင် မရှိခြင်း၊ စပါးဒိုင် ရှိရာအရပ်တွင် ကုန်ရောင်း ကုန်ဝယ်သဘော ငွေထုတ်ရာ၌ ခက်ခဲ နှောင့်နှေးခြင်း၊ လယ်သမား အဖွဲ့အစည်းထဲတွင် မသမာသူများက ဝင်ရောက် ခြယ်လှယ် ခေါင်းပုံဖြတ်ခြင်း စသော ကိစ္စများကို လယ်သမားတို့သည် ရင်ဆိုင်လျက်ရှိဆဲပင်။)

(၅) စပါးခြင်သည့် တင်းမှာ စံနမူနာအမျိုးမျိုး ကွဲပြားခြားနားနေခြင်း။ (ယခုအခါ စပါးဝယ်သူအစိုးရက ပေါင်ချိန်ကို အဓိကထားလေရာ၊ စံတင်း ပြဿနာသည် အရာမရောက်ဟု ဆိုရန် ရှိသည်။ သို့သော် စံတင်းတို့ကို ဒေသအလိုက် တစ်မျိုးတစ်ဖုံတည်း ညှိရန်လိုနေသည်။)

(၆) ကျွဲနွားသေကျေပျက်စီး၍ လည်းကောင်း၊ မိုးဘေးသင့်၍ လည်းကောင်း အရင်းဝင် ပစ္စည်းများဆုံးပါးခြင်း။ (ဤခေတ်၌ ထိုထက် ဆိုးနေသည်။ သောင်းကျန်းမှုကြောင့် တောင်သူလယ်သမားတို့၏ အရင်းဝင်ပစ္စည်းများ ဆုံးရှုံးသည်မှာ မှတ်တမ်းမတင်နိုင်ကြ၍သာ အများမသိ ဖြစ်သည်။ လက်တွေ့၌ကား ခံရပုံမှာ တစ်သက်တာတွင် မေ့လောက်စရာ မရှိချေ။)

(၇) လက်လုပ်လက်စားတို့ နာဖျားမကျန်းရှိ၍ အလုပ်ပျက်ခြင်း။

(၈) တစ်သီးသာစားရသော လယ်မြေအပေါ်တွင် မှီခိုနေရခြင်း။

(၉) စပါးဈေး အတက်အကျ ရှိစေကာမူ အခွန်တော်နှင့် သီးစားခနှုန်းမှာ ပုံသေကန့်သတ်ထားခြင်း။ (ဤအခက်အခဲမျိုးမှာ ယခုခေတ်၌ မရှိတော့ဟု ဆိုရမည်။)

အထက်ပါ ပြဿနာကိုးရပ်ကို ဖြေရှင်းနိုင်မှသာ တောင်သူလယ်သမားတို့ သက်သာချောင်ချိလာပေမည်။

ထိုမှတစ်ပါးလည်း မြန်မာနိုင်ငံရှိ လယ်သမားတို့ ကြွေးတင် ကျွန်ဖြစ်ရခြင်း၏ အကြောင်းကို ၁၉၂၉–၃၀ ခုနှစ်က ထွက်လာသော မြန်မာနိုင်ငံ ဘဏ်လုပ်ငန်း အစီအရင်ခံစာ[၆၂] အရ အောက်ပါ အကြောင်းတရား လေးပါးကြောင့်ဟု သိရပြန်သည်။

---

(၆၂) The Burma Provincial Banking Enquiry Committee.

mgyoe.com

(၁) နိုင်ငံခြားသို့ ဆန်တင်ပို့ ရောင်းချသော လုပ်ငန်းပေါ်လာသည့် အခိုက်တွင် ဝမ်းစာဖူလုံမှု လယ်ယာစီးပွားရေးစနစ်မှသည် ငွေကြေးကို မူတည်သော စီးပွားရေးစနစ်သို့ ပြောင်းလာခဲ့သဖြင့် ထိုအပြောင်းအလွဲဒဏ်ကြောင့် ကြွေးမြီ ထူထပ်လာခြင်း။

(၂) လယ်ယာတိုးချဲ့လုပ်ကိုင်သောခေတ်၌ မြေအတွက် ငွေရင်းမြှုပ်နှံသောကြောင့် ကြွေးမြီတင်ခြင်း။

(၃) အရင်းအနှီး မြှုပ်နှံရာတွင် ကျွဲနွားနှင့် လယ်ထွန်ကိရိယာတို့ကို နှစ်စဉ် ရင်းစား ပြန်၍ ထည့်နိုင်ရန် အလို့ငှာ ငွေရင်းကို ကြိုတင်၍ သီးသန့် ဖယ်မထားနိုင်သောကြောင့် ကြွေးတင်ခြင်း။

(၄) ချေးယူသောငွေကို လယ်ယာအတွက် မဟုတ်ဘဲ အခြား မဆိုင်သည်တို့၌ သုံးစွဲတတ်သော ဓလေ့ကြောင့် ကြွေးထပ်တင်ခြင်း။

ဤသို့ ကြွေးမြီထူထပ်ရခြင်း ပြဿနာသည် တောင်သူလယ်သမား၏ ဘဝတွင် ထုံးစံပမာ ဖြစ်နေရာ၊ ယခင်အခန်းများတွင် ပြဆိုခဲ့သော အစိုးရ၏ ငွေချေးစနစ်သည် အရာမရောက် ဖြစ်ခဲ့သည်။ အစိုးရဟူသည် ကိန်းကြီးခန်းကြီး လုပ်တတ်သော သဘောရှိသဖြင့် ပုဂ္ဂလိကပိုင် ငွေချေးလုပ်ငန်းသည် သာလျှင် ပိုမိုထွန်းကားခဲ့သည်။ သို့သော် ထိုပုဂ္ဂလိကပိုင် ငွေချေးလုပ်ငန်းသည် လူမှုဖွဲ့စည်းရေးတစ်ရပ်လုံးကို ဆန့်ကျင်ဘက်ပြုသောစနစ် ဖြစ်နေပြန်သည်။ ထို့ကြောင့် အစိုးရက တစ်ဖန် ငွေချေးခြင်းကိစ္စနှင့် ပတ်သက်၍၊ ပညတ်ချက်များဖြင့် ဥပဒေထုတ်ကာ တောင်သူလယ်သမား အကျိုးကို ကာကွယ်ပေးခဲ့ရှာသည်။ သို့ပါသော်လည်း ဥပဒေတို့ကို လက်တွေ့ကျင့်သုံးရာ၌ လယ်သမားတို့သည် ခံသည့်ဘက်ကချည်း နေခဲ့ရသည်။ ဤအချက်တို့ကို ယခင်က ဆွေးနွေးတင်ပြပြီးဖြစ်၍ သဘောပေါက်ကြပြီဟု ကျွန်တော် ယူဆလိုပါသည်။

အစိုးရ၏ငွေချေးခြင်း (အမတော်ကြေး) စနစ်ကလည်း မလုံလောက်၊ ပုဂ္ဂလိက ငွေချေးစားသူတို့ကလည်း မမျှတ၊ ဤအချက်ကို ခံတိုက်ရန် ဘာကို လုပ်ရမည်နည်း။ လယ်သမားတို့၏ ငွေရင်းထူထောင်ပေးရန်လုပ်ငန်းကို ကုန်

mgyoe.com

စည်ကူးသန်း ရောင်းဝယ်ရေးဆိုင်ရာ ဘဏ်တို့ကလည်း လုပ်မပေးနိုင်။ ပုဂ္ဂလိက ငွေချေးသမားတို့ကလည်း အတိုးအညွန့်စားအား ကြီးသည်။ ထို့ကြောင့် ထိုပြဿနာကို ဖြေရှင်းရန်မှာ သမဝါယမစနစ်သာ ဖြစ်သည်ဟု ဗြိတိသျှ အုပ်ချုပ်ရေးသမားတို့က ယူဆကြသည်။ ထိုသည်မှစ၍ သမဝါယမဟူသော စကားမှာ လူတို့၏နှုတ်ဖျားတွင် သီး၍လာပြန်သည်။

သမဝါယမ စနစ်၏မူလကို စေ့ငှရှာဖွေသော်၊ အထက်က ကျွန်တော် ပြဆိုခဲ့သော သဘောကြောင့်ချည်း မဟုတ်ချေ။ အမှန်မှာ ခရစ်နှစ် ၁၉၀၀–၀၁ လောက်တွင် အိန္ဒိယပြည်၌ ဒုဗ္ဘိက္ခန္တရ ကပ်ဆိုက်ခဲ့သည်။ ထိုအခါ အိန္ဒိယပြည် ဒုဗ္ဘိက္ခန္တရ စုံစမ်းရေးကော်မရှင်ဟု ဖွဲ့စည်းသည်။ ထိုကော်မရှင်က ကပ်ဆိုက်သူတို့ကို ပြန်လည် နေရာချထားရေး၊ ထူထောင်ပေးရေး စသည့် ကယ်ဆယ်ရေးလုပ်ငန်းကို လုပ်သည့်အခါ ငွေရှိသူက ငွေမရှိသူကို ပြည်သူလူထု အချင်းချင်း ကူညီစောင်မသောအားဖြင့် ငွေချေးရန် စနစ်တစ်ရပ်ကို မြင်လာသည်။ အမှန်မှာ ဤနည်းသည် ထမင်းရေပူလာ လျှာလွှဲနည်း ဖြစ်သည်။ သို့သော် အိန္ဒိယအစိုးရက တာဝန်ရှောင်လွှဲသောအလုပ်ကို လုပ်လိုက်ခြင်းကြောင့် ၁၉၀၄ ခုနှစ်တွင် သမဝါယမအသင်း အက်ဥပဒေဟု ပေါ်ထွက်လာခဲ့ပေသည်။ ဥပဒေထဲတွင် မူလက ငွေချေးမှုကိုသာ အဓိကထား၍ ငွေစုဆောင်းခြင်း၏သဘောကို များစွာ အရာမသွင်းခဲ့ချေ။ ငွေချေးရာ၌လည်း လယ်ယာလုပ်ကိုင်ရန်အတွက်သာ ချေးရန် ဖြစ်လေသည်။

သမဝါယမစနစ် ပေါ်လာခြင်းသည် ပြည်သူလူထု ကိုယ်တိုင်က လိုလိုချင်ချင်ရှိသောဆန္ဒကြောင့် ပေါ်လာခဲ့သည်မဟုတ်၊ အနောက်နိုင်ငံ၌ ပေါ်ပေါက်သော သမဝါယမစနစ်မှာ လူထုဆန္ဒအလျောက် ဖြစ်ထွန်းသောစနစ်ဖြစ်၏။ ယခု မြန်မာပြည် အပါအဝင် အိန္ဒိယပြည်၌ ပေါ်ပေါက်လာသောစနစ်မှာ အစိုးရက ဆော်ဩ၍သာ ပေါ်လာသောစနစ် ဖြစ်သည်။ ထို့ကြောင့်လည်း အများပြည်သူတို့က စိတ်မဝင်စားချေ။ ကောင်းပင် ကောင်းသော်လည်း ကောင်းမှန်းမသိတတ်သော သူတို့၏လက်ဝယ် အကောင်းသည် ဘာအဓိပ္ပာယ်မျှ ရှိသည်မဟုတ်။ ထို့ကြောင့် သဘာဝအလျောက် တိုးတက်ဖြစ်ထွန်းလာခြင်း မဟုတ်ချေရကား သမဝါယမသဘောကို လူထုလက်ခံနိုင်ရန် အစိုးရသည် ဌာနတစ်ခုသတ်သတ်ဖွင့်၍ ပေါ်လစီအသစ်ကို အသက်သွင်းနိုင်ရန် ကြိုးပမ်းခဲ့ကြရသည်။

mgyoe.com

mgyoe.com

သို့ရာတွင် ထိုဌာနသည် ပေါလစီအသစ်ကို ကာယကံမြောက် အကောင်အထည်ဖော်ရေး၌ ဘာမျှ ဗဟုသုတ မပြည့်စုံချေ။ ထိုအခါ အိန္ဒိယပြည်၏ အခြေအနေမှာ များစွာ အောက်ကျနောက်ကျ ဖြစ်နေသည်။ သမဝါယမသဘောသည် အိန္ဒိယပြည်တွင် အနောက်နိုင်ငံများ၌ကဲ့သို့ အမြစ်မတွယ်သေး။ မိမိတို့အတွက်သာ မိမိကြိုးပမ်းတတ်သော အိန္ဒိယပြည်သူ ဆင်းရဲသားအဖို့ စုပေါင်းလုပ်ဆောင်မှုကို လက်ခံအောင် များစွာ ဝါဒဖြန့်ဖို့ လိုနေခဲ့သည်။

ထိုသမဝါယမစနစ်မှာ အိန္ဒိယပြည် ဒုဗ္ဘိက္ခန္တရဘေးကို အကြောင်းပြု၍ ပေါ်ထွန်းလာခဲ့လေရာ၊ အိန္ဒိယဗဟိုအစိုးရသည် အငတ်ဘေးမှကင်းသော မြန်မာပြည်အတွက်ကိုမူ ထည့်သွင်း စဉ်းစားခဲ့ဟန်မတူချေ။ သို့ရာတွင် အိန္ဒိယပြည်အကျိုးငှာ လုပ်သောအလုပ်သည် မြန်မာနိုင်ငံအတွက်လည်း အကျိုးဖြစ်ထွန်းစေသင့်သည်ဟူသော အာသီသဖြင့် ထိုခေတ်က လက်ဖတင်နင်ဂေါ်ဝေါ်နာဘုရင်ခံသည် သမဝါယမစနစ်ကို အထက်မြန်မာနိုင်ငံတွင် စတင်လုပ်ဆောင်စေခဲ့သည်။

သို့ပါသော်လည်း လယ်ယာစိုက်ပျိုး လုပ်ကိုင်မှုအတွက် ငွေချေးငှားရန် ဖွဲ့စည်းသော အသင်းမျိုး မလိုအပ်ကြောင်း၊ ထိုကိစ္စအလို့ငှာ ရှိရင်းစွဲ ငွေချေးစားသူတို့နှင့်ပင် လုံလောက်ကြောင်း ဟူ၍ သမဝါယမ ငွေစုငွေချေးအသင်း မှတ်ပုံတင်အရာက ယူဆခဲ့သည်။ [၆၃]

ယင်းကဲ့သို့ သမဝါယမစနစ်ကို မလိုဒ္ဒိဟ သံသယ ဖြစ်နေကြသည့် အကြားထဲမှ မြန်မာနိုင်ငံတွင် သမဝါယမ အရေးတော်ပုံမှာ အတော်ပင် အောင်မြင်ခဲ့သည်ကို အောက်ပါစာရင်းနှင့် သိသာနိုင်သည်။

| နှစ် | သမဝါယမအသင်းဦးရေ |
|---|---|
| ၁၉၁၅ | ၁,၂၅၂ |
| ၁၉၂၀ | ၃,၃၁၉ |
| ၁၉၂၅ | ၄,၀၅၇ |

သို့ရာတွင် ၁၉၂၅ ခုမှ ရှေ့သို့မျှော်လိုက်သော် သမဝါယမလုပ်ငန်းတွင် တာဝန်ခံအရာရှိတို့၏ အရည်အချင်း ပျက်ကွက်မှုနှင့် လူထု၏ မသိ

(၆၃) Report of the Committee on Co-operation in Burma, 1928-29.

mgyoe.com

mgyoe.com


နားမလည်မှု၊ မတိုးတက်မှုတို့ကြောင့် သမဝါယမစနစ်မှာ ဆုတ်ယုတ်ခဲ့ရပြန်သည်။ ၁၉၃၅ ခုနှစ်၌ အသင်းပေါင်း ၁,၃၇၁ မျှသာရှိ၍ ၁၉၃၇ ခုနှစ်၌မူ အသင်းပေါင်း ၁,၄၈၅ အထိ တိုးလာခဲ့ပြန်သည်။ သို့သော် များစွာသော အသင်းတို့ကိုမူကား ဖျက်သိမ်းလိုက်ရလေသည်။

mgyoe.com

mgyoe.com

## (၆)

ဤဆောင်းပါးအလို့ငှာ သမဝါယမ ငွေစုငွေချေးအသင်းတို့၏ အခြင်းအရာ အသေးစိတ်တို့ကို အကျယ်ချဲ့၍ပြဆိုရန် ကျွန်တော့်၌ အာသီသမရှိချေ။ သို့ ရာတွင် ဗြိတိသျှအုပ်ချုပ်ရေး အဆက်ဆက်တို့တွင် တောင်သူလယ်သမားတို့ ငွေပင်ငွေရင်း "ငတ်ပြတ်" နေရသည့်ပြဿနာကို သမဝါယမစနစ်နှင့် ဖြေရှင်း ရန် လုံ့လထုတ်ခဲ့သည်များရှိနေသဖြင့် လယ်ယာမြေနှင့် ပတ်သက်သမျှသော သမဝါယမစနစ်၏ အောင်မြင်မှု မအောင်မြင်မှုတို့ကို ပြဆိုရဦးမည် ဖြစ်သည်။

တောင်သူလယ်သမားတို့ လက်ထဲတွင် လယ်လုပ်ရန် ငွေပင်ငွေရင်း မြုပ်နှံစရာ မည်မည်ရရ ဘာမျှမရှိသည့်အထဲတွင် အတိုးအညွန့်ကြီးသဖြင့် မြေကျွန်ယာကျွန် ဖြစ်ရသော သဘာဝမှာ ကျွန်တော်တို့ မြန်မာနိုင်ငံတစ်နိုင်ငံ အတွက်သာကွက်၍ ပေါ်လာသောပြဿနာ မဟုတ်ချေ။ ကမ္ဘာပေါ်ရှိ လယ် ယာစိုက်ပျိုးရေးကိုသာ မှီခိုရပြီး မဖွံ့မဖြိုးရှိနေသော နိုင်ငံတိုင်း၌ ဤပြဿနာ ကို အစိုးရရော လူထုပါ ရင်ဆိုင်ရလေသည်။

လယ်သမားအတွက် ငွေရင်းမရှိခြင်း အကြောင်းသည်ပင်လျှင် နိုင်ငံ တစ်နိုင်ငံ၏ ဆင်းရဲခြင်းအကြောင်း ဖြစ်ပေသည်။ စင်စစ် ငွေရင်းမရှိ၍ ဆင်းရဲ ၏။ ဆင်းရဲ၍ ငွေရင်းမရှိ ဖြစ်ရ၏။ ထို့ကြောင့် ငွေရင်းမရှိခြင်းသဘောသည် ဖြစ်သမျှသော အကြောင်းရောအကျိုးပါ ဒွန်တွဲ၍ ပြနေလေသည်။

ငွေရင်းမဲ့ရပုံကို ကြည့်ပြန်သော် ကုန်သည်တို့အတွက် ငွေပင်ငွေရင်း အလို့ငှာ ထုတ်ချေးသောဘဏ်များ ရှိသော်လည်း၊ ကုန်သည်တို့၌ အမြတ် ဖြစ်ထွန်းရာ ဖြစ်ထွန်းကြောင်းဖြစ်သည့် တောင်သူလယ်သမား လက်လုပ် လက်စားများအတွက် မြေတစ်လက်ဝါးစာကို တီထွင်လုပ်ကိုင်နိုင်ရန် ငွေရင်း ထုတ်ချေးသောဘဏ်များ မရှိခြင်းကြောင့် ဖြစ်သည်ဟု တွေ့ရလိမ့်မည်။

mgyoe.com

mgyoe.com


ဤအချက်ကို ပြုပြင်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရသည် လယ်ယာစိုက်ပျိုးရေးဘဏ်များ ဖွင့်လှစ်ရန် စီစဉ်လျက်ရှိလေသည်။

စက်မှုလက်မှုနိုင်ငံတို့တွင် ရှိရင်းစွဲဘဏ်စနစ်မှာ စက်မှုလက်မှုနှင့်ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းကြီးများ အတွက်သာလျှင်ဖြစ်၏။ လယ်ယာစိုက်ပျိုးရေး ဆိုင်ရာအတွက် ငွေရင်းစိုက်ထုတ်ပေးသည့် ကိစ္စတို့ကိုကြည့်ပြန်လျှင် ရော်ဘာခြံကြီးများ၊ ကြံစိုက်ပျိုးရန် ဂရန်မြေများ၊ လယ်ယာကိစ္စအတွက် တစ်ဦးတည်းပိုင် ပတ္တာမြေများ စသဖြင့် မြေရှင် အရင်းရှင်တို့အတွက်သာလျှင် ဘဏ်များက ထုတ်ချေးလေ့ရှိကြသည်။ တောင်သူလယ်သမား အငယ်စားတို့အတွက်ကား (၁) ကုန်ထုတ်သူ လူဦးရေမှာ တသီးတခြားအားဖြင့် များပြားသောကြောင့် ငွေထုတ်ချေးရာ၌ ကရိကထများခြင်း၊ (၂) ကုန်ထုတ်လုပ်သူ၌ ယေဘုယျအားဖြင့် အရင်းအနှီးပစ္စည်း ပြည့်ပြည့်စုံစုံ မရှိသောကြောင့် ၎င်းတို့ထံမှ အမြတ်အစွန်း မျှော်လင့်ဖွယ်များစွာ မရှိခြင်း၊ (၃) လူတစ်ကိုယ်လျှင် လိုအင်ဆန္ဒအမျိုးမျိုး ဖြစ်နေရာ ဘဏ်တိုက်ကြီးတို့က တောင်သူလယ်သမားတို့၏အလိုကို အသေးစိတ် မလိုက်နိုင်ခြင်း စသည့် အကြောင်းများကြောင့် လယ်ယာကိစ္စ ထုတ်ချေးငွေများကို ဘဏ်တို့က ထုတ်ချေးရန် ခဲယဉ်းသည်။ ထို့ပြင်လည်း လယ်ယာလုပ်ကိုင်ရသည့် အချိန်ကာလမှာ အလွန်ကြာမြင့် တတ်ရကား ကူးသန်းရောင်းဝယ်ရေးဘဏ်တို့က တစ်လမှ သုံးလအထိ အတွက်သာ ကြိုတင် ငွေထုတ်ပေးသောစနစ်နှင့် အလုပ်လုပ်နေရာတွင် တစ်မိုး တစ်နွေမက ကြာမြင့်အောင် ငွေ "လှည့်" ရန် မစောင့်ဆိုင်းလိုကြချေ။ တောင်သူလယ်သမားအနေနှင့် ကြည့်လျှင် လူတစ်ကိုယ်လျှင် အလိုတစ်မျိုးစီသာ ရှိကြရမည် ဖြစ်သည်။ အချို့က တစ်နှစ်တစ်ကြိမ်ဆပ် ကာလတိုတိုအတွက် ငွေချေးကြရသည်။ အချို့မှာကား လယ်မြေပြုပြင်ရေး၊ ကျွဲနွား မွေးမြူရေး စသည်တို့အတွက် သုံးနှစ်မှ ငါးနှစ်ထိ ဆိုသလို ကာလ မရှည်မတိုငွေချေးလိုသောဆန္ဒ ရှိသည်။ အချို့ကား လယ်ယာချောင်းမြောင်း တိုးပွားအောင် လုပ်ဆောင်မှုအတွက် ဆယ်နှစ် အနှစ် နှစ်ဆယ် အရင်းစိုက်ထားရန်ကာလရှည်ရှည် ငွေချေးလိုကြသည်။ ကာလရှည်ရှည် ငွေချေးရန်ကိစ္စတို့၌ကူးသန်းရောင်းဝယ်ရေး ဘဏ်များသည် သူတို့၏ အခြေအနေအရ စိတ်မပါနိုင်ကြချေ။

ထို့ကြောင့် တောင်သူလယ်သမား အငယ်စားများအတွက် ငွေပင်

mgyoe.com

mgyoe.com

ငွေရင်း တည်ထောင်ပေးရန် ကိစ္စတွင် ငွေချေးရန် အထူးဌာနများ လိုအပ်လှပေသည်။

အာရှတစ်ခွင်နှင့် အရှေ့အလယ်ပိုင်း ဒေသတို့တွင်ရှိသော တောင်သူလယ်သမားများအဖို့ ငွေချေးရာဌာန သုံးရပ်ရှိသည်။ ၎င်းတို့မှာ တရုတ်ကုန်စုံဆိုင်၊ ကုလားအထည်ဆိုင် စသော ဆိုင်ကလေးများမှ စပါးပေးစနစ်နှင့် အလားတူစနစ်များအရ ချေးယူခြင်း၊ မြေရှင်ထံမှ အပေါင်ထား၍ဖြစ်စေ၊ အလွတ်ဖြစ်စေ ချေးယူရခြင်းနှင့် ချစ်တီးစသော "ငွေပွဲစား" ငွေချေးစားသူတို့ထံမှ ချေးယူရခြင်း စသဖြင့် ရှိလေသည်။

ထိုငွေချေးနည်းတို့တွင် အတိုးအညွှန့်အမျိုးမျိုး ရှိလေသည်။ အပေါင်ဆိုင်တိုး၊ တစ်လလျှင် ငွေတစ်ကျပ်အတွက် တစ်ပဲတိုး သဘောမျိုးမှသည် ငွေတစ်ရာလျှင် တစ်လအတွက် တစ်ဆယ်တိုးမက ကျသင့်သော စပါးပေးသဘောမျိုးအထိ ရှိလေသည်။ အခြားတိုင်းပြည်တို့နှင့် နှိုင်းယှဉ်ကြည့်နိုင်ရန် ပြရမည်ဆိုလျှင် အောက်ပါအတိုင်း[၆၄] ဖြစ်လေသည်။

အိန္ဒိယပြည်၌ ငွေတစ်ရာ၊ တစ်နှစ်လျှင် ၁၅ တိုးမှသည် ၅၀ အထိ ရှိသည်။ ၎င်းမှာ အပေါင်ထားသော ချေးငွေဖြစ်သည်။ အလွတ်ချေးလျှင် တစ်နှစ်အတွက် အတိုးမှာ ငွေတစ်ရာလျှင် ၁၀၀ မှသည် ၂၅၀ အထိ ရှိပေသည်။

၁၉၃၄ ခုနှစ်၌ တရုတ်ပြည်တွင် အမျိုးသား လယ်ယာစိုက်ပျိုးရေး သုတေသနဗျူရို[၆၅] ဟူ၍ ရှိခဲ့သည်။ ထိုဗျူရို၏ စုံစမ်းချက် အစီရင်ခံစာအရမှာ တောင်သူလယ်သမားများအနက် ၂၄ ရာခိုင်နှုန်းသော သူတို့သည် တစ်နှစ်အတွက် ငွေတစ်ရာလျှင် အတိုး ၄၀ နှုန်းအထက် ပေးရသည်။ ရာခိုင်နှုန်း ၃၀ သော သူတို့မှာ အတိုး ၂၀ မှ ၃၀ နှုန်းအထိ ပေးရသည်။ ကျန်သူတို့မှာ အတိုးနှုန်း ၂၀ အောက်ဖြစ်သည်။

အတိုးနှုန်း ဟူသည်မှာ ငွေချေးစားသူ၏ အရင်းအနှီးအပေါ်၌လည်း တည်လေသည်။ အရင်းအနှီးများ၍ အတိုးအညွှန့်ဖြင့် အမြတ်ကြွယ်နေသော ချစ်တီးသည် အတိုးကို လျှော့နိုင်မည်ဖြစ်သော်လည်း၊ ၎င်းထက် အဆင့်အတန်းနိမ့်သူ ချစ်တီးမှာ မြန်မြန်သူဌေးဖြစ်အောင် အတိုးကို ပို၍ ချတတ်

(၆၄) Land Reform — a United Nations Publication, 1951.

(၆၅) National Agricultural Research Bureau.

mgyoe.com

m gyoe.com

သည်။ ဤအချက်ကို ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့သည်ပင်လျှင် အစီရင်ခံထားပေသည်။[၆၆]

လယ်ယာစိုက်ပျိုးမှုအတွက် ဆီလျော်အောင် စီမံခန့်ခွဲထားသော ငွေချေးစနစ်မှာ (၁) အစိုးရက မတည်ပေးသော ငွေရင်းနှင့် တည်ထောင်သည့် ငွေချေးအဖွဲ့ဘဏ်များနှင့် (၂) ယခု ကျွန်တော် ညွှန်ပြခဲ့ပြီးသော သမဝါယမ ငွေစုငွေချေးအသင်းများ ဖြစ်ပေသည်။

အထက်ပါ ငွေချေးဌာန နှစ်မျိုးစလုံး၌ အောင်မြင်သည်လည်း ရှိ၏။ မအောင်မြင်သည်လည်းရှိ၏။ မအောင်မြင်သည့်အချက်တို့ကို ကြည့်လျှင် ကျွန်တော် ရှေ့၌ ပြလတ္တံ့သော မြန်မာနိုင်ငံ သမဝါယမ ငွေစုငွေချေးအသင်းတို့၌ တွေ့ရသည့် ချွတ်ယွင်းချက်များအတိုင်းပင် ဖြစ်သည်။ ထိုအချက်တို့အနက် အရေးကြီးသော အချက်မှာ သမဝါယမ အသင်းတို့သည် မိမိတို့ ဆက်ဆံနေရသော တောင်သူလယ်သမား လူထုနှင့် ကင်းကွာသွားသော အချက် ဖြစ်လေသည်။ ဤအချက်ကိုလည်း ကုလသမဂ္ဂက အစီရင်ခံသော လယ်ယာမြေစနစ် ပြုပြင်ရေး စာအုပ်တွင် အတိအလင်း ဖော်ပြထားပေသည်။

အစိုးရက တည်ထောင်၍ ငွေထုတ်ချေးသော လယ်ယာစိုက်ပျိုးရေး ဘဏ်တို့တွင် ၁၉၃၁ ခုနှစ်၌ တည်ထောင်သော အီဂျစ်ပြည် လယ်ယာစိုက်ပျိုးရေးဘဏ်[၆၇] မှာ အတော်ပင် အောင်မြင်ကြောင်းနှင့် ၁၉၃၈ ခုနှစ် မြေနှင့် လယ်ယာစိုက်ပျိုးရေး ကော်မတီက အမှတ်တင်ထားလေသည်။ ထိုဘဏ်သည် ကာလတို ၁၄ လအတွက် ထုတ်ချေးသောနည်း၊ ကာလ မတိုမရှည် ၁၀ နှစ်တာအတွက် ထုတ်ချေးသောနည်း၊ ကာလရှည် အနှစ် ၂၀ အတွက် ထုတ်ချေးသောနည်း စသဖြင့် လယ်သမားတို့၏ လိုအင်ဆန္ဒအသီးသီးကို ဖြည့်စွမ်းနိုင်ခဲ့သည်။ ထိုဘဏ်ကို အစိုးရက ကူးသန်းရောင်းဝယ်ရေး ဘဏ်နှစ်ခုနှင့် ပေါင်း၍ ထူထောင်ပေးခြင်း ဖြစ်သည်။ ထိုဘဏ်ကြောင့် ကျေးလက်တောရွာတို့တွင် အတိုးကြီးစား ငွေချေးသမားတို့ မတိုးနိုင်ဖြစ်ခဲ့သည်။ ထိုဘဏ်၏လုပ်ဆောင်နည်းတစ်ရပ်တွင် ငွေရင်းနှင့် အတိုးတို့ကို အစိုးရ အခွန်တော်ဌာန အရာရှိအရာခံတို့က ကောက်ခံပေးရခြင်းအလုပ်သည် အပါအဝင် ဖြစ်လေရာ၊ မြန်မာနိုင်ငံရှိ သမဝါယမ ငွေစုငွေချေးအသင်းနှင့် ဘဏ်တို့တွင်

---

(၆၆) Agricultural Credit for Small Farmers – on FAO Publication.

(၆၇) Banque du Credit Agricole d'Egypte.

mgyoe.com